In partnership with

# မျိုးဆက်သစ်မြန်မာ



မြန်မာ

၂၀၁၉ ခုနှစ် မေလ



# ကျေးဇူးတင်လွှာ


**Senior Adviser:**
André Kahlmeyer

**Lead Researcher:**
Morten Nygaard Christensen

**Co-author:**
Joseph Gayeski

**British Council**

Tin Tin Mar, Project Manager

Myo Ko Ko Oo, Head of Communications, Myanmar

Matthew Sheader, Director Contracts and Partnerships, Myanmar

Richard Sunderland, Director Myanmar

Christine Wilson, Head of Research/ Director, Next Generation

Mi Mi Myo Win, Head of Programmes, Myanmar

**VSO**

Joyce Laker, Country Director

May Thu Ne Win, Gender and Social Inclusion Programme Manager

Ben Williams, Education Programme Manager

**Task force**

Arkar Soe
Zayar Tun
Thinzar Aye
Maung Maung Pyae Zone
Nant Thazin Min
Phyoe Phyoe Aung
Tun Myo Maung
Zar Ni
Kyaw Moe Tun
Dr Sai Khaing Myo Tun
Nyein Zarni Naing
Kyaw Zin Htike
Saw Tun Tun
Thizar Linn Htet
Nant Chit Su Lwin
Hayman Pwint Oo
Ye Yint Naung
Sei Gin
Saw Gipsy
Mr Shine
Min Thant Mg Mg
Aung Ko Htet
Kyaw Kyaw Oo
Dr Zayyar Swe
Dr Hnin Kalyar Kyaw
Thinzar Shun Lei Yi



# မာတိကာ


> **အမှာစာ** **2**

> **အကျဉ်းချုပ် ခြုံငုံဖော်ပြချက်** **4**
ဘဝ အခွင့်အလမ်းနှင့် မျှော်မှန်းချက်များ 4
တန်ဖိုးထားမှုများ၊ ကိုယ်ပိုင်သရုပ်လက္ခဏာများ 4
လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု 4
အဖွဲ့အစည်းများအပေါ် သဘောထား 4
အပြောင်းအလဲကာလ မြန်မာ 5
ကမ္ဘာ့အလယ်က မြန်မာ 5
အကြံပြုချက်များ 5

> **နိဒါန်း** **6**

> **အခန်း (၁) မြန်မာလူငယ် - လက်ရှိသုတေသနနှင့်တကွ ကျန်ရှိနေဆဲ မေးခွန်းများ** **8**
စာပေနှင့်ပညာရပ်ဆိုင်ရာ လေ့လာသုံးသပ်ချက် 8
လက်ရှိသုတေသနများ၏ အကန့်အသတ်များ 9
သုတေသနမေးခွန်းများ ဖော်ထုတ်သတ်မှတ်ခြင်း 10
ဘဝ အခွင့်အလမ်းနှင့် မျှော်မှန်းချက်များ 10
တန်ဖိုးထားမှုများ၊ ကိုယ်ပိုင်သရုပ်လက္ခဏာများ 10
လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု 10
အဖွဲ့အစည်းများအပေါ် သဘောထား 10
အပြောင်းအလဲကာလ မြန်မာ 12
ကမ္ဘာ့အလယ်က မြန်မာ 12

> **အခန်း (၂) နည်းစနစ်** **14**

> **အခန်း (၃) စမ်းစစ်လေ့လာချက် နှင့် တွေ့ရှိချက်များ** **16**
ဘဝ အခွင့်အလမ်းနှင့် မျှော်မှန်းချက်များ 16
တန်ဖိုးထားမှုများ၊ ကိုယ်ပိုင်သရုပ်လက္ခဏာများ 23
 သီးခြား လေ့လာမှု ဇာတိမျိုးနွယ် 28
 သီးခြား လေ့လာမှု လိင်လုပ်သား 29
 သီးခြား လေ့လာမှု လိင်စိတ်ခံယူမှုကွဲပြားသူများ 30
လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု 32
အဖွဲ့အစည်းများအပေါ် သဘောထား 35
အပြောင်းအလဲကာလမြန်မာ 39
ကမ္ဘာ့အလယ်က မြန်မာ 44

> **အခန်း (၄) သုံးသပ်ချက်များ၊ အကြံပြုချက်များ** **48**

> **ကိုးကားစာရင်း** **50**

> **နောက်ဆက်တွဲ: နည်းစနစ် နှင့် ချဉ်းကပ်ပုံ** **54**
ကိန်းဂဏန်း အချက်အလက် ကောက်ယူမှု (၁) - စစ်တမ်း 54
ကိန်းဂဏန်းအချက်အလက် ချိန်ညှိခြင်း 56
စမ်းစစ်လေ့လာချက် (၁) - ပြန်လည်အကဲဖြတ်ချက် 59
အချက်အလက် ကောက်ယူခြင်း (၂) - အဓိက သတင်းအချက်အလက်ပေးသူ လူတွေ့မေးမြန်းမှုများ၊ အလေးထား အုပ်စုဆွေးနွေးပွဲများများ 60

# အမှာစာ

ဤနိုင်ငံမှ လူငယ်များ၏ အသံအား အလားတူ လေ့လာချက်များကို ပြုလုပ်ခဲ့သည့် နိုင်ငံများမှ ဘဝတူ လူငယ်များနှင့် ချိတ်ဆက်သည့် မြန်မာနိုင်ငံ၏ မျိုးဆက်သစ် မြန်မာ အစီရင်ခံစာကို မိတ်ဆက်ခွင့် ရသည့်အတွက် ကျွန်ုပ်တို့ ဝမ်းမြောက်မိပါသည်။ အလားတူလေ့လာချက်များကို ပြုလုပ်ခဲ့သည့်နိုင်ငံများ ဟုဆိုရာတွင် အနည်းငယ်မျှသော နိုင်ငံတချို့ကို အမည်တပ်ရမည်ဆိုပါက ပါကစ္စတန်၊ တောင်အာဖရိက၊ တန်ဇန်းနီးယား၊ တူရကီ၊ ကိုလံဘီယာတို့ဖြစ် ပါလိမ့်မည်။

ဗြိတိသျှကောင်စီ၏ မျိုးဆက်သစ် စာစဉ်များသည် လူမှုရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ နိုင်ငံရေး အရဖြစ်စေ အပြောင်းအလဲ ဖြစ်နေဆဲ နိုင်ငံများ အပေါ်တွင် အလေးထားပါသည်။ လူငယ်တို့၏ သဘောထား၊ လူငယ်တို့၏ ဆန္ဒ ရည်မှန်းချက်ကို နားလည်ရန်၊ လူငယ်တို့၏ အသံကို ချဲ့ပေးရန်၊ ယင်းတို့မှတဆင့် တိုးတက်ကောင်းမွန်သော လူငယ် မူဝါဒ၊ လူငယ်အစီအစဉ်တို့ ရေးဆွဲဖော်ဆောင်ရာတွင် ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

ယခုလေ့လာချက်ကဲ့သို့ လေ့လာချက်များမှတဆင့် လူငယ်တို့၏ ဘဝကို ရိုက်ခတ်နေသည့် အရေးကိစ္စ များနှင့် စပ်လျဉ်းသည့် လူငယ်တို့၏ အသံကို မလွဲမသွေ ကြားရစေရန် ကျွန်ုပ်တို့ ကူညီပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံတွင်  လူမှုရေးအပြောင်းအလဲ၊ စီးပွားရေးအပြောင်းအလဲ၊ နိုင်ငံရေးအပြောင်းအလဲ တို့ကို ကျွန်ုပ်တို့ မြင်ခဲ့ကြပြီးပါပြီ။ ဤလေ့လာချက်က မြန်မာ လူငယ်များ၏ ဆန္ဒရည်မှန်းချက်များ၊ သဘောထားများနှင့် စပ်လျဉ်းသည့် ထိုးထွင်းအမြင် အမျိုးမျိုးကို အကျယ်တဝင့် ဖော်ပြထားပါသည်။

လူမှုဝန်ထမ်းဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် လည်းကောင်း၊ ပဋိပက္ခ စီမံခန့်ခွဲမှု အတိုင်ပင်ခံ အဖွဲ့၊ ကွဲပြားခြားနားမှု နှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့တို့နှင့် တွဲဖက်ပြီးလည်းကောင်း ဗြိတိသျှ ကောင်စီ၊ VSO တို့က မျိုးဆက်သစ် မြန်မာကို ဦးစီးဆောင်ရွက်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံတလွှားမှ လူငယ် လုပ်ငန်းအဖွဲ့က ဦးဆောင်၊ ရေးဆွဲ၊ ပုံဖော်ခဲ့ပါသည်။ သူတို့၏ ပင်ကိုအသံများဖြင့် နိုင်ငံ၏ သမိုင်းတွင် ထင်ရှားသည့် ဤကာလမှ သူတို့၏ ဆန္ဒရည်မှန်းချက်များ၊ သဘောထားများကို လူငယ်များက ရှင်းလင်းစွာ ပြောခဲ့ကြပါသည်။

မြန်မာနိုင်ငံမှ လူငယ်များ၏ အကောင်းမြင်စိတ်နှင့် တကွ စီးပွားရေးသုခအတွက်လည်းကောင်း၊ ငြိမ်းချမ်းရေးတို့အတွက် လည်းကောင်း သူတို့၏ မျှော်လင့်ချက်များကို အစီရင်ခံစာက ရှင်းလင်းစွာ မီးမောင်းထိုးပြထားပါသည်။ သူတို့၏ ရည်ရွယ်ချက် ပန်းတိုင်များနှင့် စပ်လျဉ်းသည့် ယုံကြည် မျှော်လင့်မှု၊ သူတို့၏ ရည်မှန်းချက်များကို ဖော်ဆောင်နိုင်မည့် အလားအလာများကိုလည်း လူငယ်များက ထုတ်ဖော်ထားကြပါသည်။ နိုင်ငံရေး၊ လူမှုရေးတို့တွင် ပါဝင်ဆောင်ရွက်နိုင် သည့် အခွင့်အလမ်းများကြောင့် တက်ကြွနေကြသလို အလုပ်အကိုင် အလားအလာ များ၊ ရာဇဝတ်မှု၊ မူးယစ်ဆေးဝါးတို့နှင့် စပ်လျဉ်းသည့် ကြောင့်ကြမကင်းရမှုများကြောင့် အတိုင်းအတာ တခုအထိလည်း အားပျက်နေကြပါသည်။ လူငယ်အများအပြားက သူတို့ဘဝကို လည်းကောင်း၊ သူတို့တိုင်းပြည်ကိုလည်းကောင်း လူမှုမီဒီယာ၏ ရိုက်ခတ်မှုနှင့် စပ်လျဉ်းသည့် ကြောင့်ကြပူပင်မှုကို လည်းကောင်း လူငယ်အများအပြားက ပြောဆိုခဲ့ကြပေရာ လူမှုမီဒီယာအပေါ် သဘောထားများကလည်း အသိတိုးလာစေပါသည်။

လေ့လာချက်က မြန်မာလူငယ်တို့၏ အမြင်များကို နားလည်သဘောပေါက်ရန် ကျွန်ုပ်တို့အား ဆက်လက်ပံ့ပိုးပေးပြန်ပါသေးသည်။ မူဝါဒချမှတ်သူများ၊ လက်တွေ့ဆောင်ရွက်နေသူများ အနေဖြင့်လည်း လူငယ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ လူမှုပထဝီ အကျိုးအမြတ်ဝေစု၏ အလားအလာ ကိုလည်းကောင်း မည်သို့ အကောင်းဆုံး ကူညီပံ့ပိုး ပေးရမည်ကိုနားလည် သဘောပေါက်အောင်လည်း ဤလေ့လာချက်က ပံ့ပိုးပေးပါသည်။

အကောင်းဘက်မှဆိုလျှင် လူငယ်များသည် ကိုယ်တိုင် ဆုံးဖြတ်ဆောင်ရွက်နိုင်သည်ဟု ခံစားနေကြရပါသည်။ သို့ရာ တွင် မိဘတို့၏ ကြီးကြပ်မှုကြောင့်လည်း အနည်းအပါး အားလျော့ကြပါသည်။ ဘဝရည်ရွယ်ချက် ရှိရန် အရေးကြီးပုံ၊ သူတို့ဝန်းကျင်မှ ရပ်ရွာအသိုင်းအဝိုင်း ကို ကူညီဖေးမလိုသည့် ဆန္ဒတို့ကိုလည်း သူတို့က ပြောပြပါသည်။ အနာဂတ် စိန်ခေါ်မှုများနှင့် စပ်လျဉ်းသည့် ရှင်းလင်းသော အမြင်များကိုလည်း မြန်မာလူငယ်များက ကျကျနန ပြောပါသည်။ လူမျိုးရေးခွဲခြားဆက်ဆံမှု၊ ဘာသာရေး ခွဲခြားဆက်ဆံမှု၊ တခြားခွဲခြားဆက်ဆံမှုပုံစံများနှင့် စပ်လျဉ်းပြီး ကြောင့်ကြ မကင်းကြောင်း ပြောကြသလို သူတို့ကိုယ်တိုင်၏ ငွေကြေး အနာဂတ်၊ သူတို့မိသားစု ၏ ငွေကြေးအနာဂတ် တို့အတွက် ရတက်မအေး ဖြစ်နေခြင်းကိုလည်း ပုံဖော်ကြပါသည်။ မြန်မာနိုင်ငံတနံတလျားမှ လူငယ်များအတွင်း နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုအဆင့်တိုးပွားလာ ခြင်း၊ အပြောင်း အလဲကို ဩဇာလွှမ်းမိုးလိုသည့် ဆန္ဒ၊ ကမ္ဘာတွင် မြန်မာနိုင်ငံအား မည်သို့မည်ပုံ ပုံဖော်မည်ဆိုသော စိတ်ကူးစိတ်သန်းများကိုလည်း လေ့လာချက်က မီးမောင်းထိုးပြပါသည်။

လူငယ်တို့၏ ဆန္ဒရည်မှန်းချက်များကို ပံ့ပိုးရေး၊ အခွင့် အလမ်းများကို အသုံးချရာတွင် လူငယ်တို့အား ကူညီရေး၊ သူတို့နိုင်ငံနှင့်တကွ ကမ္ဘာကြီးကို အကောင်းဘက်က ကူညီသွားနိုင် ကြစေရေးတို့ အတွက် ဗြိတိသျှကောင်စီ နှင့် VSO တို့က လူမှုဝန်ထမ်း ဝန်ကြီးဌာန၊ ပြည်တွင်း မိတ်ဖက်၊ နိုင်ငံတကာ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ် ထားပါသည်။

ကျွန်ုပ်တို့၏ သုတေသနတွင် ပါဝင်ခဲ့သူတစ်ဦးကို ကိုးကားရသော် 'လူငယ်များသည် ထုတ်ယူ သုံးစွဲခြင်း မပြုရသေးသည့် အင်အား ဖြစ်ပါသည်။' အဆိုပါ အင်အားကို ဤလေ့လာချက်တွင် ဖော်ပြထားသော အကောင်းမြင်စိတ်နှင့် ပေါင်းစပ်လိုက်လျှင် နိုင်ငံ၏ အနာဂတ်တွင် မြန်မာလူငယ်များ အပြုသဘော ဆောင်သော အခန်းကဏ္ဍမှပါဂင်ဆောင်ရွက်နိုင်ကြ လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်နေမိပါသည်။

**Joyce Laker,**
ဒါရိုက်တာ VSO

**Richard Sunderland,**
ဒါရိုက်တာ ဗြိတိသျှ ကောင်စီ မြန်မာ

မြန်မာနိုင်ငံတလွှားမှ လူငယ်များသည် အနာဂတ်အတွက် သူတို့၏ မျှော်လင့်ချက်၊ သူတို့၏ ဆန္ဒသဘောထားများကို ကျွန်မတို့၏ မျိုးဆက်သစ်မြန်မာ သုတေသနတွင် ထုတ်ဖော်ခဲ့ကြပါသည်။ လေ့လာချက် ပုံစံကို လည်းကောင်း၊ လေ့လာချက် အထမြောက်ရန် လည်းကောင်း ပုံဖော်ခဲ့သည့် လုပ်ငန်းအဖွဲ့၏ လူငယ်အဖွဲ့ဝင်တဦးအနေဖြင့် ထိုမျှ အခရာကျသော ဘဝခရီးမှ အဆင့်တဆင့် အကြောင်းကို ကျွန်မတို့ မျိုးဆက် ပြောကြားနိုင်ရန် ပံ့ပိုးကူညီခွင့်ရခဲ့သည့် အတွက် ဂုဏ်ယူဝမ်းမြောက် မိရပါသည်။ ဘဝခရီးမှ အဆိုပါ အဆင့်သည်ကား ကျွန်မတို့၏ အံ့ဘနန်း အင်အား စွမ်းပကားကို အစွမ်းကုန် အောင်အောင် မြင်မြင် ထုတ်သုံးရန် ရှက်စုံဖွင့်ရမည့် အဆင့်လည်း ဖြစ်ပါသည်။  ဤလေ့လာချက်တွင် အဓိက အကြောင်းအရာ ခြောက်ရပ်နှင့် စပ်လျဉ်းသည့် လူငယ်တို့၏ အသံကို ကျွန်မတို့ ဖွေရှာခဲ့ပါသည်။ ထိုခြောက်ရပ်ကား ဘဝအခွင့်အလမ်း နှင့် စပ်လျဉ်းသည့် မျှော်လင့်ချက်များ၊ တန်ဖိုးထားမှု နှင့် ကိုယ်ပိုင်သရုပ်လက္ခဏာ၊ လူမှု ဖွံ့ဖြိုးရေး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်မှု၊ အဖွဲ့အစည်းများ အပေါ် သဘောထား၊ အပြောင်းအလဲကာလ မြန်မာနိုင်ငံ၊ ကမ္ဘာ့အလယ်က မြန်မာ ဟူသည်တို့ ဖြစ်ပါသည်။

ကျွန်မတို့မှာ ' လူမှုပထဝီ အကျိုးအမြတ်ဝေစု ' ရနိုင်သည့် အခွင့်အရေး ရှိနေကြောင်း သုတေသနက ကျွန်မတို့အား ပြောပြနေပါသည်။ အဆိုပါအမြတ်ဝေစုဆိုသည်မှာ လူ့ဘောင်တွင် လည်းကောင်း၊ စီးပွားရေး၊ နိုင်ငံရေး ဖွံ့ဖြိုး တိုးတက်ရေးတွင်လည်းကောင်း လူငယ်တို့ ပါဝင်ဆောင်ရွက်မှု၏ ကောင်းကျိုးများကို ဆိုလိုပါသည်။ ကျွန်မတို့သည် အနာဂတ် ဖွံ့ဖြိုး ထွန်းပေါက်မှု၏ မောင်းနှင်အားများ ဖြစ်နိုင်ပါသည်။ ထိုသို့ အကောင်းဘက်မှ ခရီးရောက်နေမှုကို မည်သို့မည်ပုံ ပံ့ပိုးပေးနိုင်မည်ကိုလည်းကောင်း၊ လူငယ် အလုပ်လက်မဲ့ဖြစ်မှုကဲ့သို့ အဆိုပါ အသွင်ကူးပြောင်းမှုကို လူငယ်တို့ အောင်မြင်စွာ မဆောင်ရွက်နိုင်သည့်အခါ ကမ္ဘာတလွှားမှ လူငယ်များ ရင်ဆိုင်ရလေ့ရှိသည့် ပြဿနာ အရေး ကိစ္စများအား မည်သို့မည်ပုံ ရှောင်ရှားသွားမည် ကိုလည်းကောင်း နားလည်သဘောပေါက်ရန် ကျွန်မတို့၏ လေ့လာချက်က အထောက်အကူ ဖြစ်စေပါလိမ့်မည်။ ကျွန်မတို့သည် အကောင်း ဘက်မှ ခရီးရောက်မှုကို ပံ့ပိုးပေးချင်သလို ကျွန်မတို့ နိုင်ငံ အတွက်လည်း အောင်မြင်သော အနာဂတ်ကို တည်ဆောက်လိုပါသည်။ အခြေပျက်ပြီး ဒုံရင်းသို့ ပြန်မဆိုက်ချင်ပါ။ ကျွန်မတို့ရင်ဆိုင်ရသော အခွင့်အလမ်းများ၊ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပံ့ပိုးပေးမည့် မူဝါဒ၊ အစီအစဉ်တို့ အတွက် ကျွန်မတို့၏ စိတ်ကူးစိတ်သန်း အယူအဆများကို ပေးလိုက်ပါသည်။ အကန့်အသတ်ဖြင့်သာ ရှိနေသော အရင်း အမြစ်များဖြင့် အထိရောက်ဆုံး အစီအစဉ်များတွင် အသေအချာ ရင်းနှီးမြှုပ်နှံ ဖြစ်စေရန် ကျွန်မတို့ အကောင်းဆုံး မည်သို့ လုပ်နိုင်ကြပါမည်နည်း။ လူငယ်များကိုယ်စား လူငယ်များကပင် အဆိုပါအစီအစဉ်များအား ကျကျနန အကဲဖြတ်၊ အသေအချာ စမ်းသပ်ဖြစ် စေရန် ကျွန်မတို့ မည်သို့ လုပ်ဆောင်နိုင်ကြပါ မည်နည်း။ မြန်မာနိုင်ငံ၏ လူငယ်များအတွက် အလုပ်ဖြစ်သော အဖြေများကို အချိုးညီညီ တိုးမြှင့်ဖော်ဆောင်သွားရန် ကျွန်မတို့ သိတာ၊ ကျွန်မတို့ သိဖို့လိုနေသေးတာများကို မည်သို့ ချင့်တွက်သွားကြပါမည်နည်း။ လူမှုရေးအရ၊ ယဉ်ကျေးမှုအရ၊ နိုင်ငံရေးအရ ကျွန်မတို့ တက်ကြွစွာ ပါဝင်ဆောင်ရွက် သည့်အခါ လူထုရေးရာ အဝန်းအသိုင်းတွင် လူငယ်တို့ အသုံးတော်ခံနိုင်သည့် အကောင်းဘက်မှ အခန်းကဏ္ဍကို ကျွန်မတို့၏ သုတေသနက မီးမောင်းထိုးပြထားပါသည်။

ကျွန်မတို့၏ သုတေသနအတွက် ကျွန်မတို့ ဂုဏ်ယူမိကြသလို အစီရင်ခံစာထုတ်ဝေလိုက်ရ သည်ကိုလည်း အားရကျေနပ်မိပါသည်။ လူငယ်ဖွံ့ဖြိုးရေးဟူသည့် အရေးကြီးသော ခေါင်းစဉ်အား ပြည့်စုံကျယ်ပြန့်သော၊ ရယူသုံးစွဲ လွယ်သော ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ချက် ကို မျိုးဆက်သစ်မြန်မာကလက်ဆင့်ကမ်းလိုက်ပါသည်။ မူဝါဒ၊ အစီအစဉ် ရေးဆွဲရေးအတွက် အထောက်အထား အခြေခံအတွက် အဖိုးတန်သော အထောက်အပံ့ကို ကျွန်မတို့၏ သုတေသနက တင်ပြလိုက်သည်ဟု ခံစားမိပါသည်။ လူငယ်များအတွက် အောင်မြင်သော အစီအစဉ်များ ပေါ်ထွန်းစေရန် အားကောင်းသော အသံ၊ အားကောင်းသော လျှောက်လဲတင်ပြမှုတို့ ရရှိလာစေသည့် အခွင့်အရေးအား မြန်မာနိုင်ငံမှ လူငယ်များထံ ဤသုတသနက ပေးအပ်လိုက်ပါပြီ။

ကျွန်မတို့ နိုင်ငံ၏ အောင်မြင်သော အနာဂတ်ကို ပံ့ပိုးပေးရန် မြန်မာနိုင်ငံမှ လူငယ်များတွင် ဧရာမ အင်အား စွမ်းပကား ရှိပါသည်။ ပူးပေါင်းဆောင်ရွက် သွားကြရန်လည်းကောင်း၊ အောင်မြင်သော လုပ်သားများဖြစ်ရန် လိုအပ်သော ကျွမ်းကျင်မှု စွမ်းရည်၊ အခွင့်အလမ်းတို့အား လူငယ်များ၊ စွန့်ဦးတီထွင်သူများ၊ မိဘများ၊ နိုင်ငံသားများသာ မကဘဲ ခေါင်းဆောင်များကိုပါ ပေးအပ်သွားရန် လည်းကောင်း ကျွန်မတို့ မျှော်လင့်မိပါသည်။ ဤအစီရင်ခံစာမှာ အဆိုပါမျှော်လင့်ချက်မှ အဓိက အားထုတ်မှု တရပ်သာ ဖြစ်ပါတော့သတည်း။

**ဖြိုးဖြိုးအောင်**

The Wings Institute

# အကျဉ်းချုပ် ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံမှ လူငယ်များသည် သူတို့၏မိဘများ လက်ထက်နှင့် မတူတော့ဘဲ အလွန်ကွဲပြားသည့် နိုင်ငံကို အမွေခံထား ကြရပါသည်။ ယနေ့လူငယ်များ သည် အပြိုင်ကျဲရသော ရွေးကောက်ပွဲများတွင် မဲပေးခွင့် ရနေကြပါသည်။ ခေတ်မီ ဆက်သွယ်ရေး နည်းပညာများကို အသုံးပြုနိုင်ကြပြီး ဆယ်စုနှစ်ပေါင်းများစွာ ခွဲခြားပိတ်ဆို့ခံထားခဲ့ရာမှ လွတ်မြောက်လာ သည့် ပေါ်ထွန်းစ စီးပွားရေးလုပ်ငန်းများတွင် အလုပ် လုပ်ခွင့်ရနေကြပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး တံခါးများ ပွင့်သွားပြီဖြစ်သည့်အားလျော်စွာ ယနေ့လူငယ်များ၊ အသက် ၁၈ မှ ၃၀ နှစ်ကြား လူရွယ်များသည် ယခင် မျိုးဆက်များ မရနိုင်ခဲ့သည့် နည်းလမ်းများဖြင့် တိုင်းပြည်၏အနာဂတ်ကို ပုံဖော်သွားနိုင်မည့် အလားအလာလည်း ရှိနေပါသည်။

အဆိုပါ အလားအလာ ရှိနေလင့်ကစား လူငယ်များ၏ အမြင်ကို ဘာသာရပ်တခုအနေဖြင့် လေ့လာစိစစ်ခဲလှ ပါသည်။ လက်ရှိသုတေသနများတွင် သီးခြား မူဝါဒ နယ်ပယ်အလိုက် လူငယ်တို့၏ အမူအကျင့်များကို ထည့်သွင်းကောင်း ထည့်သွင်း ထားမည် ဖြစ်သော် လည်း လူငယ်ထု၏ သဘောထား၊ သဘောဆန္ဒ၊ ကြောင့်ကြမှု စသည်တို့အား အသေးစိတ် ဖော်ပြ ထားခြင်းမျိုးမှာမူ ရှားပါးလှပါသည်။ မြန်မာနိုင်ငံတလွှားမှ လူငယ်ထု ဘာတွေစဉ်းစား နေကြသလဲ ဟူသည့် မေးခွန်းကို ဖြေဆိုရန် ကြိုးစားသည့် လေ့လာချက်မျိုးမှာ ယနေ့ထက်တိုင် မရှိသေးပါချေ။

မျိုးဆက်သစ်မြန်မာက အဆိုပါ သုတေသနကွက်လပ် ကို ဖြည့်ဆည်းရန် ရည်ရွယ်ပါသည်။ လူတွေ့ မေးမြန်းမှုများ၊ ဆွေးနွေးစကားဝိုင်းများနှင့်တကွ လူငယ်ပေါင်း ၂၀၀၀ ကျော်ပါဝင်သည့် တနိုင်ငံလုံး အဆင့်စစ်တမ်းတို့မှတဆင့် ဤ လေ့လာချက်က လူငယ်များ၏ လောကအမြင်အပေါ် အသေးစိတ် အစီရင်ခံစာကို ရရှိလာစေပါလိမ့်မည်။ အောက်တွင် အနှစ်ချုပ် ဖော်ပြ ထားသည့် လေ့လာတွေ့ရှိချက် များက မြန်မာလူငယ်ထုအား နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ် နယ်နိမိတ် ပြင်ပမှသည် ရှေ့တန်းဆီအထိ ရောက်ရှိသွားအောင် ပို့ဆောင်လျက် လူငယ်ထု၏ အသံကို ကျယ်သထက် ကျယ်လာ အောင် ချဲ့ပေးသွားပါလိမ့်မည်။

## ဘဝ အခွင့်အလမ်းနှင့်၊ မျှော်မှန်းချက်များ

လူငယ် ၇၆ % က လေ့လာသင်ယူနိုင်သည့် အခွင့်အရေး၊ ပိုမိုရရှိလာသည့် လွတ်လပ် ခွင့်များအား သူတို့အကောင်းမြင်နေရခြင်း အကြောင်းရင်းအဖြစ် ဖော်ပြလျက် သူတို့၏ ဘဝ အရည်အသွေးမှာ ငါးနှစ်အကြာတွင် တိုးတက်ကောင်းမွန်လာလိမ့်မည်ဟု ခံစားနေ ကြပါသည်။

မူးယစ်ဆေး သုံးစွဲမှု၊ လူမှုမီဒီယာ၊ မိဘတို့၏ ချုပ်ချယ်ကန့်သတ်မှုများ၊ အလုပ်လက်မဲ့ ဖြစ်မှုတို့နှင့်စပ်လျဉ်းသည့် ကြောင့်ကြမှုများနှင့်အတူ အဆိုပါအကောင်းဘက်မှ အမြင်ကို လူငယ်များက ရှုမြင်ခဲ့ကြပါသည်။ စစ်တမ်းကို ဖြေကြားသူ လေးယောက်လျှင် တယောက် (၂၆ %) က သူတို့မှာ အလုပ်လက်မဲ့များဖြစ်ပြီး အလုပ်ရှာနေကြသည်ဟု ဆိုပါသည်။

## တန်ဖိုးထားမှုများ၊ ကိုယ်ပိုင် သရုပ်လက္ခဏာများ

ဤလေ့လာချက်တွင် စစ်တမ်းယူခဲ့သောလူငယ်တို့က ငွေကြေး၊ အလုပ်၊ ပညာရေးတို့ အထက်တွင် မိသားစု ရှိပြီး မိသားစုမှာ ဘဝတွင် အရေးကြီးဆုံးဟု ယူဆကြပါသည်။

ဘာသာရေးမှာ ပုဂ္ဂိုလ်ရေးအောင်မြင်ထွန်းပေါက်မှု လောက် အရေးမကြီးလှဘဲ ကိစ္စရပ် အတော်များများ တွင် ဘာသာရေးက နိုင်ငံတော် သရုပ်လက္ခဏာကို ကျဆင်းစေခဲ့သည် ဟုလည်း လူငယ်များက ခံစား နားလည်ထားကြပါသည်။

သို့ဖြစ်လင့်ကစား ဘာသာရေး ခွဲခြားဆက်ဆံမှုကို တွေ့ကြုံဖူးသည်ဟု လူငယ်အများ အပြားက ဆိုကြပါသည်။ မိမိတို့၏ ယုံကြည်ကိုးကွယ်မှုကြောင့် များမကြာမီကပင် ခွဲခြား ဆက်ဆံ ခံခဲ့ရဖူးသည့် အတွေ့အကြုံ အခိုင်အမာရှိကြောင်း စစ်တမ်း ဖြေဆိုသူ ငါးဦးလျှင် တဦးခန့် (၂၁ %) က ပြောကြား ခဲ့ကြပါသည်။ ထိုမျှနီးပါး အရေအတွက် (၁၉ %) ကလည်း မိမိတို့၏ ဇာတိမျိုးနွယ်ပေါ် အခြေခံလျက် များမကြာမီကပင် ခွဲခြား ဆက်ဆံ ခံခဲ့ရဖူးသည့် အတွေ့အကြုံ အခိုင်အမာရှိသည်ဟု ဆိုကြပါသည်။

ပညာရေး၊ အလုပ်အကိုင်၊ ချမ်းသာကြွယ်ဝမှု၊ ဘာသာစကားတတ်မြောက်မှုတို့နှင့် စပ်လျဉ်းသည့် အဆင့်အတန်း အသီးသီးတို့ကဲ့သို့ အခြားပုဂ္ဂလိက သရုပ်လက္ခဏာ များကြောင့် ခွဲခြားဆက်ဆံမှုမှာလည်း သမားရိုးကျ ကြုံရမြဲသာ ဖြစ်ပါသည်။

## လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု

မိမိတို့၏ လူ့အဖွဲ့အစည်းကိုဖြစ်စေ၊ ရပ်ရွာအသိုင်း အဝိုင်းကိုဖြစ်စေ ပံ့ပိုးပေးခြင်းမှာ မိမိတို့ အတွက် အရေးကြီးပါသည်ဟု စစ်တမ်းဖြေဆိုသူ ဆယ်ဦးလျှင် ကိုးဦး (၉၀ %) က ခံစား နားလည်ထားကြပါသည်။ ရပ်ရွာအသိုင်းအဝိုင်း၏ ပြဿနာများကို ကိုင်တွယ် ဖြေရှင်းရာ တွင် ပါဝင် ဆောင်ရွက်ရန် လူငယ်များ တွင်လည်း တာဝန်ရှိသည် ဟု ၈၅ % က လက်ခံ ထားကြပါသည်။

ငွေရေးကြေးရေးအတွက် ပူပန်ရမှုနှင့်တကွ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စိတ်ရှိသလောက် ပါဝင်ခွင့် မရအောင် တင်းကျပ်သော မိဘများက တားဆီးလျက်ရှိသည်ဟု လူငယ် အများအပြားက ညည်းညူကြပါသည်။ ဘာသာရေးလုပ်ငန်းများ၊ အမျိုးဂုဏ် ဇာတိဂုဏ် ထိန်းသိမ်းရေး လုပ်ရပ်များ ထက် ကျော်လွန်သည့် လှုပ်ရှားမှုမှန်သမျှကို နိုင်ငံရေး လှုပ်ရှားမှုအဖြစ် မိဘအများအပြားက ယူဆကြပေရာ ဘေးအန္တရာယ် ဖြစ်မည်ကို ကြောင့်ကြ စိတ်ကြောင့် ဟန့်တားလေ့ရှိတတ်ကြပါသည်။

အထူးသဖြင့် မိန်းကလေးများမှာ ရွယ်တူယောက်ျား လေးများထက် အဆများစွာ ပိုမို ချုပ်ချယ်ခံရသည်ဟု ခံစားနေကြရပါသည်။ ကန့်သတ်ချိန်အတွင်း အပြင် ထွက်ခွင့်မပေး ခြင်း၊ ခရီးသွားရန် ကန့်သတ်ခြင်းများ ကြောင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ခက်ခဲလှသည်ဟုလည်း ဆွေးနွေးချက်တွင်ပါဝင်သူ အမျိုးသမီး အများအပြားက ခံစားနေကြရပါသည်။

## အဖွဲ့အစည်းများအပေါ် သဘောထား

မိမိတို့နယ်မြေရှိ နယ်ခံအစိုးရ၏ ဆောင်ရွက်ချက်များ ကို လူငယ်အများအပြားက လက်ခံ သဘောကျကြ ပါသည်။ သူတို့ဒေသခံ/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ များ၏ ဆောင်ရွက်ချက် များနှင့်စပ်လျဉ်းပြီး မေးမြန်း ရာတွင် စစ်တမ်း ဖြေဆိုသူ ၇၂ % က ယင်းတို့ကို လက်ခံ သဘောတူကြပါသည်။ မြို့နယ်အဆင့်တွင် စစ်တမ်း ဖြေဆိုသူ ၅၈ % က အရပ်ဘက် အုပ်ချုပ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို လက်ခံသဘောတူခဲ့ကြသလို ၅၉ % က စစ်ဘက် အုပ်ချုပ်ရေး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန - ထွေ/အုပ်)၏ ဆောင်ရွက် ချက်များကို လက်ခံ သဘောတူခဲ့ကြပါသည်။

မိမိတို့ နယ်မြေရှိ ပြည်နယ်/တိုင်းဒေသကြီး အစိုးရက ဖြစ်စေ၊ ပြည်ထောင်စုအဆင့် အစိုးရကဖြစ်စေ ဆောင်ရွက်ချက်များကို လက်ခံသဘောတူသည့် လူငယ် အရေ အတွက်မှာ နည်းပါးလှပါသည်။ စစ်တမ်းဖြေဆိုသူများ၏ ၅၄ % ကသာ ပြည်ထောင်စု

လွှတ်တော် [1]၏ ဆောင်ရွက်ချက်များကို လက်ခံသဘောတူကြပေရာ ပြည်နယ်အဆင့် အစိုးရအဖွဲ့များမှာ စစ်တမ်းပါ လူငယ်များကြားတွင် လူကြိုက်အနည်းဆုံးဖြစ်ပါသည်။ အဆိုပါအဖွဲ့အစည်းများမှာ သူတို့၏ နေ့စဉ်ဘဝနှင့်“အဟပ်ကွာလွန်းသည်”ဟု လူငယ်များက ဆိုပါသည်။

အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်း (ရပ်လုပ်ဖွဲ့)များ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်း (ရွာပြုဖွဲ့)များကို အစိုးရမဟုတ်သော အဖွဲ့အစည်း (စိုးမဟုတ်) များထက် သဘောကျ လက်ခံကြပြီး ရေရှည် အကျိုးပြုနိုင်စွမ်းကြောင့်ဟု တချို့က ဆိုပါသည်။

## အပြောင်းအလဲကာလ  မြန်မာနိုင်ငံ

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီမိုကရေစီပိုမိုအားကောင်းရေးမှာ အရေးကြီး သည်ဟု ၈၉ % က ယူဆကြပြီး လူငယ် ၉၂ % ကလည်း ငြိမ်းချမ်းရေး သဘောတူညီ ချက် ရရှိရေးမှာလည်း အလားတူ အရေးကြီးသည်ဟု ဆိုကြပါသည်။ ပညာရည် ပိုမြင့်သောလူငယ်များ၊ လူနည်းစု တိုင်းရင်းသား လူငယ်များက ဒီမိုကရေစီ “ဖြစ်ထွန်းနေပြီ၊ ရနေပြီ”ဟု သဘောတူနိုင်သည့် အလားအလာ နည်းပါးလှသလိုပင် မကြာသေးခင်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများမှ ကောင်းသော ပြောင်းလဲခြင်းများ ပေါ်ထွက်လာသည်ဟု တချို့က မယုံကြည်ကြပေ။

လူငယ်များအတွက်  တရားဝင် အခွင့်အလမ်းများ မရှိခြင်း၊ မိဘများ၏ တင်းကျပ်သော စိုးရိမ်ပူပန်မှုတို့ကြောင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်စွမ်းမှာ အကန့်အသတ် ရှိနေသည်ဟု လူငယ်အများအပြားက ခံစားနေကြရပါသည်။ နိုင်ငံရေး ဟောပြောမှုများ အားကန့်သတ်ပိတ်ပင်မှုကို စိုးရိမ်ပူပန်သူ အများအပြား ရှိနေလင့်ကစား အများစုကမူ လွတ်လပ်စွာ ပြောဆိုခွင့်သည် အကြွင်းမဲ့၊ အကန့်အသတ်မဲ့ မဖြစ်သင့်ဟု ယူဆကြပါ သည်။ “ရပ်ရွာငြိမ်ဝပ်ပိပြားရေး၊ အကျင့်စာရိတ္တထိန်းသိမ်းရေး”တို့အတွက် လူထု ဆက်သွယ်ရေး မီဒီယာများအား နိုင်ငံတော်က စိစစ်ဖြတ်တောက်ပိုင်ခွင့် ရှိသင့်သလားဟု မေးမြန်းရာ လူငယ် ၆၈ %  က လက်ခံသဘောတူ ကြပါသည်။

ဖြေဆိုသူ ထက်ဝက် (၅၀ % ) က လက်ရှိ ဆောင်ရွက်နေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ လာမည့် ငါးနှစ်အတွင်း သဘောတူညီမှုရရှိလိမ့်မည်ဟု ယူဆကြပါသည်။ သို့ရာ တွင် ငြိမ်းချမ်းရေး ညှိနှိုင်းနေသော အဖွဲ့အစည်းတခုစီ၏ အရည်အချင်း၊ အကျိုးစီးပွား တို့ကို သံသယ ရှိသည်ဟု လူငယ်အများအပြားက ဆိုခဲ့ကြပါသည်။ တရားသေ အယူ အစွဲကြီးမားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား အရပ်သား အစိုးရ ၏ ညှိနှိုင်းဆွေးနွေးနိုင်စွမ်းကို လူငယ်တချို့က သံသယဝင်လျက်ရှိသလို တချို့က လည်း တပ်မတော် [2]၏ ဂုဏ်သတင်းမှာ လူနည်းစုတိုင်းရင်းသား နယ်မြေများတွင် အထူးသဖြင့် ကျဆင်းနေဆဲဖြစ်သည်ဟုဆိုကြပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များနှင့် အဆိုပါအဖွဲ့အစည်းများက ကိုယ်စားပြုပါသည်ဟု အခိုင်အမာ ပြောဆိုနေသောတိုင်းရင်းသားလူမျိုးစုများကြား ကွဲပြားစေရန် တချို့က ကျားကုပ်ကျားခဲ အားထုတ်ခဲ့သော်လည်း ဤလေ့လာချက်မှ ဆွေးနွေးသူများကြားတွင်မူ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များမှာလည်း အထူးတလည် လူကြိုက်မများလှချေ။

ဖက်ဒရယ်ဝါဒကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆွေးနွေးလျက်ရှိသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အဆင့်မြင့်ကိစ္စရပ်များမှာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး   ဖြစ်ပေါ်လာစေရန်အတွက် စီးပွားရေးဖွံ့ဖြိုးမှု၊ ပညာရေး တိုးတက်မှုတို့လောက် အရေးမကြီးလှဟု လူငယ် အများ အပြားက ယူဆကြပါသည်။ သို့ရာတွင် အချို့အုပ်စုများကမူ ဖက်ဒရယ်ဝါဒမှာ တခြား အရာများထက် အရေးကြီးသည်ဟု လက်ခံနိုင်ကြပါသည်။ နှိုင်းယှဉ်ပြီး ပြောရပါမူ ဖက်ဒရယ်ဝါဒမှာ အရေးကြီးလှသည်ဟု လူများစု တိုင်းရင်းသား ဖြေကြားသူများထက် လူနည်းစု တိုင်းရင်းသား ဖြေကြားသူများက ပို၍ ပြောဆိုကြပါသည်။

## ကမ္ဘာ့အလယ်က မြန်မာ

စစ်တမ်း ဖြေကြားသူများ၏ သုံးပုံ နှစ်ပုံခန့် (၆၆ %)က နိုင်ငံခြားသားများ လာရောက် ခြင်း၊ အထူးသဖြင့် စီးပွားရေး၊ ခရီးသွားလုပ်ငန်းအတွက် လာရောက်ခြင်းမှာ မြန်မာနိုင်ငံ အတွက် ကောင်းသည်ဟု ယူဆကြပါသည်။ စစ်တမ်းပါ လူငယ် ၈၀ % က ခရီးသွားများ အလည်လာခြင်းမှာ မြန်မာနိုင်ငံအတွက် ကောင်းသည်ဟု လက်ခံသဘောတူကြပါသည်။

ရခိုင်ပြည်နယ်မှ စစ်တပ်၏ စစ်ဆင်ရေးများအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဝေဖန်ချက်များသည် “အပြင်လူများဖြစ်သဖြင့် မြန်မာနိုင်ငံအား နားမလည်ခြင်း”ကို ပြသလျက် ရှိသည်ဟု စစ်တမ်းပါ လူငယ် ထက်ဝက်နီးပါး (၄၆%) လက်ခံသဘောတူကြပါသည်။ လူတွေ့မေးမြန်းချက်များ၊ ဆွေးနွေးချက်များအရ ပဋိပက္ခဖြစ်ပွားရခြင်း အကြောင်းရင်း အမျိုးမျိုးကို လူငယ်များက ပြောဆိုကြသည့်တိုင် ဖြေကြားသူ ထက်ဝက်က “ရခိုင်မှာ စစ်တပ် လုပ်တာ မှန်တယ်”ဟု သဘောတူလက်ခံထားကြပါသည်။ စစ်တမ်းပါ လူငယ် ၇၉ % က ရခိုင်ပြည်နယ် အခြေအနေကို စိုးရိမ်မကင်းဖြစ်သည်ဟု ဆိုကြသော်လည်း မတရားမှုကို အပြစ်တင်ရန် အများအပြားက တုံ့ဆိုင်းလျက် ရှိကြပါသည်။

## အကြံပြုချက်များ

ဤတွေ့ရှိချက်များအရ မျိုးဆက်သစ်မြန်မာ သည် မူဝါဒချမှတ်သူများ၊ လူငယ်အရေး ဆောင်ရွက်နေသူများအတွက် သက်ဆိုင်ရာ အကြံပြုချက်များကို တင်ဆက်လိုက်ပါသည်။ လူငယ်များအတွက်တာဝန်ထမ်းဆောင်နေသော  အစိုးရဝန်ထမ်းများ၊ အထောက်အပံ့ပေးသူများအနေဖြင့် ပိုမိုကောင်းမွန်သောအစီအစဉ်များ  ရေးဆွဲနိုင်လာကြစေရန် ဤအစီရင်ခံစာပါ မူဝါဒ နည်းလမ်း အသွယ်သွယ်က ပံ့ပိုးပေးနိုင်ပါလိမ့်မည်။  လူငယ်တို့၏ သဘောထားအမြင်ကို နားလည်ပြီး ထိုသို့သော အစီအစဉ်များက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအတွက် ကွဲပြားသောအကျိုးရလဒ်များ  ဖြစ်ထွန်းစေသည့် အပြင်  လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် သိသာထင်ရှားသည့် ဆင့်ပွားအကျိုးဆက်များလည်းရှိလာမည်ဖြစ်သည်။

1 > မြန်မာနိုင်ငံ လွှတ်တော်

2 > မြန်မာနိုင်ငံ စစ်တပ်၏တရားဝင်နာမည်

# နိဒါန်း

အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း လူငယ်များသည် အပြောင်းအလဲကို ဖန်တီးသူ အမြုတေများဖြစ်ပါသည်။ လွတ်လပ်ရေးလှုပ်ရှားမှုမှသည် ၁၉၈၈ ခုနှစ် ကျောင်းသားဆန္ဒပြပွဲများအထိ လူငယ်များ၏ ဆန္ဒသဘောထားက တိုင်းပြည် ၏ သမိုင်းကို ထုဆစ်ခဲ့ကြပါသည်။ ယနေ့ကာလဖြစ်ရပ်များမှာလည်း အလားတူပင်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုမှ ပေါ်ထွက်လာမည့် ရလဒ်သည် ယနေ့ လူဦးရေ၏ သုံးပုံ တစ်ပုံရှိသည့် လူငယ်တို့၏ အမြင်အပေါ်တွင် အကြီးအကျယ် မူတည်ပါလိမ့်မည်။

မြန်မာနိုင်ငံမှ လူငယ်များသည် အရှိန်အဟုန်နှင့်ပြောင်းလဲနေသောနိုင်ငံကိုအမွေဆက်ခံထားရပါသည်။ သူတို့မိဘများ လုံးဝ မရနိုင်ခဲ့သော ခေတ်မီနည်းပညာများကို အသုံးပြုလျက် ဆယ်စုနှစ်များစွာ အထီးကျန်နေခဲ့ရာမှ ပေါ်ထွန်းစ စီးပွားရေးတွင် လုပ်ကိုင်နေကြရပါသည်။ အပြိုင်ကျဲရသည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်ရနေကြသလို [3] အရပ်ဘက် အာဏာပိုင်များထံ အစိုးရ၏ အာဏာ တစိတ်တပိုင်း လွှဲပြောင်းပေးမှုကို စောင့်ကြည့်ရင်း စည်းရုံးလှုံ့ဆော်မှုများကို ၄င်းတို့ကိုယ်တိုင် ဖွဲ့စည်းလုပ်ဆောင်ကြပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး လမ်းစက ယနေ့လူငယ်တို့၏ ဩဇာကို သူတို့ ရှေ့မှ မျိုးဆက်များ၏ ဩဇာထက် ကျော်လွှားသွားစေနိုင်ပါလိမ့်မည်။

ထိုသို့အလားအလာ ရှိနေလင့်ကစား လူငယ်များ အမြင်ကို ဘာသာရပ်တခုအနေဖြင့် လေ့လာစိစစ်မှု ပြုလုပ် ခဲလှပါသည်။ မျိုးဆက်သစ်မြန်မာက အဆိုပါ သုတေသနကွက်လပ်ကို ဖြည့်ဆည်းရန် ရည်ရွယ်ပါသည်။ ပဋိပက္ခ စီမံခန့်ခွဲမှု အတိုင်ပင်ခံအဖွဲ့ (ဋ္ဌီစီတိုင်ဖွဲ့) ၊ ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှု ဆိုင်ရာ လေ့လာရေးအဖွဲ့ (ကွဲပြားသဟအဖွဲ့) တို့၏ ပူးပေါင်းမှုဖြင့် ဗြိတိသျှကောင်စီသည် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် VSO နှင့် မြန်မာနိုင်ငံတဝန်းမှ လူငယ် ၂,၄၇၃ ဦးထံမှ ဆန္ဒသဘောထားများ ရယူခဲ့ပါသည်။ နိုင်ငံရေး၊ ကိုယ်ပိုင်သရုပ်လက္ခဏာ၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်းသည့် လူငယ်တို့၏ အတွေးအမြင် အယူအဆများကို မေးမြန်းခဲ့ပါသည်။ ဆွေးနွေးစကားဝိုင်းများ၊ အဓိက သတင်းအချက်အလက်ပေးသူ လူတွေ့ မေးမြန်းမှုများက စစ်တမ်း၏ တွေ့ရှိချက်များကို အရည်အသွေးပိုင်းအရ ကြွယ်ဝသော သတင်းအချက်အလက်များဖြင့် အားဖြည့်ပေးခဲ့ပါသည်။ ဤလေ့လာချက်တွင် နည်းပေါင်းစုံ အသုံးပြုထားသည့် ချဉ်းကပ်ပုံများက လူငယ်တို့၏ သဘောထား ခံယူချက်ကို ယခင်က မရှိခဲ့ဖူးသေးသော အတိုင်းအဆဖြင့် စေ့စေ့စပ်စပ် ခွဲခြမ်းစိတ်ဖြာ လေ့လာနိုင်စေခဲ့ပါသည်။

မျိုးဆက်သစ်မြန်မာ လေ့လာချက်သည် မြန်မာလူငယ်များ၏ လောကအမြင်ကို သရုပ်ဖော်လျက်ရှိပါသည်။ လေ့လာချက်မှ တွေ့ရှိမှုများက လူငယ်များအတွက် အစီအစဉ်များ ရေးဆွဲသည့်အခါတွင်ဖြစ်စေ၊ လူငယ်တို့၏ အကျိုးစီးပွားကို ရိုက်ခတ် နေသည့် မူဝါဒများ ရေးဆွဲသည့်အခါတွင်ဖြစ်စေ မူဝါဒချမှတ်သူများအား ပံ့ပိုးပေးနိုင်ပါသည်။ မြန်မာနိုင်ငံရှိ လူငယ်အရေး ကိစ္စများအတွက် နောက်နောင် သုတေသနပြုရာ၌လည်း ဤလေ့လာချက်၏ နည်းစနစ်ကို သုံးစွဲနိုင်သလို ဤလေ့လာ ချက်မှ တွေ့ရှိချက်များပေါ်တွင် အခြေခံတည်ဆောက်သွားနိုင်ပါလိမ့်မည်။ အရေးအကြီးဆုံးမှာ စစ်တမ်း တွေ့ရှိချက်များက မြန်မာလူငယ်ထုအား နိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ် နယ်နိမိတ်ပြင်ပမှသည် ရှေ့တန်းဆီအထိ ရောက်ရှိ သွားအောင် ပို့ဆောင်လျက် လူငယ်ထု၏ အသံကို ကျယ်သထက် ကျယ်လာအောင် ချဲ့ပေးသွားပါလိမ့်မည်။

မျိုးဆက်သစ်မြန်မာ သည် တကမ္ဘာလုံး အတိုင်းအတာ သုတေသနတွင် နောက်ဆုံးပါဝင်လာသော လေ့လာမှု ဖြစ်ပါသည်။ ဗြိတိသျှကောင်စီ၏ မျိုးဆက်သစ် သုတေသနအတွဲအဆက်များသည် လူငယ်များ၏ သဘောထား အယူအဆများ၊ သဘောဆန္ဒများ ကိုသာမကဘဲ  လူငယ်များ ဘဝကို ကျေနပ်အားရလာကြကာ နိုးကြားတက်ကြွသော နိုင်ငံသားများ ဖြစ်လာစေရန် ပံ့ပိုးပေးနိုင်သည့် မူဝါဒများနှင့်လိုအပ်သောအခြေအနေ များကိုပါ မီးမောင်းထိုးပြလျက်ရှိပါသည်။ လူ့အဖွဲ့အစည်း၊ နိုင်ငံရေးဘဝစသည်တို့တွင် သိသာထင်ရှားလှသည့် အပြောင်းအလဲများကို ရင်ဆိုင်နေရသော ဗြိတိန်၊ တောင် အာဖရိက၊ ကိုလံဘီယာနှင့်တကွ အခြားနိုင်ငံများတွင်လည်း အလားတူ လေ့လာချက်များကို ပြုလုပ်ခဲ့ဖူးပါသည်။ ဤလေ့လာချက် အစီရင်ခံစာဖြင့် မြန်မာနိုင်ငံသည်လည်း အဆိုပါနိုင်ငံများထဲတွင် ပါဝင်သွားခဲ့ပါလေပြီ။

[3] > မြန်မာနိုင်ငံ၏ နောက်ဆုံးကျင်းပခဲ့သော ရွေးကောက်ပွဲအတွက် PACE ၂၀၁၅ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု အပြီးသတ်အစီရင်ခံစာနှင့် အကြံပြု ချက်များ (မေ၊ ၂၀၁၅)၊ PACE၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှု ကနဦးတွေ့ရှိချက်များ (မေ၊ ၂၀၁၈)ကို ရှု။ ထိုစာတမ်း ၂ စောင်စလုံး ကို https://www.pacemyanmar.org/publications/ တွင် ဖတ်ရှုနိုင်ပါသည်။



# အခန်း (၁)

# မြန်မာလူငယ် - လက်ရှိသုတေသနနှင့် ကျန်ရှိနေဆဲ မေးခွန်းများ

နိုင်ငံအတွင်း ကွဲပြားသော အယူအဆ အတွေးအမြင်သစ်အမျိုးမျိုးကို ဖြည်းဖြည်းချင်း လက်ခံနေရာပေးစပြုလာသည်နှင့်အတူ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအား စူးစမ်းသည့် သုတေသနများမှာလည်း အကြီးအကျယ် တိုးပွားလျက်ရှိသည်။ ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ရှိနေသည့် ပုဂ္ဂလိကအဖွဲ့အစည်းများ လူ့အဖွဲ့အစည်းများပါ ပါဝင်သည့် အဖွဲ့အစည်းအများအပြားက ကျယ်ပြန့်လှသော မူဝါဒနယ်ပယ်ပေါင်းစုံတွင် လေ့လာဆန်းစစ်ချက်များ ပြုလုပ်စေခဲ့ပါသည်။ သို့ရာတွင် အဆိုပါ စူးစမ်းမှုများထဲမှ မဆိုစလောက်ကသာ လူငယ်တို့၏ သဘောထားအမြင်ကို အလေးထားခဲ့ကြပါသည်။

အကြမ်းဖျဉ်းအားဖြင့် လူငယ်များသည် မြန်မာနိုင်ငံ လူဦးရေ၏ သုံးပုံတပုံခန့် ရှိပါသည်။[4] ယခုလေ့လာချက်တွင် လူငယ်များအဖြစ် ဖွင့်ဆိုထားသော လူမှုပထဝီအနေအထား သတ်မှတ်ချက်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်တမျှ အရေးပါလှပေသည်။ လူငယ်များသည် ခေါင်းဆောင်ရာထူးနေရာများကိုသာ ရယူကြလိမ့်မည်မဟုတ်ဘဲ အရပ်ဘက်လူ့ဘောင် အဖွဲ့အစည်းများ၊ တိုင်းရင်းသားရေးရာအဖွဲ့များ၊ နိုင်ငံရေး ပါတီများ၏ လူငယ် အဖွဲ့ခွဲများမှ တဆင့် ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖွေရှာလျက် အများအပြားမှာ နိုင်ငံရေးအရ တက်ကြွနေနှင့်ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လေးလံစွာ ပြုပြင်ပြောင်းလဲနေသော စီးပွားရေးတွင် စတင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် ပထမဆုံး မျိုးဆက်ဖြစ်သလို ခေတ်မီ ဆက်သွယ်ရေး နည်းပညာများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရသည့် ပထမဆုံး မျိုးဆက်လည်း ဖြစ်ပါသည်။ သူတို့၏ သဘောထားအမြင်၊ သဘောဆန္ဒများက တိုင်းပြည်၏ အသွင်ကူးပြောင်းမှုကို လာမည့် ဆယ်စုနှစ်များအတွင်း လမ်းကြောင်းဖော်သွားတော့မည်ဖြစ်ပေရာ လူငယ်ထု သဘောထားအမြင် သုတေသန၏ အရေးပါမှုမှာ ထင်ရှားလှပေသည်။

သုတေသန အရေအတွက်နည်းပါးပြတ်လပ်နေခြင်းက ထိရောက်သော မူဝါဒ ရရှိရန် တားဆီး ကန့်သတ်နေပါသည်။ မူဝါဒ ချမှတ်သူများအတွက်လူငယ်များ၏ အမြင်ကို ဒေသ၊ ကျား-မ၊ ပညာရေးအခြေအနေတို့ ကဲ့သို့ မရှိမဖြစ် လိုအပ်သည့် လူမှုပထဝီအနေအထား သတ်မှတ်ချက်များအလိုက် တနိုင်ငံလုံး အတိုင်းအတာဖြင့် ပြုလုပ်သော သုတေသနများ မရှိသေးပေ။ အစိုးရ၏ အစီအစဉ်များ၊ ပြည်ပနိုင်ငံများက ပံ့ပိုးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အနေဖြင့် လူငယ်များ၏ တန်ဖိုးထားမှု၊ စိတ်ဝင်စားမှု တို့နှင့်စပ်လျဉ်းသည့် လမ်းညွှန်များ နည်းပါးပြတ်လပ်နေပေရာ လူငယ်များအပေါ် သက်ရောက်နေသည့် အစီအစဉ်များအတွက် အကြီးအကျယ် အဟန့်အတား ဖြစ်နေပါသည်။

သုတေသီများက ဤအခက်အခဲကို သတိပြုမိကြပါသည်။ "မြန်မာနိုင်ငံရှိ လူငယ်များ၏ (အခြေအနေ၊ သဘောဆန္ဒ) တို့နှင့် စပ်လျဉ်းသည့် ကိန်းဂဏန်းအချက်အလက်များ မရှိခြင်းက နိုင်ငံတကာ ကူညီထောက်ပံ့ရေးအဖွဲ့များသာမက အစိုးရ ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပါအဝင် ဤသုတေသနတွင် ပါဝင်သူအများအပြားကို ထိခိုက်လျက်ရှိသည်"ဟု ခါထိုဖိုနှင့် အဖွဲ့၏ ပညာရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ၂၀၁၆ ခုနှစ် လေ့လာချက်တွင် ရေးသား ဖော်ပြခဲ့ပါသည်။ "အကျိုး ဆက်အနေဖြင့် နိုင်ငံတလွှားရှိလူငယ်များ၏ သီးခြား လိုအပ်ချက်များ၊ ကြောင့်ကြမကင်းမှုများနှင့် ဆီလျော်အောင် မွမ်းမံ ထားသည့် ထိရောက်သော မူဝါဒများချမှတ်ရာတွင် ဤအချက်က ရိုက်ခတ်လျက်ရှိပါသည်" ဟုလည်း ဆက်လက် ဖော်ပြထားပါသည်။ မျိုးဆက်သစ်မြန်မာ လေ့လာချက်က အဆိုပါ လိုအပ်ချက်ကို ကိုင်တွယ်ဖြေရှင်းရန် အစပြုလိုက်ခြင်း သာ ဖြစ်ပါသည်။

လက်ရှိ စာပေနှင့်ပညာရပ်ဆိုင်ရာ သုံးသပ်မှုအပေါ် တွေးဆဆင်ခြင်လျက် မျိုးဆက်သစ်မြန်မာ သည် ယခင် လေ့လာချက်များ တွင် ကြုံတွေ့ခဲ့ရသည့် အကန့်အသတ်များကို ကျော်လွှားရန် အရေအတွက် ပိုင်း သုတေသန နည်းနာကို အရည်အသွေးပိုင်း သုတေသန နည်းနာနှင့် ပေါင်းစပ် ဆောင်ရွက်ခဲ့ပါသည်။ မိမိတို့၏ နိုင်ငံတလွှားရှိ လူငယ် စစ်တမ်းသည် အကြောင်းရပ် အပေါ်ရှိ  လူငယ့်အမြင်ကို စူးစမ်းဖော်ထုတ် ထားသည့်အပြင်  အုပ်စုဖွဲ့ဆွေးနွေးမှုများ၊ အဓိက သတင်းအချက်အလက်ပေးသည့် လူတွေ့မေးမြန်း ချက်များက စစ်တမ်းတွေ့ရှိချက်များအား အရည်အသွေးပိုင်းအရ လေးနက်ခိုင်မာလာစေခဲ့ပါသည်။ မြန်မာနိုင်ငံ၏  လူမှုပထဝီ အနေအထားအရ မေးခွန်းထုတ်ထားသော်လည်းလက်ရှိစာအုပ်စာတမ်းများက တစိတ်တပိုင်းသာ နားလည်ထားသေးသည့် "မြန်မာနိုင်ငံ တလွှားမှ လူငယ်ထု ဘာတွေ စဉ်းစားနေကြသလဲ"ဟူသည့် အချက်အချာကျသော မေးခွန်းအတွက် နည်းလမ်းတခုစီက ပံ့ပိုးပေးလျက်ရှိပါသည်။

## စာပေနှင့်ပညာရပ်ဆိုင်ရာ လေ့လာသုံးသပ်ချက်

မြန်မာနိုင်ငံမှ လက်ရှိသုတေသနများက လူငယ်များကို မျက်ကွယ်မပြုပါ။ လေ့လာချက်အများအပြားက လူငယ်များ၏ ဘဝနှင့် စပ်လျဉ်းပြီး ချမှတ်ထားသော မူဝါဒများ၏ သက်ရောက်မှုကို ရှင်းလင်းဖော်ပြထားသလို တချို့ကလည်း သီးခြား မူဝါဒနယ်ပယ်များတွင် လူငယ်များ ပါဝင်သည့် အခန်းကဏ္ဍကို ဖော်ပြကြပါသည်။ အဆိုပါလေ့လာချက် အများစုက လူငယ် တို့၏ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုအပေါ် တိုက်ရိုက်  သက်ရောက်လျက်ရှိသော မူဝါဒနယ်ပယ်များ ကို အလေးထားကြပါသည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံရှိ ကျန်းမာရေး စောင့်ရှောက်မှုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများတွင် လူငယ်များ၏ ကျန်းမာရေး ရလဒ်များနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ ဖော်ပြထားပါသည်။ မြန်မာအစိုးရနှင့် ကုလသမဂ္ဂ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (UNFPA) တို့ ပူးပေါင်းပြုစုသော မူဝါဒစာတမ်းများတွင် လူငယ်ကျန်းမာရေးနှင့်ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက်များကို ကျယ်ပြန့်စွာ ဖော်ပြလျက် မူဝါဒ အကြံပြုချက်များကို ပံ့ပိုးနေသည့် လူငယ်ထု အမှုအကျင့် ယေဘုယျ အလားအလာများကို ရည်ညွှန်းဖော်ပြထားပါသည်။[5] မြန်မာ အစိုးရသည် ကျန်းမာရေး စောင့်ရှောက်မှု ကိန်း ဂဏန်း

[4] > မြန်မာအစိုးရနှင့် UNFPA က ပြုစုသည့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ရာ သန်းခေါင်စာရင်း ခြုံငုံသုံးသပ်ချက်၊ မြန်မာနိုင်ငံ (ဒီဇင်ဘာ၊ ၂၀၁၇)၊ စာ-၁၃ ပါ "မြန်မာ လူဦးရေ တြိဂံပုံ ၂၀၁၄"အမည်ရှိ ပုံ ၁.၂ ကို ရှု။ http://www.themimu.info/sites/themimu.info/files/documents/Report_Overview_Results_of_the_2014_Census_DOP_Dec2017.pdf တွင် ရယူနိုင်ပါသည်။ (၂၀၁၉ ခုနှစ် ဇန္နဝါရီလ ၂၂ ရက်တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်။)

[5] > ကျန်းမာရေးဝန်ကြီးဌာနရှိ မြန်မာအစိုးရနှင့် UNFPA တို့၏၂၀၁၃ ခုနှစ်ထုတ် "အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ကြီးကောင်ဝင်စများ၊ လူငယ်များ နှင့် အဆင်ပြေသည့် ကျန်းမာရေး ဝန်ဆောင်မှုလမ်းညွှန်၊ နေပြည်တော်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနရှိ မြန်မာအစိုးရနှင့် UNFPA တို့၏ ၂၀၁၃ ခုနှစ်ထုတ် "ကြီးကောင်ဝင်စများ၊ လူငယ်များ ကျန်းမာရေး စောင့် ရှောက်မှုအတွက် နိုင်ငံလုံးဆိုင်ရာ ဝန်ဆောင်မှု စံသတ်မှတ်ချက်များ၊ လမ်းညွှန် ချက်များ"ကို ရှု။  မြန်မာအစိုးရနှင့် UNFPA တို့၏ ၂၀၁၇ ခုနှစ်ထုတ် "၂၀၁၇ ခုနှစ် ပြည်လုံးကျွတ် လူငယ်ရေးရာ သတင်းအချက်အလက် ဌာနခွဲများ - အခြေအနေ ဆန်းစစ်ချက် အစီရင်ခံစာ"ကိုလည်း ရှု။

အချက်အလက်များ စုဆောင်းရန် မိမိတို့ကိုယ်ပိုင်စစ်တမ်းများ ကောက်ယူထားသော်လည်း ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ခန့်မှန်းရာတွင် ပြင်ပ ကိန်းဂဏန်း အချက်အလက်များကို စာစောင်တချို့က အားထားကြပါသည်။[6] ဥပမာအားဖြင့် ၂၀၁၆ ခုနှစ် လူမှုပထဝီ အနေအထား ကျန်းမာရေးစစ်တမ်းတွင် ကျောင်းနေသည့် နှုန်းနှင့် ပထမဆုံးလက်ထပ်သည့် အသက်အရွယ်တို့ကဲ့သို့ လူငယ်တို့၏ အမူအကျင့်ကို သီးခြားသတ်မှတ်ထားသည့် ကျန်းမာရေး ညွှန်းကိန်းများဖော်ပြထားပါသည်။[7]

အလားတူ သုတေသန အားထုတ်မှုများက ပညာရေးရလဒ်များ၊ အလုပ်ခန့်ထားမှု ရလဒ်များတွင် လူငယ်တို့၏ ယေဘုယျ အလားအလာများကို စူးစမ်းကြပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၆ သုတေသနတစောင်က ပညာရေးမူဝါဒ ပြုပြင်ပြောင်းလဲရေးကို အဆိုပြုရန် ကျောင်းသားအမြင်နှင့် တွဲဖက်လျက် ပုဂ္ဂလိက နည်းပြသင်ကြားမှု အခကြေးငွေ၊ တက္ကသိုလ် ဝင်တန်း နှုန်းထားတို့ကို စိစစ်ခဲ့ပါသည်။ (Spohr ၏ ၂၀၁၆ ခုနှစ်) ပညာရေးဝန်ကြီးဌာနမှ မူဝါဒစာရွက်စာတမ်းများက အသက်အရွယ် အုပ်စုအလိုက် ကျောင်းအပ်နှံမှု၊ ပြီးမြောက်အောင်မြင်မှု ကိန်းဂဏန်းများကို ရည်ညွှန်းဖော်ပြထားပါသည်။ (မြန်မာအစိုးရ၏ ၂၀၁၄ ခုနှစ်သတင်းစာများကလည်း အထူးသဖြင့် ရန်ကုန်မြို့တွင် လူငယ်များ အလုပ်အကိုင် ရရှိမှုကို သတင်းဖော်ပြလေ့ ရှိပါသလို တာဝန်ပေး၍ လုပ်စေသော လေ့လာချက် များက လူငယ်များ ရရှိနိုင်သည့် ငွေကြေးရင်းမြစ်များ ကို စိစစ်ထားကြပါသည်။[8] ကျန်းမာရေးစောင့်ရှောက်မှု သုတေသနများနည်းတူ အဆိုပါ အစီရင်ခံစာများသည်လည်း မိမိတို့၏ သက်ဆိုင်ရာ မူဝါဒနယ်ပယ်အတွင်းမှ လူငယ်တို့၏ အမူအကျင့်ကို ရှင်းလင်းဖော်ပြထားကြပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ဆောင်ရွက်ဆဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုကိုလည်း လေ့လာ လေ့ရှိပါသည်။[9] ပေါင်းစည်းလုပ်ငန်းအဖွဲ့က ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေသော ဆွေးနွေးချက် စာတမ်းတစောင်တွင် ဦးသိန်းစိန်အစိုးရလက်ထက်တွင်ရော လက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရ လက်ထက်တွင်ပါ ဆောင်ရွက်သည့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုကို အသေးစိတ်ထည့်သွင်း ဖော်ပြထားပါသည်။ ပြည်ပ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ပြုလုပ်ခဲ့သော အစောပိုင်း လေ့လာချက်များက ဘာသာပေါင်းစုံကြား စေ့စပ်ညှိနှိုင်းရေးအတွက် လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အသားပေး ဖော်ပြခဲ့ကြကာ နိုင်ငံရေးလုပ်ငန်းစဉ်၊ ပညာရေးတို့တွင် လူငယ်များပါဝင်မှုကို တိုးမြှင့်သွားရန် အဆိုပြုခဲ့ကြပါသည်။[10] ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုမှာလည်း ပြည်တွင်း ဂျာနယ်၊ မဂ္ဂဇင်းများကမကြာခဏ ဖော်ပြကြသော အကြောင်းအရာဖြစ်ပါသည်။ [11]

အရေအတွက်ပိုင်း ကိန်းဂဏန်းအချက်အလက်တချို့ ရရှိနိုင်သော်လည်း အထက်ပါသုတေသနစာတမ်း အများအပြားမှာ အရည်အသွေးပိုင်း သတင်းအချက်အလက်ကို အဓိက အားပြုထားကြပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် အိမ်ထောင်ပြုနှုန်း၊ ရွှေ့ပြောင်းအလုပ်လုပ်နှုန်း၊ စာတတ်မြောက်မှုနှုန်းတို့ ကဲ့သို့သော လူငယ်နှင့် စပ်လျဉ်းသည့် ကိန်းဂဏန်း ၄-၅ မျိုးကို ဖော်ပြထားကာ ကိန်းဂဏန်းတခုစီအတွက် အသက်အရွယ်အုပ်စုအလိုက် သီးခြားခွဲထုတ်ဖော်ပြထားပါသည်။ (မြန်မာနိုင်ငံအစိုးရ ၂၀၁၇-က၊ခ) ပြည်သူ့အင်အားဦးစီးဌာနက နောက်ပိုင်းတွင် ထုတ်ပြန်ခဲ့သော အကြောင်းအရာ အလိုက် အစီရင်ခံစာများတွင် လူမှုပထဝီ အနေအထားအရ လူငယ်များ၏ အခြေအနေကိုလည်း ကျယ်ပြန့်စွာ ဖော်ပြထားပါသည်။ (မြန်မာနိုင်ငံအစိုးရ ၂၀၁၇-ဂ) လူမှုရေး သဟဇာတဖြစ်မှု၊ နိုင်ငံရေး အသွင်ပြောင်းမှု အပေါ် အမြင်များနှင့် စပ်လျဉ်းပြီး ဖြည့်စွက်ပံ့ပိုးသည့် စစ်တမ်းများကို ကွဲပြားသဟအဖွဲ့ (၂၀၁၇-က၊ခ) က ကောက်ယူခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါစစ်တမ်းများကို ထုတ်ပြန်မထား သော်လည်း စစ်တမ်းပါ ကိန်းဂဏန်း အချက်အလက် များကို ဤလေ့လာချက်အတွက် ရည်ညွှန်းကိုးကားခဲ့ပါသည်။

## လက်ရှိသုတေသနများ၏ အကန့်အသတ်များ

မူဝါဒနယ်ပယ်တလွှား ခြုံလွှမ်းလျက် ရှိသည့် အထက်ဖော်ပြပါ လေ့လာချက်များသည် မူဝါဒချက်မှတ်သူများ၊ အလှူရှင် ဌာနအဖွဲ့အစည်းများ သာမကဘဲ လူငယ်များကိုယ်တိုင်အတွက်ပါ သိသိသာသာ အဖိုးတန်လှပါသည်။ အဆိုပါ အလားတူ မူဝါဒနယ်ပယ် အများအပြားကို မြန်မာအစိုးရ၏ ၂၀၁၈ ခုနှစ် လူငယ်ရေးရာမူဝါဒတွင် ဖော်ပြထားသည်မှာလည်း အမှန်ပင်။ (မြန်မာ့သတင်းစဉ်၏ ၂၀၁၈ ခုနှစ်ထုတ် "မြန်မာနိုင်ငံ လူငယ်ရေးရာ မူဝါဒ ထုတ်ပြန်) သို့ရာတွင် လူငယ်ထုအမြင်ကိုနားလည်သဘောပေါက်ရန်အတွက်မူ အဆိုပါ လေ့လာချက်များ၏ အသုံးဝင်မှုမှာ အောက်ဖော်ပြပါ အခရာကျသော နည်းလမ်း ၃ သွယ်တွင် တန့်နေပါသည်။

**၁. ကျဉ်းမြောင်းသော သုတေသန အလေးထားမှု။**

မူဝါဒအတွက်ရည်ရွယ် လုပ်ဆောင်သည့် သုတေသနက လူငယ်ထု အမြင်၏ အစိတ်အပိုင်း အနည်းငယ်မျှကိုသာ ကောက်နုတ်ယူနိုင်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ငြိမ်းချမ်းရေး တည်ဆောက်မှုတို့အတွက် ရည်ရွယ်သော လေ့လာချက်များက လူငယ်များ၏ အမြင်ကို ရှင်းလင်းဖော်ပြထားသည် ဆိုစေကာမူ၊ သက်ဆိုင်ရာအကြောင်းအရာ အပေါ်သာ လူငယ်တို့၏ အမြင်ကိုသာ အဓိက

6 > Track20 ၏ ၂၀၁၈ ခုနှစ်ထုတ် "မြန်မာနိုင်ငံမှ ကြီးကောင်ဝင်စများ၊ လူငယ်များကြား မိသားစုစီမံကိန်း အစီအစဉ်အတွက် အခွင့်အလမ်းများ ရရှိသုံးစွဲနိုင်ရေး"ကို ရှု။

7 > ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ICF တို့၏ ၂၀၁၇ ခုနှစ်ထုတ် "မြန်မာ့လူဦးရေဆိုင်ရာလေ့လာမှုနှင့် ကျန်းမာရေး စစ်တမ်း ၂၀၁၅-၂၀၁၆"

8 > ဒီဇင်ဘာလ ၁၅ ရက် မြန်မာတိုင်း(မ်) သတင်းစာပါ မြင့်မြတ်သူ၏ ၂၀၁၅ ခုနှစ်ထုတ် "ပိုကောင်းသည့် အချိန်ပိုင်းအလုပ်များကို လူငယ်များ မျှော်လင့်။"ဇူလိုင်လ ၂၅ ရက်ထုတ် Frontier Myanmar ပါ သီရိဟန်၏ ၂၀၁၆ ခုနှစ်ထုတ် "အလုပ်အကိုင်ရှာဖွေသူ လူငယ်များအတွက် အလားအလာပိုကောင်း သည့် အနာဂတ်။"UNIDO ဖရဲ့(န်)(ခ်)ဖှ့(ထ်)ရှိ International Projekt Consult GmbH ၏ ၂၀၁၅ ခုနှစ်ထုတ် "လူငယ်၊ အမျိုးသမီး စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် ငွေကြေးရရှိနိုင်မှု"စသည်တို့ကို ရှု။

9 > မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းမှ လူငယ်များနှင့် စပ်လျဉ်းသည့် အသုံးဝင်သော စာစုစာရင်းအတွက် Joint Peace Fund. n.d.၏ ""ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရင်းအမြစ်များ - လူငယ်"ကို ရှု။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်။ https://www.jointpeacefund.org/en/peace-process-resources-youth

10 > Grizelj, Irena ၏ ၂၀၁၇ ခုနှစ်ထုတ် မြန်မာနိုင်ငံမှ ဆွေးနွေးပွဲများ၊ ကြားဝင်ဖျန်ဖြေညှိနှိုင်းရေးများတွင် လူငယ်ထုအတွက် နေရာကို ရှု။ Cardozo et.al ၏ ၂၀၁၆ ခုနှစ်၊ Gray, Stephen, Josefine Roos တို့၏ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံမှ ဘာသာကွဲများကြား အကြမ်းဖက်မှု - နိုင်ငံတကာအကူအညီအတွက် အခွင့်အလမ်းများ၊ အန္တရာယ်များ၊ ပညာရေး၊ အယ်(မ်)စတာဒမ်မြို့ ယူနီဆက်ရုံးရှိ ပညာရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတို့နှင့်စပ်လျဉ်းသည့် ယာယီ ပူးပေါင်း သုတေသနအဖွဲ့၏ ၂၀၁၆ ခုနှစ် ထုတ် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းမှ ပညာရေး၏ အခန်းကဏ္ဍ နိုင်ငံအလိုက်အစီရင်ခံစာ - မြန်မာနိုင်ငံ"တို့ကိုလည်း ရှု။

11 > ဖေဖော်ဝါရီ ၂၅ ထုတ် မြန်မာတိုင်း(မ်)သတင်းစာပါ Danmark, Maria ၏ ၂၀၁၃ ခုနှစ်ထုတ် "လူငယ် ၂၀၁၃ ခုနှစ် အထူးအစီရင်ခံစာ - နိုင်ငံရေးတွင် လူငယ်များ ပါဝင်ပတ်သက်မှု"၊ မတ်လ ၃ ရက်ထုတ် Frontier Myanmar ပါ Grizelj, Irena ၏ ၂၀၁၇ ခုနှစ်ထုတ် "မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တွင် လူငယ်များအတွက် နေရာလပ် ရှိရမည်"၊ ဩဂုတ်လ ၁၃ ရက်ထုတ် The Irrawaddy ပါ ငြိမ်းငြိမ်း၏ ၂၀၁၈ ခုနှစ်ထုတ် "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ရေး လူငယ်များကို အားပေးသင့်ဟု စခန်းရောက် တက်ရောက်သူများက ဆို"၊ ဒီဇင်ဘာလ ၁ ရက်ထုတ် မြန်မာတိုင်း(မ်)သတင်းစာပါ လန်မင်းမန် ၏၂၀၁၈ ခုနှစ်ထုတ် "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပိုမိုကြီးမားသော အခန်းကဏ္ဍမှ ပါဝင်ခွင့်ရရေး တိုင်းရင်းသား လူငယ်များတောင်းဆို"တို့ကို ရှု။

ထားခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် အလုပ်အကိုင်ရရှိမှု လေ့လာချက်များသည် လုပ်သားဈေးကွက်အတွင်းမှ လူငယ်များ၏ အတွေ့အကြုံကို မူဝါဒချမှတ်သူများ နားလည်သဘောပေါက်လာစေရန် ပံ့ပိုးပေးနိုင်သော်လည်း နိုင်ငံတကာမျက်နှာစာမှ မြန်မာနိုင်ငံ၏ ဂုဏ်သတင်းနှင့်စပ်လျဉ်းသည့် လူငယ်ထုအမြင်ကို ဖော်ပြရန်မှာလက်လှမ်းမမှီပေ။

အလားတူပင် သီးခြားပြုလုပ်သော လေ့လာချက်များက လူငယ်များအတွက် ပြဿနာအရေးကိစ္စအမျိုးမျိုးမှ ဆက်စပ် အရေးပါမှုကို အဆုံးအဖြတ်မပေးနိုင်ပါချေ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များ ပါဝင်မှု အဆများစွာ တိုးပွားလာစေရန် အသေးစိတ်အကြံပြုချက်များကို အစီရင်ခံစာတစောင်က ပေးနိုင်သော်လည်း အဆိုပါ အစီရင်ခံစာတစောင်တည်းမျှဖြင့် အခြားအရေးကိစ္စများနှင့်နှိုင်းယှဉ်ပါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် လူငယ်တို့၏ စိတ်ဝင်စားမှု အတိုင်းအဆကို ဆန်းစစ်နိုင်မည်မဟုတ်ချေ။ မလုံလောက်လှသည့် အရင်းအမြစ်များဖြင့် ရပ်တည်နေရသည့် တာဝန်ရှိသူများအတွက် နှိုင်းယှဉ်လေ့လာစရာ သတင်းအချက်အလက် နည်းပါးမှုကြောင့် လုပ်သင့်လုပ်ထိုက်သည့်တိုင် ကွဲပြားခြားနားလှသည့် အစီအစဉ်အမျိုးမျိုးကြားတွင် ရွေးချယ် ဆုံးဖြတ်ရန် ခက်ခဲနေလေ့ရှိတတ်ပါသည်။

**၂. အများကို ကိုယ်စားမပြုသော နမူနာများ။**

မြန်မာနိုင်ငံမှ လူငယ်အမြင်ဟု ယူဆသော သီးခြားခေါင်းစဉ်အလိုက် လေ့လာချက်အများစုသည် အရည်အသွေး အခြေပြု သုတေသန နည်းနာများကို အဓိကအားဖြင့် အားထားကြပါသည်။ တန်ဖိုးရှိသည်မှာ မှန်သော်လည်း ထိုသို့သော အချက်အလက်များသည် တနိုင်ငံလုံးအတိုင်းအတာ၏ လူမှုပထဝီ အနေအထားအရ လူငယ်များကို ကိုယ်စားပြုပါသည်ဟု ဆို၍ မရစကောင်းပေ။ ထို့ပြင်လေ့လာချက် အတော်များများသည် ရန်ကုန်၊ မန္တလေးတို့ကဲ့သို့ မြန်မာနိုင်ငံ၏ အထင်ကရ မြို့ပြနယ်နိမိတ်တွင် ကောက်ယူသော သုတေသနကိုသာ အဓိက အမှီပြုလေ့ရှိပါသည်။

**၃ လူငယ်များ၏အမြင်ထက် လူငယ်များ၏ အမူအကျင့် ဦးစားပေးခြင်း။**

လူငယ်တို့နှင့်ပတ်သက်၍ တနိုင်ငံလုံး အတိုင်းအတာဖြင့်ကောက်ယူထားပြီး အများသူငါ ရယူသုံးစွဲနိုင်သည့် အရေအတွက်ပိုင်း ကိန်းဂဏန်း အချက်အလက်များသည် အထက်တွင်သုံးသပ်ခဲ့သော အရည်အသွေးပိုင်း လေ့လာချက်များ၌ ကြုံတွေ့ရသည့် ကိုယ်စားပြုမှု အဆီးအတားများကို ရှောင်လွှဲနိုင်ပါသည်။ သို့ရာတွင် အဆိုပါ သုတေသနသည် လူငယ်များ၏ သဘောထားနှင့် သဘာဆန္ဒများကို မဟုတ်ဘဲ သူတို့၏ အမူအကျင့်ကို ဖြစ်စေ၊ ပေါ်ထွက်လာသော ရလဒ်များကို ဖြစ်စေသာ အလေးထားကြပါသည်။ ဥပမာအားဖြင့် အသုံးဝင်သည့် လူငယ် အမူအကျင့် ညွှန်းကိန်းများကို ၂၀၁၄ ခုနှစ် မြန်မာ့သန်းခေါင်စာရင်း၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ အဖွဲ့က ပံ့ပိုးသည့် 'ယူ' အစီရင်ခံ စာ (၂၀၁၈) စသည်တို့တွင်တနိုင်ငံလုံး အတိုင်းအတာ ဖြင့် တင်ပြထားသော်လည်း လူငယ်များ၏ အတွေးအမြင် နှင့် ပတ်သက်၍မူ အနည်းငယ်မျှသော သတင်းအချက်အလက်သာ ပါဝင်ပါသည်။ ကျောင်းအပ်နှံမှု ကိန်းဂဏန်းများ၊ စာတတ်မြောက်မှု နှုန်း၊ ရွှေ့ပြောင်းအခြေချမှုပုံစံစသည်တို့ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်များမှာ တန်ဖိုးကြီးမား လှသော်လည်း လူငယ်များ၏ လောကအမြင်နှင့် ပတ်သက်၍မူ မဆိုစလောက် သတင်းအချက်အလက် ပေးရုံမှသည် မည်သည့် သတင်းအချက်အလက်မျှ မပေးသည်အထိ ဖြစ်နေပါသည်။

လက်ရှိ စာပေနှင့်ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများမှာ လူငယ်များနှင့်စပ်လျဉ်းသည့် အချက်အလက် ကြွယ်ဝလှသော်လည်း ထို့ထက် နက်နဲစွာ စူးစမ်းဖော်ထုတ်ရန် လိုအပ်ပါသည်။ လူငယ်များ၏ အမူအကျင့်နှင့် စပ်လျဉ်းသည့် သီးခြားအရေးကိစ္စအလိုက် သုတေသနများသည် တနိုင်ငံလုံးအတိုင်းအတာတွင်ရှိသည့် လူငယ်အများကို ကိုယ်စားမပြုသည့် ရင်းမြစ်များမှ ကိန်းဂဏန်း အချက်အလက်များအပေါ် အားထားနေရလေ့ရှိသောကြောင့် သက်ဆိုင်ရာ အကြောင်းအရာ၏ အရေးပါမှုအရ နှိုင်းယှဉ် သုံးသပ်ရန် ခက်ခဲသည့် တွေ့ရှိချက် အမျိုးမျိုးကိုထွက်ပေါ်လာစေပါသည်။ အဆိုပါရလဒ်မှာ သီးခြား ပြဿနာ အရေး ကိစ္စများနှင့် ဆီလျော်အောင် စီစဉ်မွမ်းမံထားသည့် ကြွယ်ဝသော အချက်အလက် စုဆောင်းမှုဖြစ်ပြီး လူငယ်တို့၏ သဘောထား၊ သဘောဆန္ဒများကို နားလည် သဘောပေါက်နိုင်သည့် အချက်အလက်မှာမူ ယေဘုယျအားဖြင့် မဆိုစလောက် အနည်းငယ်မျှသာ ပါရှိလေသည်။

ယခင် မည်သည့် လေ့လာချက်ကမျှ မြန်မာနိုင်ငံတလွှားရှိ လူငယ်များ၏ သဘောထားအမြင်ကို စူးစမ်းရန် ကြိုးပမ်းခဲ့ခြင်း မရှိသေးသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဤသည်မှာ လက်ရှိ စာအုပ်စာတမ်းများအတွက် မျိုးဆက်သစ်မြန်မာ လေ့လာချက်၏ ဖြည့်စွက်ပံ့ပိုးမှု မှာထင်ထင်ရှားရှားပင်ဖြစ်ပါသည်။ ဤလေ့လာချက်ပါ လတ်တလော အကြောင်းအရာပိုင်းအရ ကျယ်ပြန့်သည့် ဖြန့်ကျက်မှု၊ နမူနာ အခြေခံ စစ်တမ်း နည်းစနစ်၊ လူငယ်ထု အမူအကျင့်ထက် လူငယ်ထု သဘောထားအမြင်များကို ရှင်းလင်းပြည့်စုံစွာ အလေးထားမှုတို့ဖြင့် မျိုးဆက်သစ်မြန်မာ လေ့လာချက်သည် အထက်တွင်အသေးစိတ်ဖော်ပြထားသော သုတေသန လိုအပ်ချက်ကို စတင်ကိုင်တွယ်ဖြေရှင်းလိုက်ပါသည်။

## သုတေသနမေးခွန်းများ ဖော်ထုတ်သတ်မှတ်ခြင်း

မျိုးဆက်သစ်မြန်မာ လေ့လာချက်အတွက် သုတေသနမေးခွန်းများ ဖော်ထုတ်သတ်မှတ်ရာတွင် သုတေသနအဖွဲ့သည် စီမံကိန်း၏ အဓိက အုပ်စုဖြစ်သော လူငယ်ထု ပါဝင်ဆောင်ရွက်သည့် နည်းကို အသုံးပြုခဲ့ပါသည်။ လူငယ် ခေါင်းဆောင်များ၊ သုတေသနပိုင်း ကျွမ်းကျင်သူများ အဖွဲ့သည် သုတေသန အကောင်အထည်ဖော်ခြင်းကို အစမှ အဆုံးတိုင် ကြီးကြပ် ခဲ့သလို အကြံပေးဘုတ်အဖွဲ့က ထိုသူတို့၏ သုတေသနမေးခွန်းများကို စိစစ်တည်းဖြတ်ပါသည်။ စာပေနှင့်ပညာရပ်ဆိုင်ရာ ပြန်လှန်သုံးသပ်ချက် တွင် စူးစမ်းလေ့လာရမည့် နယ်ပယ် ၆ ခုကို သုတေသနအဖွဲ့က ရှာဖွေဖော်ထုတ်ပြီးနောက် အဆိုပြုလာသော မေးခွန်းများကို အကြံပေးဘုတ်အဖွဲ့က ပြန်လှန်သုံးသပ်ကာ အချောသတ်ပါသည်။

အဆိုပါ မေးခွန်းများကို ရွေးချယ်ရာတွင် သုတေသနအဖွဲ့သည် ယခင် လေ့လာချက်များမှ တွေ့ရှိချက်များကို ပုံတူကူးယူ ခြင်းထက် ယခင်တွေ့ရှိချက်များကို ပံ့ပိုးဖြည့်စွက်ခြင်းဖြစ်အောင် သေချာဆောင်ရွက်ပါသည်။ ယခင်လေ့လာချက်များက သတိမမူမိခဲ့သော နယ်ပယ်များကို ကိုင်တွယ်နိုင်မည့် မေးခွန်းများကိုလည်း သုတေသနအဖွဲ့က ရွေးချယ်ခဲ့ပါသည်။ ဗြိတိသျှကောင်စီမှ အခြားနိုင်ငံများတွင် ပြုလုပ်ခဲ့သော အခြား မျိုးဆက်သစ် လေ့လာချက်များကလည်း ယခု လေ့လာချက်ပါ မေးခွန်းများကိုအစဖော်ပေးခဲ့ပါသည်။

မျိုးဆက်သစ်မြန်မာလေ့လာချက်တွင်သုတေသနပြုခဲ့သော သဘောထားအမြင် နယ်ပယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

12 > ပါကစ္စတန် ဗြိတိသျှကောင်စီ၏ ၂၀၀၉ ခုနှစ်ထုတ် "ပါကစ္စတန်နိုင်ငံ - နောက်မျိုးဆက်"အခန်း ၂ ကို ရှု။ ဘင်္ဂလားဒေ့(ရှ်) ဗြိတိသျှကောင်စီ၏ ၂၀၁၅ ခုနှစ်ထုတ် "မျိုးဆက်သစ် ဘင်္ဂလားဒေ့(ရှ်) - ၂၀၁၅ ခုနှစ်နှင့် ယင်းနောက်ပိုင်း"စာ- ၂ ကိုလည်း ရှု။

## ဘဝ အခွင့်အလမ်းနှင့်၊ မျှော်မှန်းချက်များ

အခြားနိုင်ငံများတွင် ပြုလုပ်ခဲ့သည့် မျိုးဆက်သစ် လေ့လာချက်များတွင် ဘဝနှင့်ပတ်သက်ပြီး လူငယ်များ၏ ယေဘုယျ သဘောထား၊ မျှော်မှန်းချက်များကို ဆန်းစစ်ခဲ့ပါသည်။[12] ကျွန်ုပ်တို့ သိရှိနားလည်ရသလောက်ဆိုလျှင်အလားတူလေ့လာချက်မျိုး မြန်မာနိုင်ငံတွင် မရှိခဲ့ပါချေ။ ယခင်လေ့လာချက်များ၏ မူဝါဒ သီးခြားအလေးထားမှုအရ လက်ရှိ သက်ဆိုင်ရာ စာအုပ်စာတမ်းများသည် လူငယ်များ၏ အပေါ် သဘောထားနှင့်စပ်လျဉ်း၍လည်းကောင်း၊ ထိုအနာဂတ်မှ သူတို့၏ ရှေ့ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ပိုမို ယေဘုယျကျသော စူးစမ်း မေးမြန်းမှုများကို ချန်လှပ်ထားခဲ့ကြပါသည်။ မျိုးဆက်သစ်မြန်မာ လေ့လာချက်တွင် မြန်မာ လူငယ်များ၏ သဘောထားအမြင်ကို ပိုမို နားလည် သဘောပေါက်နိုင်ရန် ထိုသို့သော မေးခွန်းများကို ထည့်သွင်းထားကာ တနိုင်ငံလုံးအတိုင်းအတာနှင့် စနစ်တကျ မေးမြန်းသည်မှာ ပထမဆုံးအကြိမ် ဖြစ်ပါသည်။

လူငယ်များအား သူတို့၏ ပုဂ္ဂလိက ပန်းတိုင်များသာ မက သူတို့နှင့်သက်ဆိုင်သော ပြဿနာအရေးကိစ္စများကိုလည်း မေးမြန်းခဲ့ပါသည်။ သူတို့၏ ပန်းတိုင်ဆီ မရောက်ရှိအောင် ကာကွယ်တားဆီးလောက်သည်ဟု သူတို့ ရှုမြင်ခံစားရသော အရေးကိစ္စများနှင့်တကွ လူငယ်တို့၏ သဘောဆန္ဒများကို စူးစမ်းဖော်ထုတ်ခဲ့ပါသည်။ ယခင် လေ့လာချက်များအရ အလုပ်လက်မဲ့ဖြစ်ခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း၊ လူမှုမီဒီယာနှင့် အခြားကဏ္ဍများက လူငယ်ဘဝနှင့် သူတို့၏ အနာဂတ်မျှော်မှန်းချက်များအပေါ် မည်သို့မည်ပုံ အကျိုးသက်ရောက်နေသည်ကိုလည်း လူငယ်များအား မေးမြန်းခဲ့ပါသည်။

အသိအမှတ်ပြုထားသော သုတေသနနှင့် ချိတ်ဆက်မိနေစေရန် မျိုးဆက်သစ် မြန်မာလေ့လာချက်ပါ ဘဝ မျှော်မှန်းချက်နှင့်စပ်လျဉ်းသည့် မေးခွန်းများကို အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင် ရော်နယ်(လ်)(ဒ်) အင် ဂယ်(လ်)ဟာ့(ထ်) ဦးဆောင်သည့် ၂၀၁၈ ကမ္ဘာ့ တန်ဖိုးများ စစ်တမ်းတွင် မေးခဲ့သည့် မေးခွန်းများမှ အစဖော်ယူခဲ့ပါ သည်။ ကမ္ဘာ့ တန်ဖိုးများ စစ်တမ်းသည် ကမ္ဘာတဝှမ်းရှိ လူတို့၏ ယုံကြည်မှု၊ တန်ဖိုးထားမှု၊ ထက်သန်မှုတို့မှ အပြောင်းအလဲများကို သိပ္ပံပညာရှင်များ၊ မူဝါဒ ချမှတ်သူများနားလည်အောင် ပံ့ပိုးပေးရန် ကြိုးပမ်းခဲ့ပါသည်။ (ကမ္ဘာ့ တန်ဖိုး စစ်တမ်း - ရက်စွဲမရှိ) ၁၉၈၁ ခုနှစ်မှစတင်ပြီး ကမ္ဘာ့ တန်ဖိုးများ စစ်တမ်းကို တကမ္ဘာလုံးတွင် သီးခြားစီ ခြောက်ကြိမ်ခဲ့ကာ စစ်တမ်း ကောက်ယူ ခဲ့သည့်တိုင် မြန်မာနိုင်ငံကို တခါမျှ ထည့်သွင်းခဲ့ခြင်း မရှိပါချေ။ ပါဝင်သော မေးခွန်းများကို အခြေအနေ အချိန်အခါနှင့် လျော်ညီစေရန် အကြံပေးဘုတ်အဖွဲ့၏ အကူအညီဖြင့် ရေခံမြေခံ အခြေအနေနှင့် ကိုက်ညီအောင် မွမ်းမံခဲ့ပါသည်။

## တန်ဖိုးထားမှုများနှင့် ကိုယ်ပိုင်သရုပ်လက္ခဏာများ

မိသားစုမှသည် သူငယ်ချင်းအထိ၊ ပညာရေးမှသည် ဘာသာရေးအထိ လူငယ်တို့ တန်ဖိုးထားကြသော ဘဝ အမြင်များကို မျိုးဆက်သစ်မြန်မာက စူးစမ်းထားပါသည်။ အဆိုပါတွေ့ရှိချက်များက မြန်မာနိုင်ငံမှ နေ့စဉ် ဘဝ၏ ရှုပ်ထွေးနက်နဲသော အင်္ဂါရပ်ဖြစ်သည့် ကိုယ်ပိုင်သရုပ်လက္ခဏာအတွက် မေးခွန်းများကို သိရှိလာစေပါသည်။

ယူကရိန်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ပြုလုပ်ခဲ့သည့် မျိုးဆက်သစ် လေ့လာချက်များတွင် တွေ့ရှိခဲ့ရသော နမူနာများ[13] အရ လူငယ်တို့၏ အခြား ဘဝအမြင်များနှင့်နှိုင်းယှဉ်ပါက ဇာတိမျိုးနွယ်၊ ဘာသာရေးတို့အပေါ် လူငယ်များ၏ တန်ဖိုးထားမှု အတိုင်းအဆကို ဤမေးခွန်းများက အကဲဖြတ်ပေးပါသည်။ ထို့နောက် မြန်မာလူငယ်များကြား အဆိုပါ အမြင်များက ဇာတိမျိုးနွယ်၊ ဘာသာရေး ကိုယ်ပိုင်သရုပ်လက္ခဏာများအား မည်သို့မည်ပုံ အသိပေးနေသည်ကို ဤလေ့လာချက်က ဆန်းစစ်ပါသည်။ ကိုယ်ပိုင်သရုပ်လက္ခဏာနှင့် စပ်လျဉ်း သော မေးခွန်း များကိုအသေးစိတ်ဖော်ပြရာ တွင် လူငယ် အကြံပေး ဘုတ်အဖွဲ့၏ အကြံပြုချက်များ အပြင် အရှေ့တီမော၌ လူငယ် ကိုယ်ပိုင် လက္ခဏာများ ကာလအလိုက် အတက်အကျ ပြောင်းလဲမှု လေ့လာချက်ကိုဆောင်ရွက်ခဲ့သည့် ဩစတြေးလျ နိုင်ငံရေးသိပ္ပံပညာရှင် မိုက်ခယ်(လ်) လိ(ချ်)၏ လက်ရာ[22] အပါအဝင် ပညာရပ်ဆိုင်ရာ သုတေသန များမှပါ ထုတ်နှုတ်ရယူထားပါသည်။ (Leach, M ၏ ၂၀၀၈၊၂၀၁၂)

## လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု

မြန်မာနိုင်ငံ၏ အဖွဲ့အစည်း ထုံးဓလေ့သစ်များက လူငယ်များ ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းသစ်များ ရရှိလာစေသော်လည်း မဆိုစလောက် နည်းပါးလှသော လေ့လာချက်များကသာ ထိုအဖွဲ့အစည်းထုံးဓလေ့များအပေါ် လူငယ်တို့၏ စိတ်ဝင်စားမှုကို စူးစမ်းထားပါသည်။ ကျောင်းသားသမဂ္ဂ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ အခြား လူမှုရေး အဖွဲ့များတွင် လူငယ်များ ပါဝင်ပတ်သက်မှုကိုလည်းကောင်း၊ ပါဝင်ပတ်သက်မှု မရှိ ခြင်းကိုလည်းကောင်း မျိုးဆက်သစ် မြန်မာ လေ့လာချက်က လူငယ်တို့အား မေးမြန်းထားပါသည်။ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုသည် မြန်မာနိုင်ငံတွင် ထွန်းသစ်စ စံသတ်မှတ်ချက် ဖြစ်နေပြီလော၊ ဖြစ်ပြီ ဆိုပါကမည် သည့်အတိုင်းအတာအထိနည်းဆိုသည်များကို ဤမေးခွန်းများက မေးမြန်းထားပါသည်။ အဆိုပါ အခွင့်အလမ်းအသစ်များကို အသုံးချရာတွင် လူငယ်အုပ်စုအမျိုးမျိုးကြား ကွာဟ ခြားနားချက်ကိုလည်း ဤလေ့လာချက်က ဆန်းစစ်ပါသည်။

## အဖွဲ့အစည်းများအပေါ် သဘောထား

ပါကစ္စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံတို့တွင် ပြုလုပ်ခဲ့သော မျိုးဆက်သစ် လေ့လာချက်များနည်းတူ လူငယ်တို့ နေထိုင်ရာ နိုင်ငံရေး၊ လူမှုရေး အဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် မေးခွန်းအမျိုးမျိုးမှာ မျိုးဆက်သစ် မြန်မာ လေ့လာချက်တွင် ပါဝင်ပါသည်။ စစ်တမ်းမေးခွန်းများသည် လွှတ်တော်၊ စစ်တပ်၊ ဘာသာရေးအဖွဲ့ အစည်းများကဲ့သို့ တရားဝင် အဖွဲ့အစည်းများသာမက အခြားအဖွဲ့အစည်းများနှင့် ယဉ်ကျေးမှု စံသတ်မှတ်ချက်များအပေါ်တွင်ပါ လူငယ်များ၏ သဘောထားအမြင်ကို စစ်တမ်း မေးခွန်းများက စိစစ်ပါသည်။ "လူမှုရေး နယ်ပယ်"ဟု တခါတရံ ပေါင်းရုံးခေါ်ဆိုသည့် အဆိုပါ လူမှုအဆောက်အအုံများမှာ လူငယ်များအနေဖြင့် မိမိတို့၏ ဘဝလမ်းကြောင်း ဦးတည်ရာကို မဖြစ်မနေ ပြင်ဆင် ဖော်ဆောင်ရာတွင်သက်ရောက်မှုရှိသည့် လူမှုနိုင်ငံရေးအင်အားစု များပင် ဖြစ်ပါသည်။[14]

လူငယ်များနှင့် အဓိကဆက်စပ်နေသော ကျား၊မ အခန်းကဏ္ဍများ၊ ပေါ်ထွန်းစ လူမှုရေး လှုပ်ရှားမှု စံသတ်မှတ်ချက်များ၊ လူငယ်တို့၏ လူမှုရေး နယ်ပယ်တွင် ပါဝင်သော အခြားအစိတ်အပိုင်းများ အပေါ် လူငယ်တို့၏ သဘော ထားအမြင်ကို ဤလေ့လာချက်တွင် ပါဝင်သော မေးခွန်းများက ရှာဖွေဖော်ထုတ်ထားပါသည်။ ရှေးကျသော ခေါင်းဆောင်မှုအား ထူးထူးခြားခြား လိုလားပုံရသည့် မြန်မာနိုင်ငံ၏ ညွတ်တိမ်းမှုကြောင့် 'လူကြီးသူမများ'

13 > ဗြိတိသျှကောင်စီ ယူကရိန်း၏ ၂၀၁၅ခုနှစ်ထုတ် မျှော်လင့်ချက်၊ ပူပင်မှု၊ အိပ်မက် - ယူကရိန်းနိုင်ငံ၏ နောက်မျိုးဆက်အမြင်များကို ရှု။ ဗြိတိသျှကောင်စီ ဘင်္ဂလားဒေ့(ရှ်)၊ ၂၀၁၅ ခုနှစ်ကိုလည်း ရှု

14 > လူမှုရေး မြေမျက်နှာပြင် အယူအဆ ဥပမာအတွက် Vigh, Henrik ၏ ၂၀၀၆ ခုနှစ်ထုတ် "စစ်ပွဲမြေမျက်နှာပြင်တွင် လမ်းကြောင်းဦးတည်ရာကို ပြင်ဆင် ဖော်ဆောင်ခြင်း - ဂီနီ-ဘီစောမှ လူငယ်များနှင့် စစ်သားလုပ်ခြင်း။"စစ်ပွဲမြေမျက်နှာပြင်တွင် လမ်းကြောင်းဦးတည်ရာကို ပြင်ဆင် ဖော်ဆောင်ခြင်း - ဂီနီ-ဘီစောမှ လူငယ်များနှင့် စစ်သားလုပ်ခြင်း ၁၃ ၊ ၁-၂၅၈ ကို ရှု

နှင့်သက်ဆိုင်သည့် မေးခွန်းများ လည်း ထည့်သွင်းထားပါသည်။ ပေါင်းစည်းလုပ်ငန်း အဖွဲ့က ပြုလုပ်ခဲ့သော သုတေသနအပေါ်တွင် ထိုမေးခွန်းများကို အခြေခံထားပါသည်။ ထိုအဖွဲ့၏ ၂၀၁၇ ခုနှစ် အစီရင်ခံစာ (၂၀၁၇၊ စာ-၄၆) သည် ဆက်လက်လေ့လာရန် အရေးကြီးသော လူမှုအဆောက်အအုံအဖြစ် မျိုးဆက် အချင်းချင်းကြား ဆက်ဆံရေးကို ဖော်ထုတ် တွေ့ရှိခဲ့ပါသည်။[24]

## အပြောင်းအလဲကာလ မြန်မာနိုင်ငံ

သိသာထင်ရှားသော အပြောင်းအလဲကာလကို ရင်ဆိုင်နေရသောနိုင်ငံများတွင် မျိုးဆက်သစ် လေ့လာချက် များကို ပြုလုပ်မြဲဖြစ်ပါသည်။ နက်နဲ ရှုပ်ထွေးသော ဒီမိုကရေစီအသွင်ကူးပြောင်းမှု၊ ဆောင်ရွက်ဆဲ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့ဖြင့် မြန်မာနိုင်ငံသည် သိသိသာသာ ပြောင်းလဲနေပါသည်။ အဆိုပါ အသွင်ကူးပြောင်းမှုများတွင် လူငယ်များ ပါဝင် ဆောင်ရွက်နေသော အခန်းကဏ္ဍကို စူးစမ်း ဖော်ထုတ်သည့် လေ့လာချက် ၄-၅-၆ ခု ရှိသော်လည်း (ပေါင်းစည်းလုပ်ငန်းအဖွဲ့ ၂၀၁၇) မဆိုစလောက် အနည်းအပါးကသာ အဆိုပါ အသွင်ကူးပြောင်းမှုများ အား မြန်မာနိုင်ငံမှ လူငယ်များ မည်သို့မည်ပုံ နားလည် သဘောပေါက်လာခဲ့ပြီဆိုသည်ကို အသေးစိတ် ဖော်ပြထားပါသည်။

မျိုးဆက်သစ်မြန်မာ လေ့လာချက်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် စသည်တို့ သာမကဘဲ ယင်းလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်နေသူ အမျိုးမျိုးနှင့် စပ်လျဉ်းသည့် မေးခွန်းများပါ ထည့်သွင်းထားပါသည်။ တိုင်းပြည်၏ ပြောင်းလဲနေသော အဖွဲ့အစည်း များအပေါ် လူငယ်များ မည်မျှ ယုံကြည် စိတ်ချသည်၊ အဆိုပါ အပြောင်းအလဲများကို ဤတိုးတက်မှုအဖြစ် မြင်၊ မမြင်စသည်တို့ကို ဤမေးခွန်းများဖြင့်အကဲဖြတ်ပါ သည်။ တိုင်းပြည်၏ အပြောင်းအလဲများတွင် ပါဝင်ပတ်သက်ခွင့်ရသည်ဟု လူငယ်များ ခံစားရသည့် အတိုင်းအဆကိုလည်း ထိုမေးခွန်းများက စူးစမ်းဖော်ထုတ်ထားပါသည်။

## ကမ္ဘာ့အလယ်က မြန်မာ

လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံက ကမ္ဘာကြီးကို တံခါးဖွင့်ပေးလိုက်သလို ကမ္ဘာကြီးက လည်း မြန်မာနိုင်ငံကို တံခါးဖွင့်ပေးလိုက်ပါသည်။ အဓိကအားဖြင့် ဒီမိုကရေစီပြယုဂ်တခုအဖြစ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတကာ ဂုဏ်ဒြပ် ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာအသိုင်းအဝိုင်းက အကောင်း မြင်ခဲ့ကြပါသည်။ သို့ရာတွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ရခိုင်ပြည်နယ်မှ အခြေအနေ ဆိုးရွားလာသည်နှင့်အမျှ ပြည်ပတွင် တိုင်းပြည်၏ ဂုဏ်သတင်း ညှိုးနွမ်းခဲ့ပြီးထိုအကောင်းမြင်မှုမှာလည်း သိသိသာသာ ပျက်စီးသွားခဲ့ပါသည်။ အမျိုးသားရေးတက်ကြွသူများ၏ နိုင်ငံတွင်းကာကွယ် တုံ့ပြန်ချက်ကလည်း မီးပွား တစ်စ ဖြစ်စေခဲ့ကာ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ကိုမေးခွန်းထုတ်စရာဖြစ်စေခဲ့သည်။

လူထု သဘောထား ခံယူချက်များအပါအဝင် ရခိုင်ပြည်နယ် အခြေအနေ အစီရင်ခံစာ အများအပြား ရှိသော်လည်း လူငယ်များအား သီးသီးသန့်သန့် ဖော်ပြထားသည်မှာမူ မဆိုစလောက် အနည်းငယ်မျှသာ ရှိပါသည်။ မျိုးဆက်သစ်မြန်မာ လေ့လာချက်တွင် အခြားနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ ဆက်ဆံရေး၊ မြန်မာနိုင်ငံအား ပြည်ပ ဝေဖန်ချက်များ အပေါ် သူတို့ခံစားရပုံ၊ မြန်မာနိုင်ငံ၏ ကမ္ဘာ့အလယ် ရပ်တည်မှုက သူတို့အတွက် မည်မျှ အရေးပါသည် ဆိုခြင်းတို့နှင့် စပ်လျဉ်းပြီး လူငယ်များ အလေးအနက် ဆင်ခြင်သုံးသပ်ဖြစ်စေသည့် မေးခွန်းများကို ထည့်သွင်းထားပါသည်။



# > အခန်း (၂) နည်းစနစ်

လူငယ်များ၏ သဘောထားအမြင်နှင့် စပ်လျဉ်းသည့် ကိန်းဂဏန်းအချက်အလက် စုဆောင်းရန် မျိုးဆက်သစ်မြန်မာ လေ့လာချက်က အရည်အတွက်ပိုင်း သုတေသန နည်းစနစ်ရော အရည်အသွေးပိုင်း သုတေသနနည်းစနစ်ပါ အသုံးပြုခဲ့ ပါသည်။ သက်ဆိုင်ရာ စာပေနှင့်ပညာရပ်ဆိုင်ရာ သုံးသပ်ချက်မှ တွေ့ရှိထားသော ခေါင်းစဉ်တခုစီနှင့် စပ်လျဉ်းသည့် လူငယ်များ၏ အမြင်ကို စစ်တမ်းမေးခွန်းများ၊ စေ့စပ်သော လူတွေ့မေးမြန်းမှုများ၊ အုပ်စု ဆွေးနွေးပွဲများဖြင့် မှတ်တမ်းယူခဲ့ပါသည်။ လုပ်ငန်းစဉ်တလျှောက်တွင် သုတေသနအဖွဲ့သည် လေ့လာချက်ကို အဓိကကျပြီးနက်နဲစွာနားလည်နိုင်စေသည့် လူငယ်ခေါင်းဆောင်များ၊ သုတေသနပိုင်း ကျွမ်းကျင်သူ လုပ်ငန်းအဖွဲ့တို့နှင့် မပြတ်ဆွေးနွေးခဲ့ပါသည်။

လေ့လာချက်၏ ပထမဆုံးမှာ နိုင်ငံတဝှမ်းရှိ အသက် ၁၈ နှစ်မှ ၃၀ ကြား လူပုဂ္ဂိုလ်များ အိမ်ထောင်စု စစ်တမ်း ဖြစ်ပါသည်။ [15] ၂၀၁၈ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအတွင်း စုစုပေါင်း လူပုဂ္ဂိုလ် ၂,၄၇၃ ဦးကို စစ်တမ်းကောက်ယူခဲ့ပါသည်။ ကျား-မ၊ အသက်၊ ပညာအရည်အချင်း၊ ဝင်ငွေ၊ ကိုးကွယ်သည့် ဘာသာ၊ အခြား အဓိကကျသော လူမှုပထဝီ သတ်မှတ်ချက်များဖြင့် ခွဲထုတ်ထားသော ကိန်းဂဏန်းအချက်အလက်များအား ဆန်းစစ် နိုင်သည့် နမူနာရရှိရန် ထိုစစ်တမ်းက ရည်ရွယ်ပါ သည်။ နမူနာကို အဆင့်စုံ အလွှာလိုက် ပေါင်းရုံးထား သည့် နမူနာပုံစံဖြင့် နမူနာကို ရေးဆွဲခဲ့ပါသည်။ တနိုင်ငံ လုံး ကိုယ်စားပြုမှု ရရှိရန် ရည်ရွယ်ခဲ့သော် လည်း မြန်မာနိုင်ငံလို မျိုးစုံကွဲပြားပြီး ပထဝီ အနေအထားအရ ခြားနားသည့် နိုင်ငံ၌ သီးသီးသန့်သန့် ဖြစ်နေသည့် ရပ်ရွာအသိုင်းအဝိုင်းများ (ဥပမာအားဖြင့် ဘာသာရေးအရဖြစ်စေ၊ လူမျိုးစုအရဖြစ်စေ) အား ကိုယ်စားမပြုနိုင်ခြင်းကို ရှောင်လွှဲ၍ မရနိုင်ပါ။ အများစုမှာ ကျပန်း နမူနာ ကောက်ခဲ့ရခြင်းကြောင့် ပဋိပက္ခ ဖြစ်ပွားနေသော နယ်မြေများမှ လူငယ်များကို နမူနာကောက်ယူမှုမှာ လိုသည်ထက် လျော့ပါးခဲ့ပါသည်။ သို့ရာတွင် ပဋိပက္ခ ဖြစ်ပွားနေသော နယ်မြေများမှ လူငယ်ထု သဘောထားအမြင်များကို ရန်ကုန်နှင့် တကွ အခြားနေရာများတွင် ပြုလုပ်သည့် အဓိက သတင်းအချက်အလက်ပေးသူ လူတွေ့မေးမြန်းမှုများ၊ ဆွေးနွေးစကားဝိုင်းများမှတဆင့် ရယူခဲ့ပါသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံအတွင်းရှိ တည်နေရာ အမျိုးမျိုးတွင် ပြုလုပ်ခဲ့သော နောက် ဆက်တွဲ အဓိက သတင်းအချက်အလက်ပေးသူ လူတွေ့မေးမြန်းမှုများ၊ ဆွေးနွေးစကားဝိုင်းများကို စစ်တမ်း၏ တွေ့ရှိချက်များ က ရရှိစေခဲ့ပါသည်။ ထိုကဲ့သို့ လူကိုယ်တိုင် တွေ့ဆုံမှုများက သုတေသနအဖွဲ့အနေဖြင့် ယနေ့ခေတ် လူငယ်များအပေါ် သက်ရောက်နေသည့် အဓိက အရေးကိစ္စများနှင့်ပတ်သက်သည့် စစ်တမ်း၏ အရေအတွက်ပိုင်း အချက် အလက်များကို အရည်အသွေးပိုင်း အချက်အလက်များဖြင့် ဖြည့်စွက် ယူနိုင်စေခဲ့ပါသည်။ အားလုံးပေါင်းလျှင်ဆွေးနွေး စကားဝိုင်းများ ၈ ခု၊ စေ့စပ်သော လူတွေ့မေးမြန်းမှု ၁၈ ခုတို့ကို ပြုလုပ်ခဲ့ပါသည်။

စစ်တမ်း၏ တွေ့ရှိချက်များကိုလည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံ၏ ဒေသအမျိုးမျိုးတွင် ပြုလုပ်ခဲ့သည့် မူဝါဒပိုင်း ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ငါးပွဲတွင် ပြန်လည်သုံးသပ်ခဲ့ပါသည်။ အဆိုပါ လက်တွေ့ အပြန်အလှန် ဆွေးနွေးပွဲ များအတွင်း တက်ရောက်လာကြသူများသည် လေ့လာချက်မှ ထွက်ပေါ်လာသည့် တွေ့ရှိချက်များကို ဆင်ခြင်သုံးသပ်ကာ တွေ့ရှိချက်များပေါ်အခြေခံသည့် မူဝါဒအကြံပြုချက်များ ကြံဆခဲ့ကြပါသည်။ ဤလေ့လာချက်အတွက် စစ်တမ်း ကောက်ခဲ့သော လူပုဂ္ဂိုလ် ၂,၄၇၃ ဦးအပြင် နိုင်ငံတဝှမ်းမှ လူငယ် ၂၀၀ ခန့်ကလည်း ဤအစီရင်ခံစာကို ဝိုင်းဝန်းပံ့ပိုး ပေးခဲ့ကြပါသည်။

နည်းစနစ်ပိုင်းနှင့် စပ်လျဉ်းသည့် ပိုမိုအသေးစိတ် ကျသည်များကို နောက်ဆက်တွဲ(က)တွင် ကြည့်ပါ။

15 > ဤလေ့လာချက်တွင် လူငယ်လူရွယ်ကို အသက် ၁၈ မှ ၃၀ အတွင်းဟု သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံမှ အဖွဲ့အစည်းအများအပြားက  ပိုမို ကျယ်ပြန့်သော အသက်အပိုင်းအခြားကို အသုံးပြုကြပါသည်။ အချို့သောကိစ္စများတွင် ဤလေ့လာချက်မှ သုတေသီများသည် မြန်မာအစိုးရ၏ တရားဝင် လူငယ်ရေးရာ မူဝါဒအဖြစ်ရှိသည့် အသက်အပိုင်းအခြားအတိုင်း ၁၅ နှစ် မှ ၃၅ နှစ်အတွင်း လူငယ်များကို လက်ခံသည့် လူငယ်အဖွဲ့အစည်းဝင်များကို လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အတော်များများက အသက် ၃၀ မှ ၃၅ နှစ်အရွယ်ရှိ သူများကို လူငယ်အဖြစ် ယူဆလေ့ရှိသည်ကို အသိအမှတ်ပြုလျက် ဖြစ်တောင့်ဖြစ်ခဲ အခြေအနေတွင် ထိုသို့သော လူတွေ့မေးမြန်းမှုများမှ စုဆောင်းထားသည့် အရည်အသွေးပိုင်း အချက်အလက်များ ကို ဤလေ့လာချက်တွင် ထည့်သွင်းထားပါသည်။ နောက်ဆက်တွဲ (၁) မှ လူဦးရေဆိုင်ရာအချက်အလက် - နည်းစနစ်နှင့် ချဉ်းကပ်ပုံကို ရှု။



# အခန်း (၃) စမ်းစစ်လေ့လာချက်နှင့် တွေ့ရှိချက်များ

## ဘဝ အခွင့်အလမ်းနှင့် မျှော်မှန်းချက်များ


မြန်မာနိုင်ငံရှိလူငယ်များသည် အကောင်းမြင်သူများ ဖြစ်ပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် လူငယ် ၆၇.၉ % က မြန်မာ နိုင်ငံမှ ဘဝအရည်အသွေးမှာ လာမည့် ၅ နှစ်အတွင်း တိုးတက်ကောင်းမွန်လာမည် ဟု ယူဆကြပြီး ၇ % ကသာ ပိုဆိုး သွားလိမ့်မည်ဟု ခန့်မှန်းကြပါသည်။ သူတို့၏ ကိုယ်ပိုင် ဘဝနှင့် ပတ်သက်၍ မေးမြန်းသောအခါ ၂.၇ % ကသာ ပိုဆိုးသွားလိမ့်မည်ဟု ထင်မှတ်လျက် ၇၅.၉ % ကမူ တိုးတက်လာလိမ့်မည်ဟု ယူဆကြပါသည်။ ပညာတတ် လူငယ်များကြားတွင် အဆိုပါ အချိုးမှာ သာ၍ပင် များပြားပါသည်။ တက္ကသိုလ်ပညာ ရှိသော ဖြေကြားသူ ၈၅.၈ % က သူတို့၏ အနာဂတ်မှာ ပစ္စုပ္ပန်ထက်ပိုမို တောက်ပလိမ့်မည်ဟု ယူဆကြပါ သည်။ ဤသို့သော အကောင်းဘက်က အမြင် အများအပြားမှာ စွမ်းရည်မြှင့် တင်ခြင်းဆိုင်ရာ အခွင့်အလမ်းသစ်၊ နိုင်ငံရေးအရ ပါဝင်ပတ်သက်မှု အခွင့်အလမ်းသစ်များမှ ပေါ်ပေါက်လာပါသည်။

သို့ရာတွင် လူငယ်များ၏ အကောင်းမြင်မှုမှာ မျက်ကန်းသဘော မဟုတ်ပါချေ။ သူတို့၏ ပန်းတိုင်ဆီ မရောက်အောင် ပိတ်ပင်သည်ဟု သူတို့ခံစားနေရ သည့် ပြဿနာ အထွေထွေအတွက် ကြောင့်ကြမှုကို ဤလေ့လာချက်တွင် ဆွေးနွေးခဲ့ သော လူငယ်များက ပြောဆိုခဲ့ကြပါသည်။ အလုပ်လက်မဲ့ဖြစ်မှု၊ ရာဇဝတ်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လူမှုရေး မီဒီယာ စွဲလန်းမှု၊ ကန့်သတ်ချုပ်ချယ်သော မိဘအုပ်ထိန်းမှုတို့မှာ လူငယ်များကြား ကျယ်ပြန့်စွာ စွဲမြဲနေသည့် စိုးရိမ်မကင်းမှုများ ဖြစ်သလို သူတို့အနေဖြင့် ကျော်လွှားရမည့် ပြဿနာများလည်း ဖြစ်နေပါသည်။

## အနာဂတ်ပန်းတိုင်များ

လူငယ်အများစုက အနာဂတ်တွင် သူတို့၏ အခြေအနေ တိုးတက်ကောင်းမွန်လာလိမ့်မည်ဟု ယူဆကြသည်ဆိုလျှင် သူတို့မည်သည့်အရာကို ရရှိအောင်မြင်ရန် မျှော်လင့်ထားကြပါသနည်း။ စစ်တမ်းကောက် လိုက်သောအခါ လူငယ်များသည် ရိုးစင်းသည့် မျှော်လင့်ချက် သုံးရပ်ကို ဦးစားပေးထား ကြပါသည်။ ယင်းတို့မှာ ငွေအမြောက်အများ ရှာဖွေရန်၊ ငြိမ်းချမ်းစွာ နေထိုင်နိုင်ရန်၊ အလုပ်အကိုင် ကောင်းကောင်း ရရှိရန်တို့ပင် ဖြစ်ပါသည်။ ထူးထူးခြားခြားမှာ ကလေးယူရန်ဖြစ်စေ၊ အိမ်ထောင် ပြုရန်ဖြစ်စေတို့မှာ စစ်တမ်းကောက်ခဲ့သော လူငယ်များကြားတွင် အရေးမကြီးဆုံးဟု အဆင့် သတ်မှတ်ကြပါသည်။ အမျိုးသား၊ အမျိုးသမီးတို့သည် နှစ်ခုစလုံးအတွက် အမြင်အမျိုးမျိုးကို ဖော်ထုတ် ခဲ့ကြပါသည်။ အိမ်ထောင်ပြုခြင်းမှာ အရေးကြီးသည် ဟု ပြောသည့် အမျိုးသားဖြေဆိုသူ (၄၈.၄ %) က အမျိုးသမီး (၃၉.၃ %)ထက် များပါသည်။ အိမ်ထောင်ပြုရန်မှာ အရေးမကြီးဟု ပြောသူ အမျိုး သမီးမှာလည်း ပိုများပါသည် (၃၀.၆ % ဖြစ်ပါသည်)။ အလားတူပင်၊ ကလေးယူရန် အရေးကြီးသည်ဟု လည်း အမျိုးသားက ပိုပြောကြပါသည်။ ထိုသို့ ဖြေဆိုသည့် အမျိုးသမီး ၄၅.၈ %နှင့် နှိုင်းစာလျှင် အမျိုးသား ထက်ဝက်ကျော် ( ၅၃.၉ % ) က အနာဂတ်တွင် ကလေးယူ ရန်မှာ သူတို့အတွက် အရေးကြီးသည်ဟု ယူဆကြပါသည်။ ကလေး ပြုစုပျိုးထောင်မှု တာဝန်ဝတ္တရားအများစုမှာ အမျိုး သမီးများအပေါ်တွင်သာ ကျရောက်ပေရာ အိမ်ထောင်ပြုခြင်းသည်လည်းကောင်း၊ မိခင်ဘဝ သည်လည်းကောင်း အခြား ဦးစားပေးကိစ္စရပ်များနှင့် ချိန်ထိုးနေရသည့် ခံစားချက်ကို ဖြေကြားသူ အမျိုးသမီးများက ပြောကြားပါသည်။ သို့ဖြစ်ရာ သူတို့အနာဂတ် အတွက် အိမ်ထောင်ပြုခြင်းကသော် လည်းကောင်း၊ မိသားစုကသော်လည်းကောင်း

အနာဂတ်အတွက် မျှော်လင့်ချက်တွေ၊ ပန်းတိုင်တွေ အရေးပါပုံ



အဖိုးတန်သည်ဟု  အတူတူ ဖြေကြားသူ အမျိုးသားများလောက် မယူဆခြင်းလည်း ဖြစ်နိုင်ပါသည်။

လူတွေ့မေးမြန်းမှုများ၊ ဆွေးနွေးစကားဝိုင်းများတွင် အဆိုပါ ရည်မှန်းချက်များအတိုင်း ရရှိရန် ခက်ခဲသော်လည်း ယခင်က ထက် ပိုဖြစ်နိုင်သည်ဟု လူငယ်အများအပြားက ဆိုကြပါသည်။ လေ့ကျင့်သင်ယူမှု၊ အခွင့်အလမ်းသစ်များ၊ နိုင်ငံရေးတွင် ပိုမိုပတ်သက်ပါဝင်ခြင်းများက မိမိတို့ ရင်ဆိုင်နေရသော အဆိုပါ အတားအဆီးများကို ကျော်လွှားရန် ပံ့ပိုးပေးနိုင်သည်ဟု လူငယ်များက ယူဆကြပါသည်။

## လေ့ကျင့်သင်ယူမှု အခွင့်အလမ်းများ

**"လူငယ်တွေရဲ့ ကျွမ်းကျင်မှုစွမ်းရည်ကို မြှင့်တင်ပေးတဲ့ အဖွဲ့တွေ၊ လူမှုရေးအဖွဲ့အစည်းတွေ အများကြီး ရှိနေပြီမို့ လူငယ်တွေရဲ့ အနာဂတ်က တောက်ပနေပါတယ်။ ကြက်ခြေနီထဲ မဝင်ခင်ကဆိုရင် ပြင်ပကမ္ဘာကြီးအကြောင်း နကန်းတလုံးတောင် ကျွန်တော် မသိခဲ့ပါဘူး"**

မွန်ပြည်နယ်မှ ကျောင်းသား တက်ကြွလှုပ်ရှားသူ ၊ အသက် ၂၆ နှစ်

လေ့ကျင့်သင်ယူမှု အခွင့်အလမ်း ပိုများလာခြင်း ကျေးဇူးကြောင့် သူတို့၏ အနာဂတ်ပန်းတိုင်ဆီ ပို၍ ထွန်းပေါက်ရောက်ရှိ နိုင်သည်ဟု လူငယ်အများအပြားက ယူဆကြပါသည်။ သူတို့၏ ဒေသများတွင် မကြာသေးခင်ကမှ ပေါ်ပေါက်လာသော အခွင့်အလမ်းဖြစ်လေသည့် ပြည်တွင်း အရပ်ဘက်လူ့ဘောင်အဖွဲ့အစည်း (ရပ်လူ့ဖွဲ့) များ၊ နိုင်ငံတကာ အစိုးရမဟုတ် သော အဖွဲ့အစည်း (စိုးမဟုတ်) များက ပေးသည့် သင်တန်းများ၊ အထူးသဖြင့် အသက်မွေးဝမ်းကျောင်း သင်တန်းများက လူငယ်များအတွက် အဖိုးတန်သည့် ကျွမ်းကျင်မှုစွမ်းရည်သစ်များ ရရှိလာစေမည့် အခွင့်အရေးကို ပေးနေသည်ဟု လူငယ် များက ဆိုပါသည်။ အဆိုပါ ကျွမ်းကျင်မှုစွမ်းရည်များက ပညာရေးအတွက်သော်လည်းကောင်း၊ အလုပ်အကိုင်အတွက် သော်လည်းကောင်း ပိုကောင်းသည့် အခွင့်အလမ်းကိုသာမက ပိုကောင်းသည့် နိုင်ငံရေးအသိကိုပင် ရရှိလာအောင် ပြောင်းလဲပေးသွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြပါသည်။

**"လာမယ့် ၅ နှစ်ကို စဉ်းစားလိုက်ရင် အခြေအနေတွေ ကောင်းလာမယ်လို့ ကျွန်မ ထင်ပါတယ်။ အရင်တုန်းက ဆိုရင် CSO တွေ မရှိပါဘူး။ အခုဆို CSO တွေ အများကြီး ရှိလာနေပါပြီ။ လူငယ်တွေရဲ့ ပေါင်းသင်းဆက်ဆံမှု စွမ်းရည်တွေ၊ လူရှေ့ စကားပြော စွမ်းရည်တွေ တိုးလာစေမယ့် သင်တန်းတွေ ပေးခြင်းအားဖြင့် လူငယ်တွေကို သူတို့တွေက ပံ့ပိုးကူညီလိမ့်မယ်လို့ ထင်ပါတယ်"**

ကရင်ပြည်နယ်မှ ကျောင်းသူ၊ အသက် ၂၀

**"လူငယ်တွေရဲ့အခြေအနေက အခုကနေ လာမယ့် ငါးနှစ်အတွင်းမှာပိုကောင်းလာမယ်လို့ ကျွန်တော် ထင်ပါ တယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်တွေအတွက် ပြည်တွင်း အဖွဲ့အစည်း တွေကရော နိုင်ငံတကာ အဖွဲ့ အစည်းတွေကပါ ပေးနေတဲ့ လေ့ကျင့်သင်ယူမှု အခွင့်အလမ်းတွေ များသထက် များလာတာကို မြင်နေရလို့ပါ"**

ရခိုင်ပြည်နယ်၊ မြောက်ဦးမှ အသက် ၂၃ နှစ်အရွယ် အမျိုးသား

"လူငယ်တွေ CSO တွေမှာ ဝင်လုပ်တာတွေ ရှိလာတာဟာ တဦးချင်းလုပ်ကြတာတွေထက် နိုင်ငံရေးနဲ့ ပိုနီးစပ် စေတယ်လို့ ကျွန်မ ထင်ပါတယ်။ CSO မှာ လုပ်တဲ့အခါ လူတွေအများကြီးက ကိုယ့်ကို သိလာမှာဖြစ်သလို ပြဿနာ ကိစ္စရပ်တွေ အများကြီးနဲ့လည်း ထိတွေ့လာရမှာပါ။ နိုင်ငံရေးကို ပိုသိလာအောင်၊ သူတို့ရဲ့ အသိပညာ တွေလည်း မပြတ် တိုးပွားအောင် အဲလို ဝင်လုပ်ကြရာက လူငယ်တွေကို ပံ့ပိုးပေးသွားမှာပါ။"

ရှမ်းပြည်နယ် မှ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးရှေ့နေ

## နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှု

နိုင်ငံရေးလွတ်လပ်ခွင့် ပိုမို များပြားလာခြင်းမှာ အကောင်းမြင်ရခြင်း၏ အကြောင်းရင်းအဖြစ် အခြားသူ အများအပြားက ဆိုကြပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအဖွဲ့ လွတ်လပ်စွာ ဖွဲ့စည်းခွင့်တို့အား ကန့်သတ် ချုပ်ချယ်ထားဆဲဖြစ်သည်ကို သတိပြုမိကြသော်လည်း အဆိုပါအခွင့်အရေးများ တိုးပွားလာမှုကို လူငယ်များ က ကြိုဆိုကြပါသည်။  သူတို့ရှေ့က မျိုးဆက်များ ယတိပြတ် ပိတ်ပင်ခံခဲ့သည့် နိုင်ငံရေးလှုပ်ရှားမှုများ တွင် ယနေ့လူငယ်များ ပါဝင်နိုင်ကြကြောင်း တချို့က မီးမောင်းထိုးပြ ကြပါသည်။ ထိုလွတ်လပ်မှုများက လူငယ်များအတွက် အရေးကြီးဆုံး အရေးကိစ္စများကို ရှေ့တန်း တင်လျက် လူထုရေးရာ (အစိုးရရေးရာ) များတွင် လူငယ်များ ပိုမိုသြဇာရှိစေလာတော့မည်ဟု ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်တချို့က ယူဆကြပါသည်။

**"နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အရင်အစိုးရတုန်းက စာနယ်ဇင်း လွတ်လပ်ခွင့် မရှိခဲ့ဘူး။ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်လည်း မရှိခဲ့ဘူး။ အခုဆိုရင် အခြေအနေတွေ ပိုကောင်းလာတာတော့ အမှန်ပဲ။ ဒါပေမယ့် အသွင်ကူး ပြောင်းရေးက လမ်းတဝက်ပဲ ရောက်သေးတယ်။ အခွင့်အလမ်းတွေလည်း အများကြီး ပိုလာတယ်။ ဥပမာ အရင်က သင်တန်းတွေကို CSO တွေ မလုပ်နိုင်ခဲ့ဘူး။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကလည်း သိသိသာသာ တိုးတက်လာတယ်။ ဒါပေမယ့် လူထုက အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝတော့ မကျင့်သုံးနိုင်သေးဘူး"**

ကချင်ပြည်နယ်မှ အသက် ၃၀ အရွယ် ရပ်လူ့ဖွဲ့ ခေါင်းဆောင်၊ ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူ အမျိုးသား

**"လူငယ်တွေ ပါဝင်ပတ်သက်လာကြဖို့အတွက် လူငယ်တွေနဲ့ လုပ်နေတဲ့ အမျိုးသား၊ အမျိုးသမီးတွေ ပိုများလာ တယ်။ လူငယ်တွေ နိုင်ငံရေးပါတီတွေမှာ ပိုပါဝင်ပတ်သက်လာကြအောင် လေ့ကျင့်သင်တန်း ပေးကြတယ်။ ၂၀၁၀ နောက်ပိုင်းမွေးတဲ့ မျိုးဆက်တွေဟာ အလားအလာ ကောင်းတယ်။ တခြားလူတွေမှာက အဲဒီ့လို လှုပ်ရှားမှု မျိုးတွေမှာ ပါဝင်ခွင့် မရခဲ့ကြဘူးလေ"**

ပဲခူးတိုင်းဒေသကြီးမှ အသက် ၂၄ နှစ်အရွယ် ကျောင်းသား

## အလုပ်လက်မဲ့ဖြစ်မှု

မြန်မာနိုင်ငံမှ လူငယ်များ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် စပ်လျဉ်းသည့် လက်တွေ့ အခြေအနေက ဤလေ့လာချက် တွင် ပြောဆိုခဲ့ကြသော လူငယ်များ၏ အကောင်းမြင်မှုကို အားပျော့စေခဲ့ပါသည်။ လူငယ်များသည် အနာဂတ် အလုပ်အကိုင် ရရှိရေးကို ပန်းတိုင်အဖြစ် ဦးစားပေးထားခြင်းကား အလုပ်အကိုင်ရရှိရေးသည် ယခုပင် လူငယ်များ အတွက် တွင်ကျယ်နေသော ကြောင့်ကြပူပင်မှု ဖြစ်ကြောင်းကို ထင်ဟပ်လျက် ရှိပေသည်။ ။ စစ်တမ်းဖြေဆိုသူ  ၉၂.၇ % က အလုပ်လက်မဲ့ဖြစ်မည်ကို စိုးရိမ်လျက်ရှိကြောင်း ပြောခဲ့ကြပါသည်။ အဆိုပါ အချိုးအစားမှာ ကယား (၉၆.၅ %)၊ ကရင် (၉၇.၄ %)၊ ရှမ်း (၉၄.၆ %)တို့ကဲ့သို့  နယ်စပ် ပြည်နယ်များတွင် ပိုများပါသည်။ စစ်တမ်းဖြေဆိုသူ လေးဦးတွင် တဦးခန့် (၂၆ % ) က သူတို့မှာ အလုပ်မရှိသဖြင့် အလုပ်ရှာနေရသည်ဟု ဆိုကြပါသည်။

လူတွေ့မေးမြန်းမှုများ၊ ဆွေးနွေးစကားဝိုင်းများတွင် သူတို့သည်လည်းကောင်း၊ သူတို့နှင့် ရွယ်တူများသည်လည်းကောင်း အလုပ်ကောင်းကောင်း ရလိုပါက မြို့ကြီးများသို့ဖြစ်စေ၊ အိမ်နီးချင်းနိုင်ငံများသို့ ဖြစ်စေ မဖြစ်မနေ ရွှေ့ပြောင်းလုပ်ကိုင်ကြရ လေ့ရှိသည်ဟု လူငယ် ၄-၅-၁၀ ဦးက ဆိုပါသည်။ နေရပ်တွင် ကျန်ခဲ့သော လူငယ်များသည် ဒုက္ခရောက်နိုင်ချေ ပိုများသည် ဟု တချို့က ယူဆကြပါသည်။

**"ပြဿနာကလည်း အလုပ်အကိုင်အခွင့်အလမ်း အတွက် လူငယ်တွေ ရုန်းကန်နေကြရတာပါပဲ။ လှုပ်ရှားမှုတွေမှာ ပါဝင်ဖို့ဆိုရင် လူငယ်တွေမှာ ပိုက်ဆံရှိဖို့ လိုပါတယ်။ မူးယစ်ဆေးဝါးပြဿနာက လည်း လူငယ်အတော်များများ အပေါ် ရိုက်ခတ် နေတယ်။ ကျေးလက်ဒေသတွေမှာ လူငယ် နည်းနည်းပဲ ကျန်တော့တယ်။ ဖူလုံအောင် မရှာနိုင် တော့ သူတို့ရဲ့လုပ်ငန်းအပေါ်မှာ ယုံကြည်မှု ပျက်ကုန်တတ်ကြတယ်။ အဲဒီတော့ မြို့ကြီးတွေဆီ ဖြစ်ဖြစ်၊ ရန်ကုန် ဖြစ်ဖြစ်၊ တခါတလေဆို နိုင်ငံခြားအထိတောင် ထွက်သွားကြတယ်"**

ရောဝတီတိုင်းဒေသကြီးမှ အသက် ၂၅ နှစ်အရွယ် ရပ်လူ့ဖွံ့ ဝန်ထမ်း အမျိုးသမီး

**"ကျွန်မက စေတနာ့ဝန်ထမ်း လုပ်ချင်တယ်။ ဒါပေမယ့် သည်မှာ အခွင့်အရေးသိပ်မရှိဘူးလို့ ကျွန်မ ထင်တယ်။ တောင်ကြီးမှာဆို အလုပ်အကိုင် အခွင့်အလမ်းတောင် မရှိဘူး။ အလုပ်ရဖို့ထက် စေတနာ့ဝန်ထမ်း လုပ်ဖို့ အခွင့် အလမ်းကတော့ ပိုပေါတာတော့ အမှန်ပေါ့ရှင်။ ဒါပေမယ့် အလုပ်ရယ်လို့ မယ်မယ်ရရ လိုချင်ရင်တော့ ရန်ကုန် သွားတာ ပိုကောင်းတယ်"**

ရှမ်းပြည်နယ်မှ အသက် ၂၅ နှစ်အရွယ်ရှေ့နေ အမျိုးသမီး

**"မြို့မှာ လူငယ်တွေ သိပ်မတွေ့ရတော့ဘူး။ သည်ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်း များများ စားစား မရှိတော့ လူငယ်တွေက ဖားကန့်တို့၊ တရုတ်ပြည်တို့ကို ရွှေ့ကုန်ကြတယ်။ ဆယ်တန်းအောင်တာနဲ့ အလုပ်ပေးတဲ့ဆီကို ပြောင်းပြေးကြတော့တာပဲ...**

**...ကချင်မှာ ယောကျ်ားလေးတွေ အလုပ်ရဖို့ ပိုခက်တယ်။ လက်ရှိပညာရေးက ဘယ် အသက် မွေးဝမ်းကျောင်း အခွင့်အလမ်းနဲ့မှ အဆက်အစပ် မရှိတာကလည်း အကြောင်းတကြောင်းပဲ။ အဲတော့ကာ ယောကျ်ားလေးတွေ အနေနဲ့က ဖားကန့်ကို ကျောက်ရှာဖို့ သွားရင်သွား၊ မသွားရင် တခြားနိုင်ငံတွေကို သွားပဲ။ အလုပ်အကိုင် အခွင့် အလမ်း ရှားပါးမှုရဲ့အကျိုးဆက်အနေနဲ့ လူငယ်တွေ စိတ်ဓာတ်ကျလာကြ၊ မူးယစ်ဆေး စွဲကုန်ကြတယ်။ မူးယစ် ဆေး မသုံးတဲ့ လူငယ် မရှိတဲ့ အိမ်ထောင်စု ရယ်လို့ သိပ်များများစားစား မရှိလှဘူး။ တချို့အိမ်တွေမှာဆို ညီ အစ်ကိုက သုံးယောက်၊ သုံးယောက်စလုံး မူးယစ်ဆေး သုံးတာ တွေ့ရပါတယ်။ ဒါကြောင့် လူငယ်တွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးခြင်းက လူငယ်တွေ မူးယစ်ဆေးသုံးတဲ့နှုန်းကို လျှော့ချနိုင်မယ်လို့ ကျွန်တော် ထင်တယ်။"**

ကချင်ပြည်နယ်မှ အသက် ၂၉ နှစ်အရွယ်လူငယ်တက်ကြွလှုပ်ရှားသူ

**"သည်ဒေသမှာ အလုပ်အကိုင် အခွင့်အလမ်းတွေ မရှိလို့ ရာဇဝတ်မှုဖြစ်ပွားနှုန်းတွေ [သိသိသာသာ] မြင့်နေတာ အမှန်ပါပဲ"**

ရောဝတီတိုင်းဒေသကြီးမှ အသက် ၂၅ နှစ်အရွယ် ရပ်လူ့ဖွံ့ဝန်ထမ်းအမျိုးသမီး

**တချို့ကမူ အလုပ်အကိုင် ဈေးကွက်အတွင်း ပေါ်ပေါက်လျက်ရှိသော အကျင့်ပျက်ခြစားမှုကို မကျေမနပ် ပြောဆိုကြပါသည်။ ဆွေမျိုးကောင်းစား ရေးဝါဒ၊ အဂတိလိုက်စားမှုတို့က အရည်အချင်း ပြည့်မီသူ လူငယ်များ၊ တက္ကသိုလ် ပညာရေးရှိသူ လူငယ်များကိုပင် အလုပ်လက်မဲ့ဖြစ်စေသည်ဟု လူငယ် ၄-၅-၁၀ ဦးက ဆိုပါသည်။**

**"ကိုယ့်မှာ ပညာရေးနောက်ခံကောင်း ရှိနေဦးတော့၊ ကိုယ့်ဒေသမှာ လူငယ်အတွက် အလုပ်ခေါ်တဲ့ အရေအတွက် က နည်းလှပါတယ်။ ကျောင်းဆရာ နေရာတွေ အများကြီးခေါ်ပေမယ့် လာဘ်ပေးနိုင်သူ တွေပဲ အလုပ်ရကြတယ်။ သည်တော့ဘွဲ့ရအလုပ် လက်မဲ့တွေ များနေတာပေါ့"**

ရခိုင်ပြည်နယ်မှ အသက် ၂၂ နှစ်အရွယ်အမျိုးသား

**"အစိုးရဝန်ထမ်းတွေမှာလည်း ပြဿနာ ရှိတယ်။ အစိုးရဝန်ထမ်းတွေနဲ့ပတ်သက်ပြီး ကျွန်တော် မကြိုက်တာက သူတို့မှာ နိုင်ငံသားအချင်းချင်း နှိပ်ကွပ်ချင်တဲ့ စိတ်ထား ရှိနေတာပဲ။ သူတို့ အလုပ်လုပ်နေတဲ့ အစိုးရဌာနမှာ အလုပ်အကိုင် အခွင့်အလမ်းလေးများ ရှိလာရင် ဆွေမျိုးကောင်းစား ရေးဝါဒရယ်၊ သူတို့အမျိုးတွေကို ပစားပေးတဲ့ ဝါဒရယ်ပဲ သူတို့မှာ ရှိကြတယ်။ ဒါပေမယ့် ဒါ ကျေးရွာအုပ်ချုပ်ရေးမှူးကို ဆိုလိုတာ မဟုတ်ပါဘူး"**

ကချင် ပြည်နယ်မှ အသက် ၃၀ အရွယ်ငြိမ်းချမ်းရေးတက်ကြွ လှုပ်ရှားသူ အမျိုးသား

ဆွေးနွေးစကားဝိုင်းများတွင် အလုပ်အကိုင်ဈေးကွက် သည် အမျိုးသားငယ်များနှင့် အမျိုးသမီးငယ်များ အနက် မည်သူ့အတွက် ပိုခက်သည်ကို ပါဝင်ဆွေးနွေး သူအများအပြားက အချေအတင် ပြောခဲ့ကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းမှ အန္တရာယ်များသော အလုပ်များမှာ ယောကျ်ားလေးများအတွက် သပ်သပ် ဖြစ်နေပြီး အမျိုးသမီးမှာမူ စက်ရုံများ၊ ဈေးဆိုင် များမှ အန္တရာယ်လည်း နည်းပါး၊ လစာလည်း များသည့် အလုပ်ကို ရနိုင်ကြသည်ဟု တချို့က ယူဆကြပါ သည်။ တချို့က သဘောမတူကြဘဲ အလုပ်ခွင် အတွင်း အမျိုးသမီးများထက် အမျိုးသားငယ်များက ရွေးချယ်စရာပိုများသည်ဟု အကြောက်အကန် ပြောကြပါသည်။ အမျိုးသမီးများမှာ ထိပါးနှောင့်ယှက် ခြင်း၊ မဖွယ်မရာ ပြုခံရခြင်းတို့ကို စိုးရွံ့ရသည်ဟုလည်း ဆိုကြ ပါသည်။ "ယောကျ်ားတွေက ကျောက်တွင်းမှာ ကျောက်တူးသမား လုပ်လို့ရတယ်၊ ကျောက်ပွဲစား လုပ်လို့ရတယ်၊ ဝယ် ရောင်းလည်း လုပ်လို့ရတယ်။ တတ်နိုင်ရင် ပုံကျ ဈေးဆိုင်လည်း ဖွင့်လို့ရတယ်"ဟု ကချင်ပြည်နယ်မှအသက် ၂၉ နှစ် အရွယ် လူငယ် အမျိုးသားက ထောက်ပြပါသည်။ "ပိုက်ဆံ နည်းနည်း ပါးပါးပိုရှိတဲ့ မိန်းမတွေက အလှပြင်ဆိုင် ဖွင့်တာလိုမျိုး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလေးတော့ လုပ်လို့ ရပါတယ်။ အသက်မွေး လုပ်ငန်း ရွေးချယ်တဲ့ နေရာမှာကျရင်တော့ မိန်းမ တွေအဖို့က ယောကျ်ား တွေထက် ပိုခက်ခဲတယ်လို့ ကျွန်တော် ထင်တယ်"ဟု ဆိုပါသည်။ သို့ရာတွင် များပြားလှသော အမျိုးသား ငယ် (၉၃.၁ % )ရော အမျိုးသမီးငယ် (၉၂.၄ % ) တို့ပါ အလုပ်လက်မဲ့နေဖြစ်နေကြရာ ကိန်းဂဏန်းအရ သူတို့ ချင်းကြားတွင် သိသိသာသာ ကွာခြားမှု မရှိလှချေ။

## လူငယ်ရာဇဝတ်မှု၊ မူးယစ်ဆေးသုံးစွဲမှု

ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်အများအပြားက လူငယ်ရာဇဝတ်မှု ပြဿနာ၊ မူးယစ်ဆေးသုံးစွဲမှု ပြဿနာတို့အတွက် လူတန်းစေ့ အလုပ်အကိုင်ကောင်းများ ကင်းမဲ့နေခြင်းကို အပြစ်တင်ခဲ့ကြပါသည်။ ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်များ အလိုအရ အလုပ်အကိုင် မရှိသည့်အခါ သူတို့နှင့် ရွယ်တူ အများအပြားမှာ မူးယစ် ဆေးထံလည်းကောင်း၊ မူးယစ်ဆေးနှင့် ဆက်စပ်သော ရာဇဝတ်မှုများထံ လည်းကောင်း ရောက်သွားခဲ့ကြပါသည်။ "ငြိမ်းငြိမ်းချမ်းချမ်း နေရခြင်း"မှာ သူတို့၏ အနာဂတ်အတွက် အလွန် အရေးကြီးသည်ဟု ဆိုခဲ့ကြသည့် စစ်တမ်း ဖြေကြား သူ ၆၃.၁ % ၏ စိတ်ထဲတွင် မူးယစ်ဆေးနှင့်ဆက်စပ် ရာဇဝတ်မှု၊ အကြမ်းဖက်မှုတို့ ရှိနေပုံရသည်ကို လူတွေ့မေးမြန်းမှု များ၊ ဆွေးနွေးပွဲများက ဖော်ပြခဲ့ပါသည်။

အဆိုပါရာဇဝတ်မှုများက သူတို့၏ ပုဂ္ဂိုလ်ရေး လုံခြုံမှုကို ခြိမ်းခြောက်နေသည်ဟု လူငယ်အများ အပြားက ခံစားရပါသည်။ "အရင်ဆုံး ကျွန်မစိုးရိမ်တာ ကတော့ လုံခြုံရေးပဲ။ သူငယ်ချင်းနဲ့ သွားရင်တောင် ည ၈ နာရီကျော်ရင် အေးအေးဆေးဆေး မနေရဲ၊ မပြောရဲတော့ဘူး။ အဲဒီအချိန်ဆိုရင် အလိုလိုနေရင်း မလုံခြုံသလို ခံစားလာရတယ်"ဟု ကချင်ပြည်နယ်မှ အသက် ၃၁ နှစ်အရွယ် တက်ကြွလှုပ်ရှားသူတဦးက ဆိုပါသည်။

ဤလေ့လာချက်တွင် ပြောဆိုခဲ့သော လူငယ်အားလုံး နီးပါးက မြန်မာနိုင်ငံ၏ မူးယစ်ဆေးပြဿနာနှင့် ပတ်သက်ပြီး စိုးရိမ် ပူပန်ကြပါသည်။ စစ်တမ်းယူခဲ့သူ လူငယ် ၉၃.၇ % က လူအများ မူးယစ်ဆေးသုံးစွဲမှု လျှော့ချရေးမှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးရေး အတွက် အရေးကြီးသည်ဟု ပြောခဲ့ကြပါသည်။ နယ်စပ်ပြည်နယ်များ၊ နယ်စပ်တိုင်းဒေသကြီးများတွင် အဆိုပါ အချိုးအစား မှာ ပိုများပါသည်။ တနင်္သာရီတိုင်းဒေသကြီးမှ ဖြေကြားသူ ၉၉.၇ % ကသာ မကဘဲ ရှမ်းပြည်နယ်မှ ဖြေကြားသူ ၉၅.၆ % ၊ ကချင်ပြည်နယ်မှ ဖြေကြားသူ ၉၅.၁ % တို့ကလည်း မူးယစ်ဆေးဝါး ထိန်းချုပ်ဟန့်တားခြင်းမှာ အရေးကြီးသည်ဟု ပြောခဲ့ကြပါသည်။

အဆိုပါ နယ်စပ်ဒေသတချို့တွင် မူးယစ်ဆေးမှာ ငွေကြေးပုံစံတခုလို ဖြစ်သလောက်နီးနီးဟု လူငယ်များက ဆိုပါသည်။ (မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရန်မှာအရေးကြီးသည်ဟု စစ်တမ်း ဖြေကြားသူ ၉၅.၁ % က ပြောကြားသော)

ချင်းပြည်နယ်၊ ပလက်ဝမှအသက် ၂၇ နှစ်အရွယ် အမျိုးသားတဦးက အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

**"မြန်မာလူငယ်တွေကြားမှာ မူးယစ်ဆေးက အဓိက ပြဿနာပါ။ ဒေသအသီးသီးက သူငယ်ချင်းတွေနဲ့ ပြောကြည့် တဲ့အခါ ပလက်ဝမှာတင် မဟုတ်ဘူး ဆိုတာ သိရပါတယ်။ သည်မှာတော့ မူးယစ်ဆေး ပြဿနာက ထိန်းမနိုင် သိမ်းမရပဲ။ အလှူအတန်း တွေမှာဆိုရင် ဝေယျာဝစ္စ ဝိုင်းလုပ်ပေးတဲ့သူတွေကို**

**လူတွေက လဘက်ရည်တို့၊ အရက်တို့ တိုက်လေ့ရှိခဲ့ကြဖူးတယ်။ အခုကျတော့ တစ်ယောက် မူးယစ်ဆေး ဆေးပြား ၂ ပြားပေးကုန်ကြပြီ။ ဒါက အစဉ် အလာတခုတောင် ဖြစ်လာပြီဗျ။ အထူးသဖြင့် ပလက်ဝတဝိုက်မှာပေါ့။ တချို့တွေဆို သူတို့ရဲ့ ပျံကျ လုပ်အားခ တစိတ်တပိုင်းအဖြစ် မူးယစ်ဆေးပါတဲ့ ဆေးပြားတွေပါ ပေးတာမျိုး လိုချင်တတ်ကြ ပြန်တယ်ဗျာ”**

ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သူ တချို့ကလည်း နိုင်ငံတဝှမ်းရှိ ရပ်ရွာများတွင် မူးယစ်ဆေးမှာ သမားရိုးကျ ဖြစ်နေပြီဟု ဆိုကြပါသည်။ လွန်ခဲ့သည့် နှစ်နှစ်တာအတွင်း သူတို့မြို့နယ်တွင် မူးယစ်ဆေး ရောင်းအား တက်လာသည်ဟု တချို့က မှန်းဆ ထင်မြင်ကြပါသည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေး ပြဿနာသည် နိုင်ငံတဝှမ်းရှိ လူငယ်များ အလား အလာ ရှိသလောက် မထွန်းပေါက်အောင် တားဆီး လျက်ရှိသည်ဟု အများစုက လက်ခံယူဆ ကြပါသည်။

**“ရွာတွေမှာဆို မူးယစ်ဆေးကို လွယ်လွယ် ဝယ်လို့ ရတယ်၊ ကွမ်းယာဆိုင်မှာတောင် ရတယ်။ အဲဒီတော့ လူငယ် တွေကို ဖျက်ဆီးရတာ လွယ်တာပေါ့။ နောက်ပြီး လူငယ်တွေ ကိုယ်တိုင်က မူးယစ်ဆေးကို စမ်းကြည့်ချင်ကြ တယ်။ ဒါပေမယ့် မူးယစ်ဆေးကို စသုံးမိပြီဆိုတာနဲ့ ပိုဆိုးလာတာပဲ”**

ရှမ်းပြည်နယ်မှ အသက် ၂၆ နှစ်အရွယ် ကျောင်းဆရာမ

**“ကော့ကရိတ်မြို့နယ်မှာ မူးယစ်ဆေးပြဿနာက တကယ့်ကို ထိန်းမနိုင် သိမ်းမရပါ။ မူးယစ်ဆေးစွဲနေတဲ့သူတွေ အများကြီး ကျွန်မ တွေ့ခဲ့ရပါတယ်။ မူးယစ်ဆေးက လူငယ်တွေရဲ့ ရှေ့ရေးကို ပိတ်ပင်နေပါတယ်”**

ကရင် ပြည်နယ်တွင် နေထိုင်သော ရှမ်းပြည်နယ်မှ ကျောင်းသူ

**“သူတို့ဘဝတွေ ပျက်ကုန်ကြတယ်။ အလုပ်လုပ်နေသူတယောက် မူးယစ်ဆေး စွဲသွားရင် အလုပ်လုပ်ချင်စိတ် မရှိတော့ဘူး။ မူးယစ်ဆေး စွဲသွားပြီးတဲ့နောက် ဆိုးသွမ်းပျက်စီးသူတွေ ဖြစ်ကုန်ကြတယ်။ သူတို့အနာဂတ်တွေ လည်း ပျက်စီးတော့တာပေါ့ရှင်”**

ရှမ်းပြည်နယ်မှ အသက် ၂၆ နှစ်အရွယ် ကျောင်းဆရာမ

မိမိတို့ဒေသတွင် မူးယစ်ဆေးပြဿနာကို ရဲအဖွဲ့၏ ကိုင်တွယ်ပုံမှာ အားနည်းသည်ဟုဖြစ်စေ၊ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်နေသည်ဟုဖြစ်စေ အများပြားက ယူဆကြပါသည်။ ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်များ၏ အလိုအရ ရဲအဖွဲ့သည် မူးယစ်ဆေးထုတ်လုပ်သူများအစား မူးယစ်ဆေးသုံးစွဲသူကိုဖြစ်စေ၊ အသေးစား ရောင်းဝယ်သူ ကိုဖြစ်စေသော အပြစ်ပေးလွန်းတတ် ကြပါသည်။ ရဲအဖွဲ့သည် တခါတရံ မူးယစ်ဆေးနှင့် ဆက်စပ်သော ရာဇဝတ်မှုများကို လွှတ်ပေးရန် လာဘ်ယူနေကြသည်ဟုဖြစ်စေ၊ ရဲကိုယ်တိုင် ရောင်းဝယ်ပြီး အကျိုးအမြတ်ရနေသည်ဟု ဖြစ်စေ ဖြေကြားသူတချို့က သက်သေမကင်းဖြစ်နေကြပါသည်။

**“တရားဥပဒေစိုးမိုးမှုက ရှိကို မရှိပါဘူး… မူးယစ်ဆေးမှုတွေအတွက်လည်း အတူတူပဲ။ ဘယ်သူတွေက ရောင်းနေ တယ်၊ ဘယ်သူတွေက သုံးနေတယ်ဆိုတာ ရဲအရာရှိတွေ သိပေမယ့် အဲဒီလိုအမှုတွေမှာ သူတို့ဝင်မပါကြဘူး။ များသောအားဖြင့် သူတို့က ရာဇဝတ်ပြစ်မှု ကျူးလွန်သူတွေကို အရေးမယူကြဘူး။ တကယ်လို့ သူတို့ထဲက တယောက်ယောက်ကို ဖမ်းရင်တောင် လာဘ်သာ ထိုးနိုင်ရင် အခြားတယောက်ကို ဖမ်းပြီး ထောင်ထဲထည့်တတ် ကြတယ်”**

ကချင်ပြည်နယ်မှ အသက် ၂၉ နှစ် အရွယ် တက်ကြွလှုပ်ရှားသူအမျိုးသား

**“ရဲက မူးယစ်ဆေးသုံးတဲ့သူ တစ်ယောက်ချင်းကိုပဲ ဖမ်းတယ်၊ ဆေးရောင်းနေတဲ့သူတွေကိုကျ မဖမ်းဘူး။ ရဲက မူးယစ်ဆေးသုံးတဲ့လူကို ဖမ်းမယ်။ ပိုက်ဆံရရင် ပြန်လွှတ်ပေးမယ်။ နောက်ပြီးရင် ပိုက်ဆံပိုရအောင် မူးယစ်ဆေး သုံးသူတွေကို ထပ်ဖမ်းမယ်”**

ရှမ်းပြည်နယ်မှ အသက်၂၇ နှစ်အရွယ်အမျိုးသမီး

“မောင်းတောမှာ စက်တင်ဘာလထဲတုန်းက မူးယစ်ဆေး ကုန်သည်တွေကို ဖမ်းဆီးရမိခဲ့တယ်။ အဲဒီ့လို ဖမ်းမိတဲ့ အခါ WY ဆေးပြားဆိုတဲ့ မူးယစ်ဆေးတွေအပြင် ရွှေတွေနဲ့ ပိုက်ဆံတွေလည်း ပါတယ်။ ဒါပေမယ့် လူတွေ အဲဒီရုံး ရောက်သွားတော့ ရွှေနဲ့ပိုက်ဆံတွေ မတွေ့ရတော့ဘူး။ ရဲက အဲဒီ့ပိုက်ဆံတွေ၊ ရွှေတွေကို ဝှက်ထားပြီး သူတို့ အတွက် ယူလိုက်တယ်တဲ့။… ဆေးပြား ၃ သိန်း[16]ဖိုး လောက် ရဲက ဖမ်းမိတယ်ဆိုရင် တသိန်းဖိုးလောက် ကိုပဲ မီးရှို့ပြကြတယ်။ အကျင့်ပျက်ခြစားမှုတွေလည်း ရှိတယ်။ တကယ်လို့ ကိုယ်က သိန်း ၅၀ ပဲ လာဘ်ထိုးနိုင်ပြီး တခြားတယောက်က သိန်း ၁၀၀ ပေးလိုက်ရင် သိန်း ၅၀ ပဲပေးတဲ့သူကိုပဲ ရဲက ဖမ်းမှာ။ ပိုပေးနိုင်တဲ့သူက မူးယစ်ဆေးတွေ၊ ဆေးပြားတွေ ရောင်းဝယ်လို့ ရတယ်”

ရခိုင်ပြည်နယ်မှ ၂၃ နှစ်အရွယ်ကျောင်းသား

## လူမှု မီဒီယာ

**“ရိုးရိုးသားသား ပြောရရင် စမတ်ဖုန်းက ကျွန်တော့် ရန်သူပဲ။ ဖုန်းတွေက ချက်ချာပါးနပ်သလောက် လူတွေက တုံးတယ်။ သူတို့က အင်တာနက်က ဂိမ်းတွေကို အချိန်ပြည့် ဆော့ကြတယ်။ အဲဒီလို လုပ်နေရင် အလုပ်အကိုင် မဖန်တီးပေးလို့ဆိုပြီး အစိုးရကို အပြစ်မတင်နဲ့။ အလုပ်လိုချင်တယ်ဆိုရင် အလုပ်ရဖို့ အချိန်တွေ၊ အားတွေ စိုက်ရမှာပေါ့”**

ရန်ကုန်မြို့မှ အသက် ၁၉ နှစ်အရွယ် တက်ကြွလှုပ်ရှားသူ အမျိုးသား

မြန်မာနိုင်ငံတွင် စမတ်ဖုန်းများကို နေရာတကာ တွေ့လာရပါပြီ။ နိုင်ငံတဝှမ်းမှ လူငယ်များသည် လူမှု မီဒီယာထဲမှ အကြောင်းအရာများကို ကြည့်ရှုရန်၊ လက်ဆင့်ကမ်းရန် သူတို့၏ ဖုန်းကို နေ့စဉ် သုံးကြပါသည်။ မိမိတို့၏ မိဘ များလက်ထက်က စိတ်ပင် မကူးဖူးသည့်နည်းဖြင့် လူငယ်များကို တဦးနှင့် တဦးဖြစ်စေ၊ ကမ္ဘာကြီးနှင့်ဖြစ်စေ ဤနည်းပညာ ကြောင့် အပြန်အလှန် ဆက်သွယ်နိုင်လာခဲ့ပါသည်။

လူမှုမီဒီယာ ရေပန်းစားလှသော်လည်း အဆိုပါမီဒီယာကို ကောင်းသည်ဟု ယူဆသည်မှာ လူငယ်တိုင်း မဟုတ်ပါပေ။ လူငယ်တို့၏ အာရုံကို အချိန်နာရီများစွာ တရားလွန် ယူထားသည်ဟု ဆိုလျက် ဤလေ့လာ ချက်တွင် လူတွေ့မေးမြန်းခဲ့ သော လူငယ်အများစုက လူမှုမီဒီယာအား စိတ်ပျက်လက်ပျက် ဖြစ်နေကြ ပါသည်။ စမတ်ဖုန်းများသည် နိုင်ငံရေး၊ မျက်မှောက် ရေးရာများကို လူငယ်အများစု မသိနားမလည်ရခြင်း အကြောင်းရင်းတရပ်ဖြစ်သည်ဟု ညွှန်းဆိုလျက် လူမှုမီဒီယာကြောင့် အခွင့်အလမ်းဆုံးရှုံးမှုတန်ဖိုးဟု ခေါ်သည့် တခုကို ဦးစားပေးလိုက်သည့်အတွက် အခြားအရာများဆုံးရှုံးသွားရမြဲ သဘောတရားကို လူငယ်အများစုက သဘောမပေါက်ကြဟု သူတို့က ညည်းတွားကြပါသည်။

**“လူငယ်တွေအတွက် တိုးတက်မှုတွေ ပိုရလာဖို့ အခွင့်အရေးက ၆၀ % လောက် ရှိပါတယ်။ ဒါပေမယ့် မူးယစ် ဆေး၊ လူမှုမီဒီယာ၊ ဂိမ်းတွေ စွဲတာလိုမျိုး ပိုဆိုးသွားနိုင်တဲ့ အခြေအနေကလည်း ၄၀ % လောက် ရှိနေပါတယ်။ လူမှုမီဒီယာတို့၊ ဂိမ်းတို့မှာ အချိန်ဖြုန်းလွန်းတာက ပညာသင်ယူမှုပိုင်းက လူငယ်တွေရဲ့တကိုယ်ရေ ဖွံ့ဖြိုးမှု အတွက် အဓိက ပြဿနာဖြစ်နိုင်တယ်လို့ ကျွန်တော် ပြောတာပါ။ ၂၀၁၃ ခုနှစ်ကတည်းက လူတွေ လက်ကိုင် ဖုန်းတွေ သုံးလာနိုင်ရာက အခုဆိုရင် ဖုန်းသုံးရင်းသာ အချိန်တွေ အများကြီး ကုန်နေကြပါတယ်”**

ရခိုင် ပြည်နယ်မှ အသက် ၁၉ နှစ်အရွယ်ကျောင်းသား

**“အခုကနေ နောက် ငါးနှစ်ဆိုရင် လူငယ်တွေရဲ့ အနာဂတ်က ပိုဆိုးလာလိမ့်မယ်လို့ ကျွန်တော် ထင်တယ်။ သူတို့က ဖေ့စဘုတ် (Facebook)တို့၊ ဂိမ်းတို့အတွက် ဖုန်းကို တချိန်လုံး သုံးနေကြတယ်။ ပညာရေးအတွက် သုံးတာ မဟုတ်ဘူး။ လက်ကိုင်ဖုန်းတို့၊ အင်တာနက်တို့ကို အကျိုးရှိရှိသုံးတဲ့ လူငယ်က မဆိုစလောက် နည်းနည်းလေးပဲ ရှိပါတယ်”**

ကရင်ပြည်နယ်မှ အသက် ၂၁ နှစ်အရွယ်ကျောင်းသား

**“လက်ကိုင်ဖုန်းတွေကို နည်းမှန်လမ်းမှန်မှ မသုံးကြတာ။ အဲဒါကြောင့် လူငယ်တွေက စာမဖတ်ကြတော့ဘူး၊ ရည်မှန်းချက်လည်း မရှိကြဘူး။ သူတို့ရဲ့အချိန်တွေကို ကျောင်းစာလုပ်ရမယ့်အစား အင်ထာနက် ကစားနည်း ဆော့ဖို့ သုံးနေကြတယ်။ လူငယ်တွေ လုပ်လို့ရတဲ့ အလုပ်တွေ အများကြီး ရှိပါတယ်။ သူတို့စိတ်ပါရင် ရွှေတွင်း၊ ကျောက်တွင်းတွေမှာဖြစ်ဖြစ်၊ စိုက်ပျိုးရေးဖြစ်ဖြစ် လုပ်လို့ရတယ်။ လုပ်စရာ အလုပ်တွေက အများကြီး။ ဒါပေမယ့် သူတို့က အသိပညာ တိုးပွားအောင် အချိန်ကို ကောင်းကောင်း အသုံးမချကြဘူး။ ပြီးတော့ ပိုက်ဆံရှိလာရင်လည်း လူမှု မီဒီယာပေါ်မှာပဲ ဖြုန်းတီးပစ်ကြတယ်”**

[16] ၁ သိန်း သည် ၁၀၀၀၀၀ နှင့်ညီမျှသည်

ချင်းပြည်နယ်မှ ၂၇ နှစ်အရွယ် အမျိုးသား

လူငယ်တချို့ကမူ မြန်မာနိုင်ငံမှ လူမှုမီဒီယာ၏ အကျိုးကျေးဇူးများကို မီးမောင်းထိုးပြခဲ့ကြပါသည်။ ရန်ကုန်မြို့မှ တက်ကြွ လှုပ်ရှားသူတဦးက သူ့အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်းကို တည်ထောင်ပြီးနောက် အဖွဲ့၏လုပ်ငန်းများကို ပရိသတ် ပေါင်းစုံထံ လူမှုမီဒီယာက လက်ဆင့်ကမ်း အသိပေးနိုင်စေခဲ့သည့်အတွက် အခြားမည်သည့် နည်းနှင့်မျှ ဆက်သွယ်ရန် မဖြစ်နိုင်သော အဖွဲ့များနှင့် ချိတ်ဆက်မိခဲ့သည်ဟု ပြောပါသည်။ "လူငယ်တွေနဲ့ တပြေးညီဖြစ်အောင် နည်းပညာတွေ၊ လူမှု မီဒီယာတွေကို ကျွန်တော်တို့ အများကြီး သုံးပါတယ်"ဟု သူက ပြောပါသည်။ "ကျွန်တော်ယုံတာကတော့ ဒစ်ဂျစ်တယ် မီဒီယာဟာ အထက်လွှာနဲ့ အောက်လွှာကြားက ကွာဟချက်ကို ကျဉ်းမြောင်းစေနိုင်တဲ့ တခုတည်းသော နည်းလမ်းပါပဲ"ဟု ဆိုပါသည်။

သို့ရာတွင် လူမှုမီဒီယာအပေါ် အကောင်းမြင်သည်မှာ အနည်းစု၏ သဘောထားသာ ဖြစ်ပါသည်။ လူငယ်အများစုမှာ လူမှုမီဒီယာကိုလည်းကောင်း၊ လူမှုမီဒီယာအား လူငယ်တို့ သုံးစွဲပုံကိုလည်းကောင်း အပြစ်မြင်ကြပါသည်။ သူတို့၏ အမြင်မှာ လူမှုမီဒီယာ၏ ကောင်းကျိုး ဆိုးပြစ်တို့နှင့်ပတ်သက်ပြီး တကမ္ဘာလုံး ငြင်းခုံနေခြင်းကို ထင်ဟပ်လျက်ရှိသော်လည်း မြန်မာနိုင်ငံ အနေအထားအရ အဆိုပါ ဝေဖန်ချက်မှာ ပုံမှန်ထက် အလွန်အရေးကြီးပါသည်။ လူမှုမီဒီယာ၊ အထူး သဖြင့် ဖေ့စဘုတ် (Facebook) သည် နိုင်ငံအတွင်း မီတင်းနေထိုင်ကြသူများကြားမှ အဓိက ဆက်သွယ်ရေး နည်းလမ်းတခု ဖြစ်လာခဲ့ပါပြီ။ လူမှုမီဒီယာ၏ အကျိုးကျေးဇူးများကို အယုံအကြည် ရှိခြင်းက လူမှုမီဒီယာ ပေါ်ထွန်းလာ မှုအား လူငယ်များက တခဲနက် ထက်သန်လျက်ရှိသည်ဟူသော အယူအဆကို စိန်ခေါ်လျက်ရှိပါသည်။

ထူးထူးခြားခြားအနေဖြင့် ဤလေ့လာချက်တွင် စစ်တမ်းယူခဲ့သော လူငယ်များက အင်တာနက် သုံးစွဲနိုင်မှုကို  ကောင်းမွန် သည့် ကိစ္စအဖြစ် ကျယ်ကျယ်ပြန့်ပြန့် မှတ်ယူထားကြပါသည်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် "ဖုန်းပျံ့နှံ့တာ၊ အင်တာနက် သုံးနိုင်တာလို ဆက်သွယ်ရေး အခြေခံအဆောက်အအုံတွေ တိုးတက်ဖို့" အရေးကြီးသည်ဟု စစ်တမ်းယူခဲ့သည့် လူငယ် ၉၃.၅ % က ပြောပါသည်။ လူငယ်များသည် ဆက်သွယ်နိုင်စွမ်း သပ်သပ်ကို ဆန့်ကျင် ကန့်ကွက်ဟန် မရှိကြပါ။  သူတို့ ရွယ်တူများ၏ အမူအကျင့်အပေါ် လူမှုမီဒီယာ၏ စွဲလန်းသွား စေတတ်သည့် အကျိုးဆက်ကိုသာ ကြောင့်ကြမကင်း ဖြစ်နေကြ ပါသည်။

## မိဘများ၏ ကြပ်မတ်မှု

**" ယနေ့ခေတ်မှာ ဘွဲ့ရ လူငယ်တွေဟာ သူတို့ဘာသာ ဆုံးဖြတ်နိုင်စွမ်းရှိတယ်လို့ ကျွန်မတော့ ထင်တယ်။ တချိန် က သားတွေသမီးတွေ အသက်မွေးမှု ရွေးချယ်တဲ့နေရာမှာ မိဘတွေက ဝင်စွက်ဖက်လေ့ ရှိခဲ့ကြဖူးပါတယ်။ ဒါပေ မယ့် ခုတော့ သူတို့ဝါသနာနဲ့ ဆက်စပ်တဲ့ နယ်ပယ်တွေမှာ လူငယ်တွေကို လုပ်ကိုင်ခွင့်တွေပေးလာကြပါပြီ။ ဒါပေမယ့် အလုပ်မရသေးခင်မှာတော့ မိဘတွေက လူငယ်တွေ ဆုံးဖြတ်ရာမှာ ဝင်စွက်ဖက်နေကြတုန်းပဲ"**

ရှမ်းပြည်နယ်မှ အသက် ၂၆ နှစ်အရွယ် ကျောင်းဆရာမ

စစ်တမ်းယူခဲ့သော လူငယ်အများစုက မိမိတို့၏ အနာဂတ်ကို မိမိတို့ဘာသာ လွတ်လွတ်လပ်လပ် ရွေးချယ်ဆုံးဖြတ်နိုင် သည်ဟု ယူဆကြပါသည်။ စစ်တမ်းယူခဲ့သည့် လူငယ် ၈၆.၉ % က မိမိတို့အနာဂတ်ကို မိမိတို့ ဆုံးဖြတ်နိုင်စွမ်းရှိသည်ဟု ပြောခဲ့ကြပြီး ၄၆.၈ % က "အလွန်ပင်"ထိုသို့ ဆုံးဖြတ်နိုင်စွမ်းရှိသည်ဟု ဆိုပါသည်။ မည်သို့ပင်ဆိုစေကာမူ တဦးချင်းစီက ထိုသို့ ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်ခဲ့လှကာ မိဘ၊ မိသားစုဝင်၊ ရပ်ရွာအသိုင်းအဝိုင်းမှ လူကြီးသူမတို့နှင့် တိုင်ပင်သည် က ပိုများကြောင်း လူငယ်များနှင့် လူတွေ့မေးမြန်းချက်၊ ဆွေးနွေးချက်များက ဖော်ကျူးနေပါသည်။

ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်တချို့က ("ကျွန်တော့်တကိုယ်ရေအနေနဲ့ ဆိုရင် ကျွန်တော့်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခွင့် ပေးထားတယ်"ဟူသည်မျိုး) မိမိတို့၏ ဆုံးဖြတ်ချက် အားလုံးကို ကိုယ်တိုင်ချမှတ်ပိုင်ခွင့် ရှိသည်ဟု ယူဆကြသော်လည်း တချို့ကမူ ("ကျွန်တော့် တကိုယ်ရေအနေနဲ့ဆိုရင်တော့ မိဘတွေ ဆုံးဖြတ်တာ ကို နာခံပါတယ်"ဟူသည်မျိုး) ဆုံးဖြတ်ချက်အားလုံး အတွက် မိဘများ၊ လူကြီးသူမများကို အားကိုးကြ ပါသည် ။ မည်သို့ပင် ဆိုစေကာမူ လူငယ်အများစုက ဆုံးဖြတ်ချက်ချမှတ်ခြင်းကို မိဘများနှင့် ညှိနှိုင်းတတ်ကြပေရာ ထိုညှိနှိုင်းခြင်းက မိဘ၏ ဩဇာလွှမ်းမိုးမှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချမှုကို ကြားချထားသည်ဟု ယူဆကြပါသည်။

ဆုံးဖြတ်ချက်များကို မိမိတို့၏ မိဘများနှင့် ဆွေးနွေးနိုင်သော်လည်း မိမိတို့၏ ရွေးချယ်မှုအတွက် မိမိတို့ ကိုယ်တိုင်သာ နောက်ဆုံးတွင် တာဝန်ရှိသည်၊ အထူးသဖြင့် အရွယ် ရလာသည့်အခါတွင်ဖြစ်သည်ဟု လူငယ် မဆိုစလောက် အနည်းငယ်က ပြောပါသည်။ သို့ရာတွင် လူငယ်အများအပြားကမူ သူတို့၏ ဆုံးဖြတ်ချက်များအပေါ် မိဘ ထိန်းချုပ်မှု များလွန်း သလို သူတို့၏ လိုလားချက်များကိုလည်း မျက်ကွယ်ပြုလေ့ရှိသည်ဟု ဆိုကြပါသည်။ များသောအားဖြင့် မိဘများ၏ ဝင်ရောက်စွက်ဖက်ခြင်း၊ "အကာအကွယ်ပေးလွန်ခြင်း"တို့မှာ ချစ်ခြင်း၊ ပူပင်ခြင်းတို့မှ ပေါက်ဖွားလာသည်ဟု ရှုမြင်ကြ လေ့ရှိကြလင့်ကစား နေရာအတော်များများတွင် လူငယ်များ မိမိတို့ စိတ်သန်ရာကို လုပ်ကိုင်ခြင်းအား ဟန့်တားရာ ရောက်နေပါသည်။

**"ကျွန်မ မကြိုက်ဦးတော့်မှ မိဘ ဆုံးဖြတ်ချက်ကို လက်ခံပါတယ်။ ကျွန်မက နိုင်ငံရေး၊ စီးပွားရေးကို စိတ် ဝင်စားတယ်။ ဒါပေမယ့် မိဘတွေက ကျွန်မကို ကျောင်းဆရာမ ဖြစ်စေချင်ကြတယ်၊ နိုင်ငံရေးက မိန်းကလေး အတွက် မကောင်းဘူးလို့ ယူဆကြပါတယ် ။ အဲဒါကြောင့် ကျောင်းဆရာမဖြစ်ဖို့ ကျွန်မ သင်တန်းတက်နေပါ တယ်။ ဒါပေမယ့် တဖက်မှာလည်း စီးပွားရေး၊ နိုင်ငံရေးမှာ ကျွန်မရဲ့စိတ်ဝင်စားမှုကို မစွန့်လွှတ်ပါဘူး"**

ကရင်ပြည်နယ်မှ အသက် ၂၀ အရွယ် အရပ်ဘက်အဖွဲ့အစည်းဝင် အမျိုးသမီး

**"များသောအားဖြင့်တော့ မိဘကပဲ ကျွန်တော်တို့အတွက် ဆုံးဖြတ်ပေးကြတယ်။ ဥပမာတခု ပြရရင် အစ်ကိုတွေ က ထိုင်းမှာ ရှိတော့ ကျွန်တော်က အဲဒီ့မှာ သွားအလုပ်လုပ်ချင်တယ်။ ဒါပေမယ့် မိဘတွေက အဲဒီကို သွားဖို့ သဘောမတူကြဘဲ စင်္ကာပူကို သွားစေချင်တယ်။ အဲဒီတော့ စင်္ကာပူကို သွားဖို့ပဲ ပြင်ရပါတယ်"**

ပဲခူးတိုင်း ဒေသ ကြီးမှ အသက် ၂၀ အရွယ် အမျိုးသား


တခါတရံ လူလားမြောက်သည်အထိ ကောင်းကောင်း ဆက်ထိန်းထားတတ်ကြသည့် အဆိုပါ မိဘ အုပ်ထိန်းမှုပုံစံက လူငယ်များကို နိုင်ငံရေးတွင်ဖြစ်စေ၊ အရပ်ဘက် လူ့ဘောင်လုပ်ငန်းတွင်ဖြစ်စေ ပါဝင်ရန် ဟန့်တားနေသည်ဟု လူတွေ့ မေးမြန်းမှုများတွင် တချို့လူငယ်များက ပြောကြပါသည်။ အဆိုပါ မိဘအုပ်ထိန်းမှုပုံစံမှာ ထုံးစံလို ဖြစ်လွန်းနေကာ မြန်မာ နိုင်ငံ၏ ပေါ်ထွန်းစ ဒီမိုကရေစီကို ထိခိုက်စေသည်ဟု အဆိုပါလူငယ်များက ယူဆကြပါသည်။

**"လူကြီးသူမတွေလို ရပ်ရွာခေါင်းဆောင်တွေက လူငယ်တွေကို ကန့်သတ်ပိတ်ပင်ကြတယ်။ အရေးကြီးတဲ့ နေရာ အများစုကို လူကြီးတွေ၊ အရွယ်ရောက်ပြီးသားတွေကပဲ ယူထားကြတယ်။ လူငယ်တွေက အတွေ့အကြုံ မရှိဘူး လို့ ယူဆထားတော့ သူတို့တွေက လူငယ်တွေကို နေရာမပေးဘူး (မူရင်းစကားအတိုင်း အတိအကျပါ)။ ဒါက စနစ်ကြောင့်ပဲ။ ဆုံးဖြတ်ချက်ချတဲ့ ဩဇာရှိရာ နေရာတွေမှာ လူငယ်တွေ ပါဝင်ခွင့် မရတဲ့ ပုံစံမျိုးနဲ့ ရပ်ရွာ အသိုင်း အဝိုင်းကို ဖွဲ့စည်းတည်ဆောက် ထားတယ်။ ကျွန်တော်တို့က ပါဝင်ဆောင်ရွက်လို့ပဲ ရတယ်၊ တကယ်တမ်းမှာ တခွန်းမှတော့ ဝင်ပြောခွင့် မရှိဘူးဗျ"**

ပဲခူးတိုင်းဒေသကြီးမှ အသက် ၂၄ နှစ်အရွယ် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (ဒီချုပ်)မှ တက်ကြွလှုပ်ရှားသူအမျိုးသား



ဘဝမှာ အရေးကြီးတာ အမျိုးမျိုး




"ကိုယ့်အနာဂတ်ကိုယ် ကိုယ့်ဘာသာ ဆုံးဖြတ်နိုင်တဲ့ အရည်အချင်းရှိတယ်လို့ ကျွန်မကိုယ်ကျွန်မ ယုံပါတယ်။ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို မိဘတွေနဲ့အတူ မချချင်ဘူး။ အဲဒီလိုမှသာ ၁၈ ရာစု ထဲက ထွက်လာမှာပါ။ ရှေးတုန်းကလို ကျွန်မတို့တွေ လူကြီးသူမတွေကို အားကိုးမနေသင့်တော့ဘူး။ သည်နေ့ကမ္ဘာနဲ့ ဆက်စပ်နေတဲ့ ဆုံးဖြတ်ချက်တွေ ချဖို့ စိန်ခေါ်မှုတွေကို လူငယ်တွေ မလွဲမသွေ လက်ခံကြရမယ်ရှင့်။ လူကြီးတွေက နိုင်ငံရေးက ဖယ်ပေးသင့်ပြီလို့ ထင်တယ်။ ဒါပေမယ့် အဲဒီလို ဖြစ်လာလိမ့်မယ်လို့တော့ မထင်ဘူး"

**ရှမ်းပြည်နယ်မှ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးရှေ့နေ**

သီးခြား မိသားစု အစီအမံများကြားမှပင် လူငယ်အတော်များများက မိမိတို့၏ တကိုယ်ရေ ဆုံးဖြတ်ပိုင်ခွင့်နှင့်ပတ်သက်၍ ယုံတဝက် မယုံတဝက် ရှိကြသည်ဟု ဆိုပါသည်။ အထူးသဖြင့် တက္ကသိုလ် ပညာ ရှိသူများက ဖြစ်ပါသည်။ အဆင့်မြင့်ပညာ ရှိသူ လူငယ် ၉၂.၇ % က မိမိတို့၏ အနာဂတ်ကို ကိုယ်တိုင် ဆုံးဖြတ်နိုင်စွမ်းရှိသည်ဟုယူဆကြပေရာ ပညာ အနည်းငယ်မျှ သာ သင်ယူထားသော၊ ပညာလုံးဝ မသင်ယူထားရသော လူငယ် ၈၄.၄ % နှင့် နှိုင်းယှဉ်နိုင်ပါသည်။ မြန်မာနိုင်ငံမှ မကြာသေးခင်က အပြောင်းအလဲများနှင့်ပတ်သက်၍မှု ဤလေ့လာချက် တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်တချို့က မိဘတို့က အဆ မတန် ဩဇာလွှမ်းမိုးနေဆဲဖြစ်သည် ဟုဆိုစေကာမူ ယနေ့ခေတ် လူငယ်များ၏ ဆုံးဖြတ်ချက်ချမှတ်မှုမှာ သိမှိခဲ့သမျှ မည်သည့်အချိန် တုန်းကထက်မဆို ပိုမိုအားကောင်းသည်ဟု ဆိုကြပါသည်။

မြန်မာလူငယ်များ ဆိုခဲ့ကြသော အကောင်းမြင်မှုမှာ သူတို့ချည်း သပ်သပ် တမူထူးခြားနေခြင်းမျိုး မဟုတ်ပါချေ။ ဘင်္ဂလား ဒေ့(ရှ်)၊ ပါကစ္စတန်နှင့်တကွ အခြားနိုင်ငံများတွင် လုပ်ဆောင်ခဲ့သော မျိုးဆက်သစ် အခြေခံလေ့လာချက်များတွင်လည်း လူငယ်များသည် သူတို့၏ အနာဂတ်နှင့်ပတ်သက်ပြီး အကောင်းဘက် က ကြည့်ခဲ့ကြသည်ကို အလားတူ တွေ့ခဲ့ရပါသည်။[17] ဘစ်(လ်)နှင့် မယ်လင်ဒါ ဂိတ်(ထ်)(ဖ်) ဖောင်ဒေးရှင်း က ထောက်ပံ့သော မကြာသေးခင်က အစ်(ပ်) ဆော့(စ်) စစ်တမ်းလို အခြားလေ့လာချက်များက လည်း အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ တရုတ်၊ မက္ကဆီကို နိုင်ငံများတွင် အလားတူ ရလဒ်များ တွေ့ခဲ့ရပါသည်။ (Ratcliffe နှင့် Aguilar -၂၀၁၈ အဆိုပါလေ့လာချက်များနည်းတူ "လူမှုရေးအရ နစ်လိုဖွယ် ဖြစ်နေစေချင်စိတ်ဖြင့် ဘက်လိုက်ခြင်း" (လူကြားကောင်းအောင် ဖြေကြားခြင်း)က ဖြစ်စေ၊ ကျေနပ်နေသည်၊ စိတ်ချမ်းနေသည်ဟု မြင်စေလို သည့် လူမှုရေး ဖိအား (ရွယ်တူချင်းလိုက်လျောညီထွေ ဖြစ်လိုစိတ်) (ဖြေကြားသူတယောက်က "ဒါ ကျွန်တော်တို့ စိတ် ပါ။ စိတ်ချမ်းသာတဲ့ ပင်ကိုယ် စရိုက်လေ"ဟု ဆိုခဲ့ပါသည်။)က ဤလေ့လာချက်တွင် တွေ့ရှိရသော အကောင်းမြင်မှုကို ဖြစ်စေ အရောင်ဆိုး ထားနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံအတွက် စိန်ခေါ်မှုများရှိနေသည့် ကြားမှပင် အခြား နိုင်ငံများရှိ သူတို့ရွယ်တူများနှင့် မခြား၊ အကောင်းမြင်စိတ် ထားနိုင်အောင် မြန်မာနိုင်ငံက လူငယ်များအား လွှတ်ပေးထားပုံ ရလေသည်။

17 > https://www.britishcouncil.org.bd/sites/default/files/next_generation_bangladesh_2015_-_brief_report_0.pdf www.britishcouncil.pk/sites/default/files/next_generation_goes_to_the_ballot_box.pdf

## တန်ဖိုးထားမှုများ၊ ကိုယ်ပိုင်သရုပ်လက္ခဏာများ

တန်ဖိုးထားမှုနှင့် ကိုယ်ပိုင်သရုပ်လက္ခဏာတို့မှာ ခွဲခြားမရလောက်အောင် ချိတ်ဆက်လျက်ရှိပါသည်။ လူငယ်များအတွက် အရေးကြီးဆုံးဖြစ်သည့် လူ၊ ရပ်ရွာအသိုင်းအဝိုင်း၊ လုပ်ရပ်စသည်တို့သည် လူငယ်တို့ အခိုင်အမာစွဲကိုင်ထားသော ကိုယ်ပိုင်သရုပ်လက္ခဏာများကို သရုပ်ဖော်ပေးပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားရေးလက္ခဏာက မည်သို့မည်ပုံ ဆိုပြီး ငြင်းခုံနေခြင်းကြောင့် အဆိုပါ သရုပ်လက္ခဏာများက သိသိသာသာ ဖိစီးလျက်ရှိပေသည်။ ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ရနိုင်သည့် အလားအလာ ပိုများလာအောင် အဆိုပါ ကိုယ်ပိုင်သရုပ် လက္ခဏာတချို့က  လူငယ်များအား အကာအကွယ်မဲ့ ဖြစ်နေစေပါသည်။

## ဘဝ တန်ဖိုး

မိဘများဘက်က ကြပ်မတ်မှုကို စိတ်ပျက်ကြသည့် ကြားမှပင် စစ်တမ်းယူခဲ့သော လူငယ်များ၏ ဘဝတွင် မိသားစုကို တန်ဖိုးအထားဆုံး ဖြစ်ပါသည်။ ဖြေဆိုသူအားလုံး၏ ၇၇.၁ % က မိသားစုမှာ “အလွန် အရေးကြီးသည်”ဟု ပြောကြပြီး ၂၁.၃ % က မိသားစုမှာ “အရေးကြီးသည်”ဟု ပြောခဲ့ကြပါသည်။ မိသားစုမှာ ညီတူညီမျှ အရေးကြီးပါသည်ဟု ဖြေဆိုသူ အမျိုးသား၊ အမျိုးသမီးမှာလည်း တူညီမျှတပါသည်။ ကိုယ်ပိုင်မိသားစုရင်းချာ ထူထောင်ရန်နှင့်ပတ်သက်ပြီး အမျိုးသားငယ်၊ အမျိုးသမီးငယ်တို့အကြား အယူအဆချင်း ခြားနားကောင်းခြားနားမည်ဖြစ်သော်လည်း အနာဂတ်နှင့် စပ်လျဉ်းပြီး ကြောင့်ကြမကင်းဟု လူငယ်များ ဆိုကြသော ကျန်းမာရေး၊ အလုပ်အကိုင်၊ ဘေးအန္တရာယ်ကင်းမှုစသည်တို့ထက် မိသားစုက အရင်လာသည်ဟု ကျား၊ မနှစ်မျိုးစလုံးက ခံယူကြပါသည်။

ထူးခြားသည်မှာ စစ်တမ်းယူခဲ့သော လူငယ်များက နိုင်ငံရေးကို တန်ဖိုးထားမှုအနည်းဆုံးဖြစ်ပါသည်။ လူငယ် ၅၉.၆ % ကသာ နိုင်ငံရေးသည် သူတို့ဘဝ အတွက် အရေးကြီးသည်ဟုဖြစ်စေ၊ အလွန်အရေးကြီးသည်ဟုဖြစ်စေ ပြောကြပါသည်။

တဖက်မှလည်း လူငယ်များသည် ရုပ်ဝတ္ထုမဟုတ်သည့် တန်ဖိုးများအား ပိုတန်ဖိုးထားကြပြန်ပါသည်။ “ဘဝ အဓိပ္ပာယ်၊ ဘဝ ရည်မှန်းချက် ရှိရေး”မှာ သူတို့အတွက် အရေးကြီးသည်ဟုဖြစ်စေ၊ အလွန်အရေးကြီးသည်ဟုဖြစ်စေ လူငယ် ၉၂.၉ % က ပြောကြပါသည်။ ဘာသာရေးနှင့်ပတ်သက်၍ ယူဆကြသည်မှာလည်း အလားတူ အချိုးအစားပင် ဖြစ်ပါသည်။ လူငယ် ၁၀ ဦးလျှင် ၉ ဦး (၉၂.၁ % ) က ဘာသာရေးမှာ သူတို့ဘဝအတွက် အရေးကြီးသည်ဟု ဖြစ်စေ၊ အလွန်အရေးကြီးသည် ဟုဖြစ်စေ ပြောကြပါသည်။ ဤသည်မှာ ဘာသာမဲ့များမှတပါး ဘာသာရေးနောက်ခံအမျိုးမျိုးမှ ဖြေကြားသူ အသီးသီးကြား စွဲကိုင်ထားသော အချိုးအစားပင် ဖြစ်ပါသည်။

လူတွေ့မေးမြန်းမှုများ၊ ဆွေးနွေးစကားဝိုင်းများတွင် လူငယ်တချို့က တကိုယ်ရေ တန်ဖိုးများ၊ ထွန်းပေါက်အောင်မြင်မှုများနှင့် ယှဉ်လျှင် ဘာသာရေးမှာ ဒုတိယသာဖြစ်သည်ဟု ယူဆကြောင်း ဆိုခဲ့ကြပါသည်။

**“ကျွန်တော့် ကိုယ်ရေးကိုယ်တာ သရုပ် လက္ခဏာက ပိုအရေးကြီးတယ်လို့ ကျွန်တော် ယူဆတယ်။ အဲဒါ ဇာတိမျိုးနွယ် မဟုတ်သလို ကိုးကွယ်တဲ့ဘာသာလည်း မဟုတ်ပါဘူး။ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ သရုပ်လက္ခဏာကို အာရုံစိုက်လိုက်ရင် ကိုယ့်အတွက် ပိုထွန်းပေါက် အောင်မြင် လာစေပါတယ်”ဟု**

ရှမ်းပြည်နယ်မှ အသက် ၃၁ နှစ်အရွယ်တဦးက ပြောပါသည်။


တချို့ကမူ ကိုးကွယ်သည့်ဘာသာမှာ မိမိတို့ ကိုယ်ပိုင်သရုပ်လက္ခဏာ၏ အရေးကြီးသော အစိတ်အပိုင်းဟုယူဆကြပါသည်။

**“ဗုဒ္ဓဘာသာဝင် ဖြစ်ရတာ ကျွန်တော် ဂုဏ်ယူတယ်”ဟု**

ရခိုင်ပြည်နယ်မှ အသက် ၂၇ နှစ်အရွယ် တဦးက ဆိုပါသည်။

သို့ရာတွင် မြန်မာနိုင်ငံတွင် ဘာသာရေး ခွဲခြားဆက်ဆံမှုမှာ ပြဿနာကြီး မဟုတ်ဟု အများအပြားက ယူဆကြပါသည်။ ဂုဏ်ယူသည်ဟု ဆိုပြီးနောက်တွင် ရခိုင်ပြည်နယ်မှ ထိုအမျိုးသားက “တခြားဘာသာတွေကို ကျွန်တော် အထင်မသေးပါဘူး”ဟု ဖြည့်စွက်ခဲ့ပါသည်။ မြန်မာတို့၏

လွန်ခဲ့တဲ့ တနှစ်တာအတွင်း ကြုံခဲ့ရတဲ့ ခွဲခြားဆက်ဆံမှုအတွေ့အကြုံ



သရုပ်လက္ခဏာတွင် ကိုးကွယ်ယုံကြည်ရာ တခုခု၏ အရေးပါမှုကို မေးမိုန်စေသည့် သဘောဖြင့် တချို့က တခြားဘာသာဝင် မိတ်ဆွေသူငယ်ချင်းများ၏ ဇာတ်လမ်းများကိုပြောပြကြပါသည်။

**"မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးတာက သပ်သပ်ပါ။ မြန်မာနိုင်ငံမှာ မြန်မာတယောက်ဖြစ်ဖို့ ကိုးကွယ်ရာဘာသာ (အဓိက ဘာသာကြီး လေးခုထဲက တခုကို ကိုးကွယ်တာ)က အရေးမကြီးပါဘူး"**

ရှမ်းပြည်နယ်မှ အသက် ၂၇ နှစ်အရွယ် အမျိုးသမီး

**"ကိုးကွယ်ရာ ဘာသာတခုက တနိုင်ငံလုံးကို ကိုယ်စားပြုဖို့ ဘယ်လိုမှ လုံလောက်မှာ မဟုတ်ပါဘူး။ သည်မှာ ဘာသာကွဲတွေ ရှိပါတယ်"**

ပုသိမ်မှ အသက် ၁၈ နှစ်အရွယ် ကျောင်းသူ

"ကျွန်မအတွက်ကတော့ ကိုယ်က ကရင်ပေမယ့် မြန်မာရဲ့ သရုပ်လက္ခဏာ ဗမာ ဖြစ်နေတဲ့ အယူအဆကို လက်ခံပါတယ်။ အင်္ဂလိပ်မှာလည်း နောက်ဆုံးတော့ အတူတူပါပဲ။ ဒါပေမယ့် ဘာသာရေးကတော့ ပိုရှုပ်ထွေးပါ တယ်။ တော်တော်ဆိုးတဲ့ အယူအဆပါ... ဗမာဆိုတဲ့ အဓိပ္ပာယ်က ဗုဒ္ဓဘာသာ၊ ကရင်ဆို ခရစ်ယာန်လို့ ယူဆ တာက လေ့နံ့ဓားထစ်ပဲ"

ပုသိမ်မြို့မှ အသက် ၂၂ နှစ်အရွယ်သူနာပြုအမျိုးသမီး

ဤလေ့လာချက်တွင်လူတွေ့မေးမြန်းခဲ့သော အမျိုးသမီးငယ်တယောက်က သူ့ဒေသတွင် "ဘာသာရေး ခွဲခြားဆက်ဆံမှု မရှိဘူး"ဟုအထိပင် အလွန်အကျူး ပြောခဲ့ပါသည်။ သို့ရာတွင် စစ်တမ်းတွေ့ရှိချက်များက ထိုအပြောကို စိန်ခေါ်နေပါသည်။

## ခွဲခြားဆက်ဆံမှု


နိုင်ငံတဝှမ်းမှ စစ်တမ်း ဖြေကြားသူ ၅ ဦးလျှင် ၁ ဦးခန့် (၂၁.၂ %) က သူတို့ ကိုးကွယ်ရာ ဘာသာကြောင့် အနည်းဆုံး တခါတရံမျှ ခွဲခြားဆက်ဆံ ခံခဲ့ရဖူးသည်ဟု ပြောကြပါသည်။ ဖြေကြားသူများက အခြား ခွဲခြားဆက်ဆံမှုထက် ဘာသာရေး အရ ခွဲခြားဆက်ဆံမှုကို ခံစားရသည့် ကြိမ်ရေ ပိုများသည်ဟု ပြောကြားလိုပုံ ပိုရပါသည်။

ဘာသာရေးခွဲခြားဆက်ဆံမှုက လူများစု တိုင်းရင်းသား များထက် လူနည်းစု တိုင်းရင်းသားများထံ ပိုသက်ရောက်ပုံ ရပါ သည်။ စစ်တမ်း ယူခဲ့သော လူငယ်များ ကြားတွင် မိမိတို့ ကိုးကွယ်ရာ ဘာသာကြောင့် ခွဲခြားဆက်ဆံမှုခံရဖူးကြောင်း လူနည်းစု တိုင်းရင်းသား လူငယ်များက လူများစု တိုင်းရင်းသား လူငယ်များ ထက် ပိုပြောလိုကြပါသည်။ မိမိတို့၏ ဇာတိမျိုးနွယ် ကြောင့် ခွဲခြားဆက်ဆံမှုခံရဖူးကြောင်း ပြောကြားရာတွင်လည်း လူများစု တိုင်းရင်းသား ဖြေကြားသူ၏ နှစ်ဆရှိပါသည်။လူတွေ့မေးမြန်းမှုများတွင် လူငယ် ၄-၅-၁၀ ယောက်က သူတို့၏ ခွဲခြားဆက်ဆံခံရမှု အတွေ့အကြုံများကို ပြောပြခဲ့ကြပါသည်။ ထိုအတွေ့အကြုံများထဲတွင် ဘာသာစကားမှာလည်း အကြောင်းတခုဖြစ်ကြောင်း အများအပြားက အလေးအနက် ပြောခဲ့ကြပါသည်။

**"ဟုတ်တယ်၊ တခြား တိုင်းပြည်က လူတွေနဲ့ ယှဉ်ရင် ကျွန်တော်တို့က ခွဲခြားဆက်ဆံခံရပါတယ်။ ရခိုင်တွေလည်း ခွဲခြားဆက်ဆံခံနေရပါတယ်... ရခိုင်ဖြစ်လျက်နဲ့ ရခိုင်စကား မတတ်ဘဲ ဗမာစကားပဲ ပြောလို့ ကျောင်းမှာလည်း ခွဲခြားဆက်ဆံခံခဲ့ရပါတယ်။ ဘာသာစကား အသီးအတားကြောင့် ကျောင်းမှာသင်တာတွေကို တခုမှ နားမလည်ခဲ့ပါဘူး"**

ရခိုင်ပြည်နယ်မှ အသက် ၂၇ နှစ်အရွယ် ရခိုင်အမျိုးသား

ဘာသာရေးကြောင့် ခံရဖူးတဲ့ ခွဲခြားဆက်ဆံမှု




**"ချင်းပြည်နယ်က ကျွန်တော်တို့ချင်းကြားမှာလည်း ခွဲခြားဆက်ဆံမှုတွေ အများကြီးရှိပါတယ်။ တပ်မတော်က ချည်းပဲ မဟုတ်ပါဘူး။ ချင်းပြည်နယ်မှာ မျိုးနွယ်စုပေါင်း ၅၀ ရှိပါတယ်။ အဲဒီမျိုးနွယ်စုတွေ အားလုံးမှာ ဘာသာ စကားတွေ မတူကြတော့ ဗမာစကားကိုပဲ အများသုံးဘာသာစကားအဖြစ် သုံးကြပါတယ်။ ဗမာစကားပြောရင် ကျွန်တော်တို့ကို အထင်သေး တတ်ကြ တယ်......တချို့က ကျွန်တော့်ဇာတိမျိုးနွယ်ကို ဟာသလုပ်ကြပါတယ်။ တချို့က ကျွန်တော့်ဇာတိမျိုးနွယ်ကို အထင်သေး တယ်။ ကျောင်းမှာဆိုရင် တချို့က ကျွန်တော့်ကို သူတို့ဘေးမှာ မထိုင်စေချင်ကြဘူး။ အထူးသဖြင့် ရခိုင်တွေနဲ့ ဗမာတွေက ကျွန်တော်တို့ကို နှိမ်ပါတယ်။ တခါက ကျွန်တော်ဗမာကောင်လေးတယောက်နဲ့ တစ်ခန်းတည်း နေခဲ့ဖူး တယ်။ သူက ကျွန်တော့် အတင်းအဖျင်းတွေ တအား ပြောပြီး ကျွန်တော့်ကို နှိမ်ခဲ့ပါတယ်"**

ချင်း ပြည်နယ်မှ အသက် ၂၇ နှစ်အရွယ် ရခိုင်-ချင်း တိုင်းရင်းသား

**"မူဆလင်တွေ ခွဲခြားဆက်ဆံခံရတဲ့အဖြစ်၊ ပညာရေးမှာ အခွင့်အရေး မရတဲ့ အဖြစ်တွေ ရှိပါတယ်။ ၂၀၁၅ ခုနှစ် ကတည်းက (ကမန်) မူဆလင်တချို့ကို နိုင်ငံသားမှတ်ပုံတင်ကဒ်ထုတ်ပေးခဲ့လို့ အခြေအနေ နည်းနည်း ကောင်း လာခဲ့ပါတယ်။ ကျွန်မ ကောလိပ် ပထမနှစ်ဝက် တက်တုန်းက မှတ်ပုံတင် မရှိသေးပါဘူး။ မှတ်ပုံတင်မရှိတော့ ကျောင်းအပ်ဖို့ မှတ်ပုံတင်လိုတယ်လို့ ကျောင်းအုပ်ကြီးက ပြောပါတယ်။ ကျွန်မ အရမ်းစိတ်ပျက်လို့ ငိုခဲ့ရပါတယ်။ မှတ်ပုံတင်ရဖို့ ပိုက်ဆံတွေ အများကြီးပေးတာတောင် ကျွန်မတို့တွေ လွယ်လွယ်ကူကူနဲ့ မှတ်ပုံတင် မရပါဘူး။ ကျောင်းမှာ ခွဲခြားဆက်ဆံတာ ခံခဲ့ရပါတယ်။ အထူးသဖြင့် ရခိုင်တွေကပေါ့"**

ရခိုင်ပြည်နယ်မှ အသက် ၂၀ အရွယ် ကမန်အမျိုးသမီး

မည်သို့ပင်ဆိုစေကာမူ မိမိတို့၏ ပညာရေးအဆင့် (၂၉ %) ကိုသော်လည်းကောင်း၊ အလုပ်အကိုင် (၂၆.၅%) ကိုသော် လည်းကောင်း အခြေခံပြီး ခွဲခြားဆက်ဆံခံရသည်ဟု ဆိုသည့် လူငယ်အချိုးအစားမှာ ပို၍ များပါသည်။ လူငယ်များသည် ငွေကြေးတခုတည်းကြောင့် မဟုတ်ဘဲ လူမှုရေး ရပ်တည်ချက်ကြောင့်လည်း အလုပ်အကိုင် တက်လမ်းကို ကြောင့်ကြနေကြသည်ဟု ဤအချက်က ဖော်ကျူးနေသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။ အသက် ၂၆ နှစ် အရွယ် လူငယ် တစ်ဦးက အလုပ် အကိုင် မရှိသော သူငယ်ချင်းများ ရှိသူ၊ မိသားစုက တန်ဖိုးထားသူ သူ့မောင်လေး၏ အတွေ့အကြုံကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

"သူက တက္ကသိုလ်ဝင်တန်း မအောင်ဘူး။ အပြင်မှာ

သီးခြားအုပ်စုဝင်များကို သူငယ်ချင်းအဖြစ် လက်ခံမှု




ပုံကျအလုပ်တွေ လုပ်တယ်။ သူငယ်ချင်းအပေါင်းသင်းက လည်း ခပ်များများ။ အဲဒီ့သူငယ်ချင်းတွေနဲ့ပဲ တတွဲတွဲပေါ့... ဒါပေမယ့် အလုပ်မရှိဘဲ သူငယ်ချင်းတွေနဲ့ တချိန်လုံး အပြင်ထွက်နေရကောင်းလားဆိုပြီး အမေက တချိန်လုံး ဆူတယ်"

၂၈.၆ % မျှ များပြားသော လူငယ်များက ကျား-မ ကွဲပြားမှုပေါ် မူတည်ပြီး ခွဲခြားဆက်ဆံမှု ခံစားရဖူးသည်ဟု ပြောခဲ့ကြ ပါသည်။ စစ်တမ်းဖြေကြားသည့် အမျိုးသမီးများထဲမှ သုံးပုံတပုံနီးပါး (၃၁.၃ % ) က ကျား-မ ကွဲပြားမှုပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုကို အချို့သောအချိန်များတွင် တွေ့ကြုံခံစားဖူးသည်ဟု ဆိုကြပါသည်။ အမျိုးသမီးများ အသက်မွေးမှု အလုပ်အကိုင် စသည့်အခါတွင်လည်း ခွဲခြားမှုကို ပို၍တွေ့ကြုံရသည်ဟု ပြဆိုနေပြီး ပညာပိုတတ်သော လူငယ်များက သူတို့လောက် ပညာမတတ်သော ရွယ်တူများထက် ပို၍ခံစားရသည်ဟုဆိုကြပါသည်။ ရှမ်းပြည်နယ်မှ အသက် ၂၇ နှစ်အရွယ် အမျိုးသမီးက အောက်ပါအတိုင်း ပြောပြပါသည်။

**"လုပ်ငန်းခွင်မှာ ကျား-မ ခွဲခြားဆက်ဆံမှု ရှိပါတယ်... ဥပမာ ကုမ္ပဏီမှာ ကျွန်မကို အင်ဂျင်နီယာအဖြစ် ခန့်တယ်။ ဒါပေမယ့် ပန်းရံဆရာ၊ လက်သမားဆရာ တွေလို ကျွန်မလက်အောက်က ဆောက်လုပ်ရေး လုပ်သားတွေက ကျွန်မဟာ မိန်းကလေးဖြစ်နေလို့ ကျွန်မကို မခန့်ကြဘူး။ ဒ့ါအပြင် ရာထူးကြီးတဲ့သူတွေ ကလည်း ပေးထားတဲ့ အလုပ်ထက် ပိုခိုင်းပြီး အစွမ်းအစကို စမ်းတာတွေလည်း ရှိပါတယ်။ ဆောက်လုပ်ရေး လုပ်ငန်းခွင်ဆိုတော့ မိန်းမငယ်လေး တွေ အိမ်ပြန်ဖို့ အဆင်မပြေလှတဲ့ ညအချိန် ကွန်ကရစ်ဖျော်ရတဲ့အခါတွေမှာ အခက်အခဲ ရှိပါတယ်။**

**အမျိုးသမီး အင်ဂျင်နီယာတွေ အများကြီး ရှိတာတော့ မှန်ပါတယ်။ ဒါပေမယ့် လုပ်ငန်းခွင် အခြေအနေနဲ့ လိုက်လျောညီထွေ နေနိုင်သူနဲ့ မနေနိုင်သူ အချိုးက တဝက်စီလောက် ရှိတယ်။ မလုပ်ချင်ပေမယ့် ပိုက်ဆံရဖို့ အင်ဂျင်နီယာအလုပ်ကို တင်းပြီး လုပ်နေရတဲ့သူတွေ အများကြီးပဲ။ အင်ဂျင်နီယာပညာနဲ့ ဘွဲ့ရပေမယ့် အင်ဂျင်နီယာ အလုပ်မလုပ်ဘဲ ကိုယ်ပိုင်လုပ်ငန်းလုပ်နေတဲ့ ကျွန်မသူငယ်ချင်းတွေ အများကြီး ရှိတယ်"**

ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သည့် အခြားလူငယ်များကလည်း ကျွမ်းကျင်မှုပညာ အသက်မွေးမှုအခြေအနေတွင် မိန်းမသားများအား ယောက်ျားသားများနှင့် မတူညီသည့် အဆင့်အတန်း သတ်မှတ်ခံရသည်ကို သဘောတူကြကာ မိသားစုရေးရာများကို ယောက်ျားများထက် ပိုပြီး ကိုင်တွယ်ဖြေရှင်းမည်ဟုလည်း တွက်ဆထားကြကြောင်း ဖြည့်စွက်ကြပါသည်။ အနာဂတ်နှင့် ပတ်သက်ပြီး မေးမြန်းသောအခါအမျိုးသမီးငယ်တဦးက "ယောက်ျားလေးတွေအတွက်က ပိုကောင်းလိမ့်မယ်။ မိန်းကလေးတွေအတွက်က အဲဒ့ီလောက် မလွယ်ဘူး... မိန်းကလေးတွေက နောက်ထပ် သင်တန်းတွေ တက်ဖို့ မတတ်နိုင်ကြဘူး။ မိန်းကလေးတွေက မိသားစုကိုထောက်ပံ့ရတော့ ပိုပြီးမြင့်တဲ့နေရာတွေကို ဆက်မသွားနိုင်ကြပါဘူး"ဟု ဆိုပါသည်။

အားလုံးခြုံလိုက်လျှင် စစ်တမ်းဖြေကြားသူအားလုံး၏ လေးပုံသုံးပုံနီးပါး (၇၂ %) က ဘဝတွင် ခွဲခြားဆက်ဆံမှု ခံခဲ့ရဖူး သည်ဟု ဆိုပါသည်။ ထက်ဝက်ကျော် (၅၉.၉ %) က ခွဲခြားဆက်ဆံမှု 'တခါတရံ' ခံရဖူးသည်ဟု ပြောခဲ့ကြပါသည်။ ဖြေကြားသူအားလုံး၏ သုံးပုံ တပုံခန့် (၃၆.၃ %) က 'မကြာခဏ"ဖြစ်စေ၊ 'ကြိမ်ဖန်များစွာ'ဖြစ်စေ ခွဲခြားဆက်ဆံခံရသည်ဟု ပြောကြပါသည်။

## မိတ်ဆွေသူငယ်ချင်းဖြစ်ချင်သူ

မျိုးဆက်သစ်မြန်မာ စစ်တမ်းတွင် လူငယ်များအား မိမိ၏ သူငယ်ချင်းရင်းချာ ဖြစ်စေလိုသည့် လူတန်းစား သပ်သပ် ရှိမရှိ မေးမြန်းခဲ့ပါသည်။ ထိုမေးခွန်းများသည် စစ်တမ်းဖြေကြားသူများ ကိုယ်တိုင် မိမိကိုယ်မိမိ သတိမထားမိဘဲခွဲခြားဆက်ဆံ ဖြစ်နေခဲ့လောက်သည့် နယ်ပယ်များကို ပေါ်လွင် လာစေခဲ့ပါသည်။

မြန်မာနိုင်ငံမှာ လူအများကြား အမြစ်တွယ်နေသည့် မူးယစ်ဆေးပြဿနာအား ကြောင့်ကြမှုကို ထင်ဟပ်လျက် လူငယ် ၅ ယောက်လျှင် ၄ ယောက်(၈၂.၃ %)က မူးယစ်ဆေးသုံးစွဲသူများနှင့် သူငယ်ချင်း မဖြစ်လိုကြပါချေ။ ဤသည်မှာ လူငယ်တို့၏ ရွေးချယ်မှု အမြဲမဟုတ်ဘဲ ခက်ခဲနေလေ့ရှိကြောင်း လူငယ်တဦးက အောက်ပါအတိုင်း ပြောခဲ့ပါသည်။


**"ကျွန်တော်နေတဲ့ ရပ်ကွက်ထဲမှာ သူတို့အုပ်ထိန်းသူတွေ ကွာရှင်းလိုက်တာမို့ စောင့်ရှောက်မယ့်သူ တယောက်မှ မရှိတော့လို့ ပျက်စီးနေတဲ့လူငယ်တွေ ရှိတယ်။ တခါတလေ သူတို့က အရက်သောက်တယ်၊ ဆေးတွေတောင် သုံးကြတယ်။ တချို့မိဘတွေက သူတို့ကလေးတွေကို အဲဒ့ီလူငယ်တွေနဲ့ ဆက်မပေါင်းဖို့ ဖွတ်လုပ်ကြတယ်။ နှစ်ပေါင်းများစွာ ပေါင်းလာတဲ့သူငယ်ချင်းဆိုတော့ အခင်မင် မပျက်ချင်ကြပေမယ့် တချို့ကလေးတွေမှာ သူတို့ကို မခေါ်ရဲကြတော့ဘူး"**

ဖြူးမြို့မှ အသက် ၂၁ အရွယ် အမျိုးသား

မူးယစ်ဆေးသုံးစွဲသူများပြီးလျှင် လိင်စိတ်ခံယူမှု ကွဲပြားသူ လူငယ်များမှာ စစ်တမ်းယူခဲ့သူများ ကြားတွင် သူငယ်ချင်းအဖြစ် လက်ခံလိုမှု အနည်းဆုံး ဖြစ်ပါသည်။ ဖြေကြားသူ ၅၈.၂ % က သူငယ်ချင်းများ ထဲတွင် လိင်စိတ်ခံယူမှုကွဲပြားသူများကို မလိုချင် ကြောင်း ပြောကြားခဲ့ပါသည်။ သူနှင့်ရွယ်တူ လိင်စိတ် ခံယူမှုကွဲပြားသူများနှင့်ပတ်သက်ပြီး မေးမြန်းသော အခါ "တယောက် ယောက် လိင်စိတ်ကိုင်းညွတ်ပုံ ပြောင်းသွားမယ်ဆိုရင် အဲဒီလူကို ခင်ချင်တော့မှာ မဟုတ်ဘူးလို့ ထင်တယ်"ဟု အသက် ၁၈ နှစ်အရွယ် အမျိုးသမီးတဦးက ပြောကြားခဲ့ပါသည်။

စိတ်ကျန်းမာရေးချို့တဲ့သည့်လူငယ်များကိုလည်း မလိုလားအပ်သည့် သူငယ်ချင်းအဖြစ် တွေ့ရပါသည်။ ဖြေကြားသူ ထက်ဝက် နီးပါး (၄၇.၁ %)က သူငယ်ချင်းများထဲတွင် စိတ်ကျန်းမာရေး မပြည့်စုံသူကို မလိုချင်ကြောင်း ပြောခဲ့ကြပါသည်။ တဖက်တွင်မူ ကိုယ်ကာယ ချို့ယွင်းမှုမှာ စစ်တမ်း ယူခဲ့သူလူငယ်များအတွက် ပြဿနာကြီးတခု

မြန်မာစစ်စစ်ဖြစ်ဖို့ အရေးကြီးတာ...




ဖြစ်သည့် အနေအထား လွန်စွာ နည်းပါးလှပါသည်။ ဖြေကြားသူ ၈၁.၉ % က သူငယ်ချင်းများထဲတွင် ကိုယ်ကာယချို့ယွင်းသူကို လိုချင်ပါသည်ဟု ပြောကြပါသည်။ သို့ရာတွင် မသန်စွမ်းလူငယ်များ၏ အတွေ့အကြုံက တခြား ဖြစ်ပါသည်။ "သူငယ်ချင်းတွေနဲ့ ပေါင်းတဲ့ အခါ ကျွန်တော့်ကို ဂြိုဟ်သားလို မြင်ကြတယ်"ဟု ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော မသန်စွမ်းလူငယ်တစ်ဦးက ပြောပါသည်။

စစ်တမ်းဖြေသူအများစုက ဇာတိမျိုးနွယ်ကွဲပြားမှု၊ ကိုးကွယ်ရာ ဘာသာကွဲပြားမှုတို့ကို သူငယ်ချင်း ရွေးချယ်ရာ၌ ပြဿနာဟု မယူဆသည်မှာ ထူးခြားပါသည်။ ဖြေကြားသူ ၇၂ % က သူတို့၏ သူငယ်ချင်းထဲတွင် ဘာသာကွဲရှိစေချင်သည်ဟုလည်း ကောင်း၊ ၈၁.၅ % တို့က တိုင်းရင်းသားမျိုးနွယ်ကွဲ ရှိစေချင်သည်ဟုလည်းကောင်း အသီးသီးပြောခဲ့ ကြပါသည်။ "ကျွန်မက ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်ပါတယ်။ ကျွန်မမှာ ဘာသာမတူတဲ့ သူငယ်ချင်းတွေအများကြီးရှိတယ်၊ သူတို့ရဲ့ ဘာသာ ရေး ပွဲတော်တွေကို ကျွန်မ သွားသလို ကျွန်မတို့ ပွဲတော်တွေကိုလည်း သူတို့ လာတာပါပဲ။ ကျွန်မတို့မှာ ဘာပြဿနာမှ မရှိ ပါဘူး"ဟု ရှမ်းပြည်နယ်မှ အသက် ၂၇ နှစ်အရွယ် ကျောင်းဆရာမက ဆိုပါသည်။ အကြမ်းဖျင်းအားဖြင့် လူငယ် ငါးဦးလျှင် တဦးခန့်က မိမိတို့၏ ဇာတိမျိုးနွယ်ကြောင့်ဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာကြောင့်ဖြစ်စေ ခွဲခြားဆက်ဆံခံခဲ့ရဖူးသည်ဟု ဆို သော်လည်း သူတို့၏ ပုဂ္ဂိုလ်ရေးခင်မင်မှုတွင် ဇာ တိမျိုးနွယ်ကွဲပြားမှုကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကွဲ ပြားမှုကိုဖြစ်စေ ပြဿနာဟု ယူဆသည့် လူငယ်မှာ မဆိုစလောက် အနည်းငယ်သာ ရှိပါသည်။ သို့တိုင်အောင် သူငယ်ချင်းရွေးချယ်ရာတွင် ကိုးကွယ်ရာ ဘာသာမှာ ဇာတိမျိုးနွယ်ထက် ပို၍ အရေးကြီးနေပုံ ရနေပေသည်။

## မြန်မာ တနိုင်ငံလုံးကိုယ်စားပြု (အမျိုးသားရေး) သရုပ်လက္ခဏာ

မတူကွဲပြားမှု၊ ခွဲခြားဆက်ဆံမှုတို့ ရှိနေသော အခြေအနေတွင် မြန်မာနိုင်ငံမှ လူငယ်များသည် မြန်မာ သရုပ်လက္ခဏာနှင့် ပတ်သက်သော ဆွေးနွေးငြင်းခုံမှုကို အမွေဆက်ခံထားရပါသည်။ ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်များမှာ "မြန်မာစစ်စစ်တစ်ယောက်" မည်သို့မ ည်ပုံဖြစ်နေသည်နှင့်ပတ်သက်၍ စိတ်ကူးအယူအဆ မျိုးမျိုး ရှိနေကြသော်လည်းစစ်တမ်းတွင်ဖြေဆိုသူ အများစုက နိုင်ငံသားဖြစ်မှုမှာ အရေးကြီးဆုံးဟု ယူဆကြပါသည်။ "မြန်မာစစ်စစ်"ဖြစ်ရေးအတွက် မြန်မာနိုင်ငံသားဖြစ်ရန် အရေးကြီးသည်ဟု စစ်တမ်းယူခဲ့သူ လူငယ် ၈၇.၉ % ကပြောကြပါသည်။

စစ်တမ်းယူခဲ့သော လူငယ်များကြားတွင် နိုင်ငံသား ဖြစ်မှုမှာ ဘာသာရေးကိုးကွယ်မှုထက်ဖြစ်စေ၊ မြန်မာနိုင်ငံထဲတွင် မည်မျှ ကြာကြာနေထိုင်ခဲ့သည်ဆို ခြင်းထက်ဖြစ်စေ အရေးကြီးပါသည်။ လူများစုတိုင်းရင်းသားများကရော လူနည်းစု တိုင်းရင်းသား များကပါ နိုင်ငံသားဖြစ်ခြင်းမှာ မြန်မာ သရုပ်လက္ခဏာ 'စစ်စစ်'အတွက် အရေးကြီးဆုံး အချက်ဟု ယူဆကြပါသည်။ "ကျွန်တော်တို့ တိုင်းရင်းသားတွေလည်း သည်တိုင်းပြည်ရဲ့နိုင်ငံသား ဖြစ်ရတာ ဂုဏ်ယူတယ်။ ကျွန်တော်တို့ကို သည်မှာ မွေးတာပါ။ အဲဒီလို တွေးတဲ့ ကျွန်တော်တို့လို လူတွေလည်း အများကြီးပါပဲ"ဟု ရှမ်းပြည်နယ်မှ အမျိုးသားငယ်တဦးက ပြောပါသည်။

စစ်တမ်းယူခဲ့သော လူငယ်များအတွက် ဗမာစကား ပြောခြင်းက သိပ်အရေးမကြီးလှပါချေ။ ဗမာစာက တရားဝင် နိုင်ငံတော် ဘာသာစကားဖြစ်နေခြင်းမှာ အဆင်ပြေကြောင်း လူငယ် အနည်းငယ်က ဆိုကြသော်လည်း တွေ့ဆုံမေးမြန်းမှုကို ဖြေဆိုခဲ့သူတချို့ကမူ ဘာသာစကားစွမ်းရည်က လူတစ်ယောက် မြန်မာ 'စစ်စစ်'ဖြစ်ခြင်းအတွက် အရည် အချင်းမမီဟု သတ်မှတ်ခြင်းခြင်းမျိုး မရှိသင့်ဟူသည့် သူတို့သဘောထားအယူအဆကို အလေးအနက်ပြောခဲ့ကြပါသည်။ "ဗမာစာ ဗမာစကားက မြန်မာ သရုပ်လက္ခဏာကို ကိုယ်စားမပြုသင့်ပါဘူး။ တခြား တိုင်းရင်းသား အမျိုးမျိုးလည်း ရှိနေ သေးလို့ပါ... ဗမာစကား မပြောနိုင်တာနဲ့ပဲ သူတို့ မြန်မာမဟုတ်ဘူးလို့ ပြောလို့မရပါဘူး"ဟု ပုသိမ်မြို့မှ အသက် ၁၈ နှစ် အရွယ် ကျောင်းသားတဦးက ပြောပါသည်။ တချို့ကမူ မိမိတို့ လူနည်းစု ဘာသာစကားများ၏ အနာဂတ်အတွက် စိုးရိမ် ပူပင်သည်ဟု ဆက်လက်ဖော်ပြပါအတိုင်း ပြောခဲ့ကြပါသည်။ "ကျွန်တော်တို့ရဲ့ ဒေသိယစကားကို ကျွန်တော်တို့ မကာကွယ် မစောင့်ရှောက်နိုင်ရင် အဲဒီဘာသာ စကားလည်း ပျောက်ကွယ်သွားပါလိမ့်မယ်" ဆိုပါသည်။

ပြည့်စုံကျယ်ပြန့်ပြီး ကြွင်းကျန်မှုကင်းပကာ အားလုံးပါဝင်သော မြန်မာ သရုပ်လက္ခဏာ ရရှိရေး အခက်အခဲကို လူငယ် အများအပြားက အသိအမှတ်ပြုကြပါသည်။ သို့သော်လည်း ကြိုးစားကြည့်ရန် အရေးကြီးသည်ဟုလည်း ယူဆကြပါသည်။ ထိုသို့သော သရုပ်လက္ခဏာမှာ ပြည်တွင်းမှ "ဇာတိမျိုးနွယ်ဗဟိုပြု" ခံစားချက်များကို တိုက်ဖျက်နိုင်လိမ့်မည်ဟု အများ အပြားက ယူဆကြပါသည်။ "မြန်မာ သရုပ်လက္ခဏာရဲ့ ဗဟိုချက်မှာ မတူကွဲပြားမှု၊ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်မှုတို့ကို ဖော်ညွှန်းသင့်တယ်လို့ ကျွန်တော်ထင်တယ်"ဟု ကျောင်းသား တဦးက ဆိုပါသည်။


Beach

# သီးခြား လေ့လာမှု ဇာတိမျိုးနွယ်

"ပအိုဝ့် သရုပ်လက္ခဏာ ပြဖို့ဆိုတာ ကျွန်တော့်အတွက် အရေးကြီးပါတယ်။ ပအိုဝ့် ဖြစ်ရတာကို ကျွန်တော် ဂုဏ်ယူသလို ကျွန်တော့်ဇာတိ မျိုးနွယ်ကိုလည်း ချစ်ပါတယ်။ လူတွေက ကျွန်တော့်ကို နှုတ်ဆက်တဲ့အခါ ပအိုဝ့်လားလို့ မေးတာကို သဘောကျတယ်"

မြန်မာနိုင်ငံတွင် သရုပ်လက္ခဏာအကြောင်းဆွေးနွေး ခြင်းသည် ဇာတိမျိုးနွယ်စုအကြောင်းဆွေးနွေးခြင်း မည်ပါသည်။ လူငယ်များအား ကိုယ်ပိုင် သရုပ်လက္ခဏာအကြောင်း မေးသည့်အခါများသောအားဖြင့် သူတို့၏ ဇာတိမျိုးနွယ်ကို ဦးဆုံး ပြောကြလေ့ အရှိဆုံးဖြစ်ပါသည်။ ဇာတိမျိုးနွယ် သရုပ်လက္ခဏာမှာ လူငယ်များအတွက် အရေးကြီးသကဲ့သို့ ထိုသရုပ် လက္ခဏာက သူတို့၏ နေ့စဉ်ဘဝမှ အခြားသူများနှင့် အပြန်အလှန်တုံ့လှယ် ဆက်ဆံမှုကို ပုံဖော်လျက် ရှိသည်ဟု ဆိုကြပါသည်။ မြန်မာနိုင်ငံမှ တိုင်းရင်းသား မျိုးနွယ်စုတိုင်းအတွက် ကြွင်းကျန်မှုမရှိဘဲအားလုံးပါ ဝင်သည့် နိုင်ငံတော် သရုပ်လက္ခဏာ (တနိုင်ငံလုံး ကိုယ်စားပြု)ကို လိုချင်သည်ဟုလည်း လူငယ်အများအပြားက ပြောခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပဋိပက္ခများတွင် ဇာတိမျိုးနွယ်မှာ အဓိကအရင်းခံ အကြောင်း ဖြစ်ပါသည်။ အထူးသဖြင့် နယ်စပ်ဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကလည်းကောင်း၊ တပ်မတော်ကလည်းကောင်း သစ္စာခံရေးအတွက် ယှဉ်ပြိုင်နေကြသည်ဖြစ်ရာ ဖြစ်ပွားနေဆဲ စစ်ပွဲများ သရုပ် လက္ခဏာအများအပြားကို နိုင်ငံရေးဖြစ်အောင် လုပ်ခဲ့ကြပါလေပြီ။ စစ်အစိုးရလက်ထက်က စတင်ခဲ့သည့် ပညာရေး၊ ဘာသာစကား ကန့်သတ်ပိတ်ပင်မှု၌ "ဗမာဇာတ်သွင်းခြင်း"ဟု သူတို့ခေါ်သော မူဝါဒများကို လူနည်းစု တိုင်းရင်းသားအဖွဲ့များက ဆန့်ကျင်တွန်းလှန်နေခြင်းဖြစ်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းဆိုကြသလို တချိန်တည်းမှာပင် စီးပွားရေးထိန်းချုပ်မှု၊သဘာဝ သယံဇာတများ ရရှိ သုံးစွဲနိုင်ရေး အတွက်လည်း တိုက်ပွဲဝင်လျက် ရှိပါသည်။

မြန်မာနိုင်ငံမှလူငယ်များသည်ဤပဋိပက္ခအခြေအနေမှ ဘဝခရီးကို မဖြစ်မနေ နှင်ခဲ့ကြရပြီးဖြစ်ပါသည်။ ဤသုတေသနတွင် ဆွေးနွေးခဲ့သော လူငယ် အများ အပြားက နေ့စဉ် ခွဲခြားဆက်ဆံမှုများ ("တချို့က ကျွန်တော့်ဇာတိမျိုးနွယ်ကို အထင်သေးတယ်။ ကျောင်းမှာဆိုရင် တချို့က ကျွန်တော့်ကို သူတို့ ဘေးမှာ မထိုင်စေချင်ကြပါဘူး။)မှသည် စနစ်တကျ ဖိနှိပ်ခြင်း ("ဗမာတွေက သူတို့ကို ဗိုလ်ကျ ချယ်လှယ် တယ်၊ သူတို့ကိုဗမာဇာတ်သွင်းကြတယ်"ဟု တိုင်းရင်းသားများက ပြောပါသည်။) အထိ ဇာတိမျိုးနွယ် သရုပ်လက္ခဏာကြောင့် နစ်နာမှုများကို ပြောပြခဲ့ကြပါသည်။ လူမှုရေး ဝန်ဆောင်မှုများ၊ အလုပ် အကိုင်အခွင့်အလမ်းများ မရရှိအောင် တားဆီးရန် နိုင်ငံသားကတ် ထုတ်မပေးခြင်းဟု လူနည်းစု တိုင်းရင်းသား အများအပြားက ယူဆလျက်ရှိပေရာ နိုင်ငံသားမှတ်ပုံတင်ကဒ်ရရှိသုံး စွဲရေးကိုလည်း အကြိမ်ကြိမ်ဖြစ်လေ့ရှိသော ခွဲခြားဆက်ဆံမှု ဖြစ်ရပ်တခုအဖြစ် မကြာခဏ ထောက်ပြပြောဆိုကြပါသည်။

"အလုပ်လျှောက်တဲ့အခါ၊ အထူးသဖြင့် အစိုးရဝန်ထမ်း ရာထူးတွေဆိုရင် ဗမာတွေက အထူး မျက်နှာသာပေး ခံရပြီး ကချင်တွေကိုတော့ လျစ်လျူရှုထားကြတယ်။ ကျောင်းဆရာ ရာထူးအတွက် လျှောက်ထားသူ တစ်ရာကို ခန့်ရင် တစ်ယောက်က ကချင်ဖြစ်နေဖို့ ခဲယဉ်းတယ်။ တခြား အစိုးရဝန်ထမ်း ရာထူးတွေ လည်း အတူတူပဲ။ နောက်ပြီး လူနည်းစု တိုင်းရင်းသားတွေဆိုလည်း အတူတူပဲ။ ဗမာ/ ဗုဒ္ဓဘာသာ မှတ်ပုံတင် ကိုင် ဆောင်သူတွေပဲ အစိုးရ အလုပ် ရဖို့ အခွင့်ထူး ရှိပါတယ်"

ဤနယ် ခွဲခြားဆက်ဆံမှုမျိုးမှာသမားရိုးကျဖြစ်နေသည် ဟု စစ်တမ်းရလဒ်များက ဖော်ကျူးလျက်ရှိပါသည်။ ယမန်နှစ်တနှစ်တာအတွင်း ဇာတိမျိုးနွယ်အရ ခွဲခြား ဆက်ဆံမှု အတွေ့အကြုံ အခိုင်အမာ ရှိသည်ဟု ဖြေကြားသူအားလုံး၏ ငါးပုံ တပုံနီးပါးနှင့်တကွ မိမိတို့၏ဒေသတွင် လူနည်းစုတိုင်းရင်းသားအဖြစ် သတ်မှတ်ထားခြင်းခံရသည့် ဖြေကြားသူအားလုံးထဲမှ သုံးပုံ တပုံနီးပါးတို့က ပြောပါသည်။ ထိုသို့သော ခွဲခြားဆက်ဆံမှုကို မီးထိုးပေးသည့် "ဇာတိမျိုးနွယ် ဗဟိုပြု"သဘောထားအတွေးအမြင်က တိုင်းပြည်ကို ထိခိုက်စေသည်ဟု ဤလေ့လာချက်တွင်လူတွေ့ မေးမြန်းခဲ့သော လူငယ် အများအပြားက ယူဆကြ ပါသည်။

"ရှမ်းတွေ၊ ကချင်တွေကို ကြည့်ရင်လည်း ဇာတိမျိုးနွယ်ဗဟိုပြုသူတွေ ရှိမှာ အမှန်ပေါ့။ […] သူတို့မှာ ကပ်ထားတဲ့ ဇာတိမျိုးနွယ်ဆိုတဲ့ တံဆိပ်ကို လူငယ်တွေက ဆန့်ကျင်လို့ မရပါဘူး။ ကချင်က ကချင်ပဲ အလုပ်ခန့်မှာပါပဲ။ ကိုယ့်ဇာတိမျိုးနွယ်အုပ်စုထဲက လူတွေကိုပဲ ခန့်တဲ့အတွက် ဘယ်တိုင်းရင်းသား အုပ်စုကမှ ထိထိရောက်ရောက်လုပ်နိုင်မှာမဟုတ်ပါဘူး။ အဲဒီ့ကနေ ပြိုင်ဘက်တွေပဲ ဖြစ်လာမှာပါ။ အထူးသဖြင့် အုပ်စုတစ်စုက တခြားအုပ်စု ထက် အင်အားကြီးတဲ့အခါမှာပေါ့။"

"ဇာတိမျိုးနွယ် သရုပ်လက္ခဏာရှိတာရယ်၊ ဘာတိုင်းရင်းသားဆိုတာ [မှတ်ပုံတင်ပေါ်မှာ] ဖော်ပြတာရယ်က ကောင်းတယ်လို့ ကျွန်တော် ထင်တယ်။ ဒါပေသည့် အရေးကြီးတာက ဇာတိမျိုးနွယ်ဗဟိုပြုစိတ် မရှိဖို့ပါ။ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်သရုပ်လက္ခဏာကို ကာကွယ် စောင့် ရှောက်ချင်တာ ကောင်းပါတယ်၊ ဒါပေမယ့် ဇာတိမျိုးနွယ်ဗဟိုပြုဝါဒ မပါဘဲကာကွယ်စောင့်ရှောက် သင့်ပါတယ်"

မည်သို့ပင်ဆိုစေကာမူ မိမိတို့၏ ဇာတိမျိုးနွယ် သရုပ်လက္ခဏာမှာ အရေးကြီးသည်ဟု လူငယ်အများ အပြားက မှတ်ယူကြပြီး ထိန်းလည်း ထိန်းသိမ်းလို ကြပါသည်။ ဤလေ့လာချက်တွင် ဆွေးနွေးခဲ့သော လူငယ် ၄-၅-၁၀ ဦးက သူတို့၏ သီးခြား တိုင်းရင်းသား အုပ်စုကို ဂုဏ်ယူကြပြီး အဆိုပါ တိုင်းရင်းသား များ၏ သီးခြား ဘာသာစကား ဓလေ့ထုံးတမ်းများ မေးမှိန် ကွယ်ပျောက်သွားမည်ကို စိုးရိမ်ပူပန်ကြောင်း ပြောခဲ့ကြပါသည်။

"စကော ကရင် သရုပ်လက္ခဏာက ကျွန်တော့် အတွက် အရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ စကောကရင်လို ပြောနိုင်၊ ရေးနိုင်၊ ဖတ်နိုင်ဖို့ လိုပါတယ်။ ဒါပေမယ့် ကျွန်တော် သိပ် မရေးတတ်၊ မဖတ်တတ်ပါဘူး။ […] အစိုးရကတိုင်းရင်းသားဘာ သာစကားတွေကို ပံ့ပိုးပေးနေပေမယ့်မလုံလောက်တာ လည်း အမှန်ပါ။ ကျွန်တော်တို့သာဘာမှမလုပ်ဘူးဆို ရင် နောက်မျိုးဆက်က စကောစကားကိုပဲဖြစ်ဖြစ်၊ ပိုးစကားကိုပဲဖြစ်ဖြစ် ပြောနိုင်ချင်မှပြောနိုင်ကြတော့မှာ ပါ။ တနေ့မှာ ကျွန်တော်တို့ ဒေသိယစကား ပျောက်ကွယ်သွားမှာကို စိုးရိမ်ပါတယ်။ ကျွန်တော်တို့တွေ ဗမာ စကားပဲ ပြောတတ်တော့ တဲ့နေ့က ရောက်လာပါလိမ့်မယ်။ […] ဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်းနဲ့ ကျွန်တော်တို့ ဘာသာစကားက တိမ်ကော သွားပါလိမ့်မယ်"

လူငယ်တချို့က ဇာတိမျိုးနွယ်သရုပ်လက္ခဏာ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့များ စတင်ဖွဲ့ စည်းနေကြပါပြီ။ လူငယ်များအနေဖြင့် သက်ဆိုင်ရာ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို လေ့လာနိုင်သော သီးခြား ဇာတိ မျိုးနွယ်များအလိုက် အဖွဲ့အစည်း၊ ပွဲတော်၊ စာကြည့်တိုက်၊ ဖေ့စဘုတ်အုပ်စုအဖွဲ့စသည့် အသင်းအဖွဲ့များ အလျှိုလျှို ပေါ်ထွန်းနေပါပြီ။ ရခိုင်ပြည်နယ်မှအသက် ၂၃ နှစ်အရွယ် ကျောင်းသား တစ်ဦးက သူ့လူမျိုးစုဖြစ်သောသက်လူမျိုးအကြောင်း ကို သိရှိလာကြရေးအတွက် သူလုပ်နေသော အလုပ်နှင့် ပတ်သက်ပြီး ပြောရာတွင် "တချို့ဆို သက်လူမျိုး ဆိုတာကို သူတို့ တဘဝလုံးမှာ တခါမှ မကြားဖူး ကြဘူး။ ရခိုင်မှာတောင် ကျွန်တော်တို့ကို မသိသေး တဲ့သူတွေ ရှိတယ်"ဟုထည့်သွင်းပြောကြား ခဲ့ပါသည်။ အဆိုပါကျောင်းသားသည် ရခိုင်လူငယ် ဆွေးနွေးအဖွဲ့တွင်လည်း ပါဝင်ခဲ့ဖူးရာ "အဲဒီ့ဆွေးနွေး အဖွဲ့တာဝန်ရှိသူတွေက ကျွန်တော်တို့ ဝတ်စုံကို တွေ့တဲ့အခါ ကျွန်တော်တို့ရဲ့ ဇာတိ မျိုးနွယ်ကို မေးလာတယ်။ ကျွန်တော်တို့က 'သက်'ပါလို့ ဖြေတော့ သူတို့လို တာဝန်ရှိသူတွေတောင် တခါမှ မကြားဖူးဘူးလို့ ပြောတယ်"ဟု ဆိုပါသည်။ ထို့ကြောင့် ပင်"သက်လူမျိုးစုဆိုတာ ဘာဆိုတာရယ်၊ 'သက်' အကြောင်းရယ်ကို တိတိပပ သတ်မှတ်ဖို့ လိုအပ်တယ်။ ဒါကြောင့် သက်စာပေ၊ သက်သမိုင်း ကြောင်း ဖော်ထုတ်ရေး၊ သတ်မှတ်ရေးအတွက် ကျွန်တော်တို့ အခု လုပ်နေကြ တာပါ"ဟု ဆိုပါသည်။ သူ့ဒေသမှ လူငယ်များသည် "'သက်လူငယ် ကွန်ရက်'ဖွဲ့စည်းရန်၊ စာအုပ် ထုတ်ဝေရန်၊ စတင် သင်ကြားပေးရန် ဆော်ဩစည်းရုံးထားပြီးဖြစ်သည်"ဟု သူက ပြောခဲ့ပါသည်။

အခြားဖြေဆိုသူများကလည်း အလားတူ

ပြောကြပါသည်။ ဖြေဆိုသူ အသက် ၃၁ နှစ်အရွယ် တအောင်းအမျိုးသားတဦးက "[သူ့]ဒေသက လူငယ်တွေ ဟာ ဂီတ၊ အဝတ်အထည်စတဲ့ သူတို့ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာတွေကို ထိန်းသိမ်းဖို့ ကြိုးပမ်းနေကြတယ်... ရည်ရွယ်ချက်ကတော့ လူငယ်တွေရဲ့ ဇာတိမျိုးနွယ်အမျိုးသားရေးစိတ်ဓာတ်ကို တိုးတက်လာစေဖို့ပါ။ ကျွန်တော်တို့ အရေအတွက်က နည်းတော့ ကျွန်တော်တို့ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့ လိုတယ်"ဟု ပြောပါသည်။ ကချင်ပြည်နယ်မှ ဖြေဆိုသူ ကချင် လူငယ်ရေးရာ ကော်မတီဝင် အသက် ၃၁ နှစ်အရွယ် အမျိုးသားကလည်း သူနှင့် သူ့အဖွဲ့ သားများသည် " တိုင်းရင်းရှမ်းကို လူအများ သိရှိလာအောင် ကြိုးပမ်းလာတာ ခုနစ်နှစ်လောက် ရှိပြီ"ဟု ဆိုပါသည်။ သို့တိုင်အောင် "ရန်ကုန်ကလူ မဆို စလောက် နည်းနည်းလေးကပဲ ကျွန်တော်တို့ကို သိလာသေးတယ်"ဟု စိတ်ပျက်လက်ပျက် မှတ်ချက်ချခဲ့လေသည်။ သို့သော် "ကျွန်တော်တို့ရဲ့ စာပေ တိုးတက်လာအောင် ဆက်လုပ်နေပါတယ်။ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့သီးခြား သရုပ်လက္ခဏာကို ပြသဖို့ပါပဲ"ဟုလည်း သူက ပြောခဲ့ပါသည်။

သူတို့ ရင်ဆိုင်ရနိုင်သော ခွဲခြားဆက်မှုများကြားမှပင် (သို့မဟုတ်ပါကလည်းခွဲခြားဆက်ဆံခြင်းကြောင့်လည်း ဖြစ်နိုင်ပါသေးသည်) သီးခြား ဇာတိမျိုးနွယ် သရုပ်လက္ခဏာများမှာ လူငယ်များအတွက် အရေးကြီးနေဆဲဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ သီးခြား ဇာတိမျိုးနွယ် သရုပ်လက္ခဏာတရပ်အပေါ် အလေးထားခြင်းက မည်သူမျှ မကြွင်းကျန်ဘဲ အားလုံးပါဝင်သော တနိုင်ငံလုံးကိုယ်စားပြု သရုပ်လက္ခဏာကို ပိတ်ပင်ခြင်းမျိုးမှု မဖြစ်သင့်ဟု လူငယ်အများအပြားက ယူဆကြပါသည်။ စစ်တမ်းကောက်ရာတွင် လူငယ် ၅၇ % က မြန်မာ တနိုင်ငံလုံးကိုယ်စားပြုသရုပ်လက္ခဏာကို မြှင့်တင်ဖော်ဆောင်ခြင်းမှာ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရေးအတွက် အရေးကြီးသည်ဟု ယူဆကြပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ လူငယ်တဦး၏ အပြောမှာ အောက်ပါအတိုင်းပင်ဖြစ်ပါသည်။

"ကျွန်တော်တို့ တိုင်းရင်းသားတွေကလည်း သည်နိုင်ငံရဲ့ နိုင်ငံသားဖြစ်ရတာကိုဂုဏ်ယူပါတယ်။ ကျွန်တော်တို့ကို သည်မှာမွေးတာပဲလေ။ ကျွန်တော့်လို တွေးတဲ့သူတွေ အများကြီးပါပဲ။ တကယ်လို့ ပြည်ပတပ်တွေ တိုင်းပြည်ထဲကို ကျူးကျော်လာရင် ကျွန်တော်တို့အားလုံး အတူတူ တိုက်ကြမှာပါ"ဟု ပြောပြပါသည်။ သို့သော် လောလောဆယ်တွင်ကား "ကျွန်တော်တို့ အချင်းချင်းကြား အသေအကျေ ဆော်နေ ကြတယ်။ အဖွဲ့တိုင်းက ကိုယ့်တိုင်းရင်းသားအဖွဲ့ကိုပဲ ပံ့ပိုးဖို့ ကြိုးစားနေကြတယ်။ တနိုင်ငံလုံး ကိုယ်စားပြု သရုပ်လက္ခဏာ မြင်မြင်ထင်ထင် ရှိလာတဲ့ တနေ့ကျရင်တော့ သည်အခက်အခဲတွေကို ကျော်လွှားနိုင်မှာပါ"ဟု ပြောလေသည်။

## သီးခြား လေ့လာမှု လိင်လုပ်သား

အထူးတလည် ဖယ်ကြဉ်ခြင်းခံရသည့် အဖွဲ့ခွဲလေး တခုမှာ လိင်လုပ်သားအဖြစ် အသက်မွေးနေကြသူများ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် လိင်လုပ်သား၏ ဘဝမှာ မြန်မာနိုင်ငံတွင် ကြမ်းတမ်းလှပါသည်။ စွဲနေအောင် ထင်းနေသည့် အမည်းစက်ကြောင့် လိင်အလုပ်သမား အများအပြားမှာ မိမိ တို့၏ သရုပ်လက္ခဏာကို ဖုံးဖိလျက် မိသားစုကို ကာကွယ် စောင့်ရှောက်ရန် ဘဝနှစ်ခုနှင့် နေထိုင်ကြပါသည်။ လိင်လုပ်ငန်း လုပ်ကိုင်ရန် ဥပဒေနှင့်ညီသည့် လမ်းကြောင်းများမရှိသဖြင့် လိင်လုပ်သားများသည် လမ်းများ၊ ကာရာအိုကေဆိုင်များတွင်လည်းကောင်း၊ ဖုန်းဖြင့်ခေါ်နိုင်သော ပြည့်တန်ဆာ အမျိုးသား အမျိုးသမီး များအဖြစ်လည်းကောင်းသူတို့ဝန်ဆောင်မှုကို ရောင်းချကြရလျက် လိင်လုပ်သားကို ညှဉ်းပမ်းနိုင်သည့်၊ မလျော်ကန်သည်များကို ခိုင်းစေ နိုင်သည့်၊ အခကြေးငွေ ပေးရန်ငြင်းဆန်နိုင်သည့်မရိုးဖြောင့်သော ဖောက်သည်များကဒုက္ခပေးခံရနိုင်သည့်အနေအထားတွင် ရှိနေကြပါသည်။ လိင်လုပ် သားများသည် အာဏာပိုင်များ၏ ကြမ်းကြုတ်သောပြုမူဆက်ဆံခြင်းကိုလည်း ခံရနိုင်နေတတ်ပါသည်။

လိင်လုပ်သားအသိုင်းအဝိုင်း၊ အထူးသဖြင့် ယောက်ျားချင်း ဆက်ဆံရသူယောက်ျားလိင်လုပ်သား များအတွက် အထူးနစ်နာမှုမှာ ဆေးရုံတွင် ရင်ဆိုင်ရသည့် ထိုအသိုင်းအဝိုင်းပေါ်ထားရှိသောသဘောထားပင် ဖြစ်ပါသည်။ လိင်လုပ်သားများတွင် လိင်မှတဆင့် ကူးစက်သော ရောဂါများ ရှိ၊ မရှိစစ်ဆေးရန် ကူညီပေးကာ ရောဂါ ရှိနေပါက ကုသမှုရယူရန် ထောက်ပံ့ပေးသည့် စေတနာ့ဝန်ထမ်းများ ဦးဆောင်သော အဖွဲ့အစည်းများ ရှိပါသည်။ သို့ရာတွင် ဆေးရုံလုပ်သားများ ၏ ထိုအသိုင်းအဝိုင်း အပေါ် ထားရှိသော သဘောထားကလိင်လုပ်သားများ ကျန်းမာရေးဝန်ဆောင်မှု ရရှိရေးတွင်အတားအဆီးဖြစ်လျက်ရှိကြောင်း သတင်းအချက်အလက်ပေးသူများက ပြောပြပါသည်။ ဆေးရုံတွင် လိင်လုပ်သားများ ဆူပူကြိမ်းမောင်းခံနေကြရသည့် အတိုင်းအဆမှာ သူတို့အဖွဲ့ထံ ပြန်ရောက်လာပြီးနောက် "ဆေးရုံ ပြန်သွားမယ့်အစား အသေသာခံလိုက်မယ်"ဟု ပြောသည်အထိပင်ဖြစ်ကြောင်း လိင်လုပ်သား ထောက်ပံ့ကူညီမှု အဖွဲ့အစည်းတခုတွင်လုပ်ကိုင်နေသည့် သတင်းအချက်အလက်ပေးသူကကျွန်ုပ်တို့အား ပြောပြပါသည်။

လိင်လုပ်သား တခါဖြစ်သွားလျှင် တခြားအလုပ်အကိုင် ရရှိရန် ခက်ခဲသွားသည်ဟုသတင်းအချက်အလက်ပေး သူများက ကျွန်ုပ်တို့အား ပြောပြပါသည်။ မိမိတို့ ကိုယ်တိုင်ဖြစ်စေ၊ ဖြစ်ရပ်အများအပြားတွင် မိမိတို့အား မှီခိုနေသူများဖြစ်စေစားဝတ်နေရေးပြေလည်စေရေး အတွက် ငွေကြေးရှာဖွေရန် တခြားနည်း မရှိတော့သဖြင့် အများစုက ဤအလုပ်ကို လုပ်ကိုင်ကြပါသည်။ ဥပမာအားဖြင့် မိဘများ ကွယ်လွန်သွားပြီးနောက် သူကိုယ်တိုင်ရော သူ့မွေးချင်းများပါ ထမင်းနပ်မှန်ရေးအတွက် ငွေကြေး လုံလုံလောက်လောက် ရနိုင်သည့် တခုတည်းသောနည်းလမ်းဖြစ်နေသဖြင့် ကိုယ်ခန္ဓာကို ချရောင်းခဲ့ရသည်ဟုသတင်းအချက်အလက်ပေးသူ တဦးက ဆိုပါသည်။ ထိုသူမှာ စာမတတ်သလိုသူနှင့် အခြေအနေတူသူ သူ့သူငယ်ချင်း အများအပြား မှာလည်း  စာမတတ် ကြပါချေ။

လိင်လုပ်သားဖြစ်ခဲ့ဖူးသူများ၊ အထူးသဖြင့် ထိုအုပ်စုထဲမှ လိင်စိတ်ခံယူမှုကွဲပြားသူများကို ငှားရမ်းခန့်ထားရန် အကြောက်အကန် ဆန့်ကျင်မှုကိုလည်း သတင်း အချက်အလက်ပေးသူ များကထုတ်ဖော်ပြောဆိုကြပါသည်။ ဆန့်ကျင်ဘက်လိင်ကို တပ်မက်ခြင်းမဟုတ်သည့်လိင်စိတ်ဖြစ်စေ၊ လိင်သရုပ်ဖြစ်စေ  အရိပ်အမြွက် တစုံတရာတွေ့သည်နှင့်ပင် အလုပ်ရှင်များက ငှားရမ်းခန့်ထားမှုကို ဟန့်တားရန် လုံလောက်သည်ဟု သတင်းအချက်အလက်ပေးသူများက ပြောပါသည်။ ထိုးကွင်းမင်ကြောင်ကိုလည်း လိင်လုပ်သားတို့ ထိုးမြဲထုံးစံဟု ရှုမြင်လေ့ရှိပြီး ယင်းက အလုပ်ရနိုင်သည့် အခွင့်အရေးကို ခြိမ်းခြောက်နေနိုင်ပါသည်။

# သီးခြား လေ့လာမှု လိင်စိတ်ခံယူမှုကွဲပြားသူများ

မြန်မာနိုင်ငံရှိ မိန်းကလေးချင်းတပ်မက်သူ (မိန်း)၊ ယောက်ျားချင်းတပ်မက်သူ (ကျား)၊ ကျား-မ စွယ်စုံတပ်မက်သူ၊ (စုံ)၊ မွေးရာပါအင်္ဂါကို ဘဝင်မကျသူ (မကျ) လူငယ်များ အတွက် အများကြီး ပြောင်းလဲသွားခဲ့ပါပြီ။ တက်ကြွလှုပ်ရှားသူ လူငယ် ကွန်ရက်တခု၏ ထက်သန်သော အားထုတ်မှုကြောင့် ပြောင်းလဲမှုမှာ ဖြည်းဖြည်းချင်းပေါ်ပေါက် ဖြစ်ထွန်းခဲ့ပြီး ဆန့်ကျင်ဘက်လိင်ချင်း တပ်မက်သူမဟုတ်သည့် လိင်စိတ်အမျိုးမျိုးကို သည်းခံပြီး အတိုင်းအတာ တခုအထိ လက်ခံရာတွင် ကြည်ဖယ်ချန်လုပ်ထားခြင်း သိပ်မရှိ တော့ဘဲ အားလုံး ပိုမိုပါဝင်လာကာ တဖြည်းဖြည်း ခရီးရောက်လာသည့် အနေအထားသို့ မြန်မာနိုင်ငံက အမှတ်ထင်ထင် တက်လှမ်းခဲ့ပါသည်။ လူတွေ့မေးမြန်းမှုများ၊ ဆွေးနွေးစကားဝိုင်းများတွင် လူငယ်များက သူတို့သည် လိင်စိတ်အမျိုးမျိုးရှိသည့် ရွယ်တူများကို သူတို့ မိဘများလက်ခံခဲ့သည်ထက် ပိုမိုလက်ခံလျက်ရှိသည်ဟု ဆိုပါသည်။

လိင်စိတ်ခံယူမှုကွဲပြားသူများမြင်သာရန်ရည်ရွယ် လုပ်ဆောင်သည့် အဖွဲ့အစည်းများ၏ ကွန်ရက်များမှာ မြန်မာနိုင်ငံတဝှမ်း ပျံ့နှံ့နေကာ ရန်ကုန်၊ မန္တလေးတို့မှာ လုပ်ငန်းဝန်ဆောင်မှု အထွေထွေ၏ ဗဟိုချက် ဖြစ်ပါသည်။ အဆိုပါအဖွဲ့အစည်းများသည် သူတို့ အရေးကို မြှင့်တင်ဖော်ဆောင်ရန် အစည်းအဝေးများ၊ အခမ်းအနားများသာမက ဖျော်ဖြေပွဲများပင် ပုံမှန် ကျင်းပကြပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် "(&PROUD)" ဟု ခေါင်းစဉ်တပ်ထားသော နှစ်ပတ်လည် ဂုဏ်ယူပွဲတော်ကို အာဏာပိုင်များက ခွင့်ပြု လိုက်သည့်အခါ အဆိုပါအဖွဲ့အစည်းများမှာ မျှော်လင့်မထားသည့် မှတ်တိုင်ကိုပင်စိုက်ထူနိုင်ခဲ့ပါသည်။ တက်ရောက်သူ ၁၀,၀၀၀ ကျော်ရှိသော ထိုပွဲတော်က ရုပ်ရှင်၊ ဖျော်ဖြေ တင်ဆက်မှုများ၊ စကားစစ်ထိုးပွဲများ၊ ဂီတ၊ အကတို့ဖြင့် လိင်စိတ်ခံယူမှုကွဲပြားသူများ အသိုင်းအဝိုင်းကို ချီးကျူးဂုဏ်ပြုခဲ့ပါသည်။

လိင်စိတ်ခံယူမှုကွဲပြားသူများ သာတူညီမျှရေးအတွက် အတား အဆီးများ သိသိသာသာ ကျန်ရှိနေသေးသော်လည်း အဆိုပါ တိုးတက်မှုများက အတော်များများကို အကောင်းမြင်ကျန်ရစ်စေခဲ့ပါသည်။ ရာဇဝတ်ပြစ်မှု အဖြစ်မှ ပယ်ဖျက်ပေးရန် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစု ကြည်၏ တောင်းဆိုမှုများ ကြားမှပင်လိင်စိတ်ခံယူမှုကွဲပြားသူများကို ဆန့်ကျင် တိုက်ဖျက်သည့် ကိုလိုနီခေတ် ဥပဒေများ ရှိနေဆဲပင် ဖြစ်ပါသည်။ လိင်စိတ်ခံယူမှုကွဲပြားသူလူငယ်များမှာ ပုံသေကားချပ် သတ်မှတ်ထင်မြင်ခံရ ခြင်း၊ ခွဲခြားဆက်ဆံခံရ ခြင်းသာမက လှောင်ပြောင်ကဲ့ရဲ့ခြင်းကိုပင် မကြာခဏ ခံရလေ့ရှိပါသည်။ ဥပမာအားဖြင့်မြန်မာရုပ်ရှင်များတွင် လိင်စိတ်ခံယူမှုကွဲပြားသူများ ဇာတ်ကောင်များအား လူပြက်များသဖွယ် ပုံဖော်ခြင်းကိုလိင်စိတ်ခံယူမှုကွဲပြားသူများ တက်ကြွ လှုပ်ရှားသူ အများအပြားက လူသိရှင်ကြား ထုတ်ဖော်ပြောဆိုဖူးပါသည်။


ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်အများအပြားက အဆိုပါ ပြဿနာမှာ ရုပ်ရှင်တခုတည်းသာမကဘဲနေရာအများအပြားတွင်ဖြစ်နေသည်ဟု ဆိုကြပါသည်။ လှောင်ပြောင်သရော်ခြင်းမှာ လူမှုမီဒီယာတွင် နိစ္စဓူဝလို ဖြစ်နေသည်ဟု ဖြေကြားသူတဦးက အောက်ပါအတိုင်း ပြောပါသည်။

"ကလေးတွေကို ငယ်ငယ်လေးကတည်းက [...] ယောက်ျားဆို ယောက်ျားပီသရမယ်လို့ [ယူဆအောင်] ရိုက်သွင်းထားကြတယ်။ ယောက်ျားတယောက်က မိန်းမလျာဖြစ်နေရင် ပိုလို့တောင်ပြစ်တင်ဝေဖန်ကြသေးတယ်။ မြန်မာနိုင်ငံမှာ မိန်းမလျာတွေကို စော်ကားကြ၊ ခွဲခြားဆက်ဆံကြပါတယ်။ "ဓမ္မတာမဟုတ်သော ဆက်ဆံမှု"ကို ဥပဒေအရ တားမြစ်ထားပြီး အပြစ်ပေးပါတယ်။ မီဒီယာတွေက အဲဒီလိုလူတွေ လက်ထပ်တာကို ဖော်ပြ[...] နေကြပါတယ်။ ဒါပေမယ့် အဲဒီ့နောက် လူမှုမီဒီယာထဲက မှတ်ချက်တွေမှာ အဲဒီ့သတင်းကို အပုပ်ချတာ၊ အဲဒီအခြေအနေကို မစာမနာ ရယ်ပွဲဖွဲ့တာတွေ ဖြစ်နေပါတော့တယ်။ ဒါဟာ လက်ခံလာတဲ့ လက္ခဏာမဟုတ်ပါဘူး။ ပြက်လုံးတခုလို သဘောထားကြတာပါ"

လိင်စိတ်ခံယူမှုကွဲပြားသူများ လူငယ်များအပေါ် ထိုသို့ တဖက်စောင်းနင်း အမြင်ကိုစစ်တမ်းဖြေကြားသူများကြားတွင် အထင်အရှား တွေ့ရပါသည်။ လူငယ် ၅ ဦးလျှင် ၃ ဦးနီးပါး (၅၈.၂ % ) က လိင်စိတ်ခံယူမှုကွဲပြားသူများ တယောက်အား သူငယ်ချင်းအဖြစ် သဘောမထားလိုဟု ပြောခဲ့ကြပါသည်။ စစ်တမ်းကောက်ခဲ့သူလူငယ်များကြားတွင်  သူငယ်ချင်းတော်ရန် ထို့ထက်ပို မလို လားအပ်သူမှာ မူးယစ်ဆေးသုံးစွဲသူများသာ ဖြစ်ပါသည်။ ကျေးလက်ဒေသမှ ဖြေကြားသူများမှာ လိင်စိတ်ခံယူမှုကွဲပြားသူများ သူငယ်ချင်းကို သာ၍ပင် မလိုချင်ကြပေ။ ဖြေကြားသူ ၂၁.၅ % ကသာ ကိုယ်သာ လိင်စိတ်ခံယူမှုကွဲပြားသူ ဖြစ်ရခြင်းမှာ"ရှက် ဖွယ်ကောင်းသည်"ဆိုခြင်းကို သဘောမတူခဲ့ကြပါ။

မည်သို့ပင်ဆိုစေကာမူ လိင်စိတ်ခံယူမှုကွဲပြားသူများ လူငယ်များနှင့် ပတ်သက်သည့် မေးခွန်းများကို မေးမြန်းသောအခါ တကယ် မသိပါဟု ဖြေခဲ့ကြပါသည်။ လူငယ်အများစုကအသိပညာပေး စည်းရုံး ဆော်ဩမှုများက လိင်စိတ်ခံယူမှုကွဲပြားသူများဘဝနှင့် စပ်လျဉ်း၍ ပညာပေးနိုင်ပြီးလိင်စိတ်ခံယူမှုကွဲပြားသူများ လူငယ်အများအပြား ရင်ဆိုင်နေရသော အမည်းစက် စွန်းထင်းမှုကို တန်ပြန်တိုက်ဖျက်နိုင်ဖွယ်

လိင်စိတ်ခံယူမှုကွဲပြားသူများအား လက်ခံမှု





## လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု

"အရင်တုန်းက လူငယ်တွေအတွက် သင်တန်း များများစားစား မရှိဘူး။ အခုတော့ သင်တန်းတွေ ပိုလုပ်ပေး လာတာ တွေ့ရတယ်။ အဖွဲ့အစည်းတွေက လူငယ်တွေ ပိုများများကိုသူတို့သင်တန်းတွေနဲ့ ပံ့ပိုးပေးသလို လက်ကိုင်ဖုန်းတွေလည်း ပိုကိုင်နိုင်၊ သုံးနိုင်လာတာကြောင့် အဲဒီလိုအဖွဲ့အစည်းတွေအပေါ် စိတ်ဝင်စားမှုက လည်း ပိုများလာတယ်။ အရင်က ဆိုရင် လူတော်တော်များများက အဖွဲ့အစည်းတွေကို အထင်သေးကြတယ်။


အခုတော့ တချို့တွေက အဲဒီအဖွဲ့အစည်းတွေကို စိတ်ဝင်စားမှု ပြလာကြတယ်။ အခုလူငယ်တွေက အရပ်ဘက် အဖွဲ့အစည်းတွေ၊ အဲဒီအဖွဲ့တွေရဲ့ လုပ်ငန်းတွေမှာ ပိုပြီး ပါဝင်လှုပ်ရှားလာကြတယ်။ ဥပမာပြရရင် ကူမီးလူငယ် အဖွဲ့အစည်းတွေ ရှိနေတယ်၊ ချင်းပြည်နယ် အရေးကိစ္စတွေကို လူငယ်အဖွဲ့အစည်းတွေနဲ့ ပြည်နယ်အစိုးရ အတူတွဲ လုပ်နိုင်လာကြတယ်။ လူငယ်ဆွေးနွေးပွဲတခုလည်း ကျင်းပနိုင်ခဲ့သေးသလို လူငယ် ကော်မတီကိုလည်း ဖွဲ့စည်းထားပြီးပြီ။

ဒါပေမယ့် ဒါတွေမှာ လူငယ် မဆိုစလောက် နည်းနည်းလေးပဲ ပါဝင်လုပ်ကိုင်နေကြပါသေးတယ်။ လူငယ်တွေက အဖွဲ့အစည်းတွေအပေါ် စိတ်ဝင်စားမှု က တကယ့်ကို နည်းနည်းလေးပဲ ရှိတယ်"


ချင်းလူငယ်ကော်မတီအဖွဲ့ဝင်၊ အသက် ၂၇ နှစ်အရွယ် အမျိုးသား

မြန်မာနိုင်ငံတွင် ထုတ်ဖော်ပြောဆိုခြင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းတို့အား တားဆီးကန့်သတ်မှုကို ဖြေလျှော့ပေးလိုက် သဖြင့် နိုင်ငံရေးလှုပ်ရှားမှုမှာ ကျယ်ပြန့်လာခဲ့ပါသည်။ နိုင်ငံတဝှမ်းမှ လူငယ်များ သည် ကျောင်းသားသမဂ္ဂများစတင်ဖွဲ့စည်းလာကြ သည်၊ အရပ်ဘက်လူ့ဘောင်အဖွဲ့အစည်းများသို့ ဝင်ရောက်လာခဲ့ကြသည်၊ တိုင်းရင်းသားအကျိုးစီးပွား အဖွဲ့များတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်လာ ခဲ့ကြပါသည်။ စေတနာ့ဝန်ထမ်းလုပ်ခြင်းကို မြန်မာနိုင်ငံတွင် အမြဲတမ်း တန်ဖိုးထားကြသော်လည်း ယခင်က ထိုသို့သော နိုင်ငံရေးလှုပ်ရှားမှုကို ရာဇဝတ်မှုပြစ်မှုကြောင်းအရ အပြစ်ပေးခံရမည့် အလားအလာရှိခဲ့ဖူးသည်ဟု လူတွေ့မေးမြန်းမှုများ၊ အုပ်စု ဆွေးနွေးပွဲများတွင် လူငယ်များက ပြောပြခဲ့ကြပါသည်။ ယခု အခါ အဆိုပါ


မိမိ၏လူ့အဖွဲ့အစည်း/ရပ်ရွာအသိုင်းအဝိုင်းအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် မည်မျှအရေးကြီးသနည်း




လူ့ အဖွဲ့အစည်းအတွက် လူငယ်တွေ ဝိုင်းဝန်းဆောင်ရွက်မှု



ဘဝအတွက်၊ ရပ်ရေးရွာရေးအတွက် လုပ်တာကိုင်တာတွေ အရေးကြီးပုံ




နိုင်ငံရေးလှုပ်ရှားမှုမှာ သမားရိုးကျ ဖြစ်လာပါပြီ။ အပြောင်းအလဲကို လူငယ်များက အကြီးအကျယ် ကြိုဆိုကြ ပြီး စစ်တမ်း ဖြေကြားသူ ဆယ်ဦးလျှင် ကိုးဦး (၉၀ % )က သူတို့လူ့ အဖွဲ့အစည်းအတွက် ဖြစ်စေ၊ ရပ်ရွာအတွက်ဖြစ်စေ ဝိုင်းဝန်း ဆောင်ရွက် ခြင်းမှာ သူတို့အတွက်အရေးကြီးသည်ဟု ပြောခဲ့သလို စစ်တမ်း ဖြေကြားသူ ၈၂. ၇ % ကလည်း စေတနာ့ဝန် ထမ်းရွက်ခြင်းမှာ လူ့ အဖွဲ့အစည်းအတွက် အပြုသဘောဆောင်သော အပြောင်းအလဲ ရလာစေနိုင်သည့် နည်းလမ်းဖြစ်သည်ဟု အတည်ပြု ခဲ့ကြပါသည်။

ပညာတတ်သည့် စစ်တမ်းဖြေကြားသူများကြားတွင် ထိုအမြင်ကို ထူးထူးခြားခြား ကြားရပါသည်။ တက္ကသိုလ်ပညာ ဖြစ်စေ၊ အထက်တန်းကျောင်း ပညာဖြစ်စေ ရရှိထားသူလူငယ်များက သူတို့ရွယ်တူ ပညာသိပ်မတတ်လှသူများထက် ရပ်ရွာအသိုင်း အဝိုင်းအတွက် လှုပ်ရှားခြင်း၊ ဝန်ထမ်းခြင်းမှာ ဘဝတွင် အရေးကြီးသည်ဟု ပိုပြောလိုတတ်ကြပါသည်။ "ကျွန်တော့်လူ့ ဘောင်/ရပ်ရွာအသိုင်းအဝိုင်းအတွက် ဝိုင်းလုပ်တာ"သည် သူတို့အနာဂတ်အတွက် အရေးကြီးသည့် ရည်မှန်းချက် ပန်းတိုင်ဖြစ်ကြောင်း သူတို့က ပိုပြောတတ်ကြပြီး ရပ်ရွာအသိုင်းအဝိုင်း၏ ပြဿနာများကို ကိုင်တွယ် ဖြေရှင်းရာ၌ ပါဝင် ဆောင် ရွက်ရန်လူငယ်များတွင်တာဝန်ရှိသည်ဟုလည်း ပို၍ အတည်ပြုတတ်ကြပါသည်။ ဤလေ့လာချက်အတွက် စစ်တမ်းယူခဲ့သောလူငယ်များကြားတွင် ပိုမိုမြင့်မား သော ပညာရည်အဆင့်က  လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု အပေါ် ပိုမိုအလေးထားတတ်မှုနှင့် ကျကျနန ဆက်စပ်လျက် ရှိပါသည်။


လူတွေ့မေးမြန်းမှုများတွင် သူတို့ရခဲ့သည့် အခွင့် အလမ်းများက လူမှုရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်မှု ကို ပုံဖော်ပေးခဲ့သည် ဟု ပိုမိုမြင့်မားသော ပညာရည် ရှိသည့် လူငယ်အများအပြားက ဝန်ခံကြပါသည်။ သူတို့၏ ပညာရေး အခွင့်အလမ်းက ဖြစ်စေ၊ ခရီးသွားလာခြင်း အခွင့်အလမ်းကဖြစ်စေ အရပ်ဘက်လှုပ်ရှားမှု (လူထုရဲ့ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းတဲ့ အလုပ်ကို ဆိုလိုပါတယ်) အပေါ် စိတ်ဝင်စားလာအောင် နှိုးဆွပေးခဲ့ပုံကို တချို့က ပြောပြကြပါသည်။ သူတို့နှင့် ရွယ်တူ များကြားတွင် အဆိုပါ ကိစ္စကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံခြင်းမရှိဟု အဆိုပါလူငယ်များက ယူဆကာ အရပ်ဘက် လှုပ်ရှား မှုများတွင် အတော့်ကို နည်းပါးလှသည့်လူငယ်များသာ စေတနာ့ဝန် ထမ်းရွက်ကြသည်ဟု ဆိုပါသည်။ ဘားအံမှ အသက် ၂၁ အရွယ် လူငယ်က "လူမှုရေးလုပ်ငန်းကို လူငယ်တွေ သိပ်စိတ် မဝင်စားဘူးလို့ ကျွန်တော်ထင်တယ်။ သူတို့တွေက ဖျော် ဖြေရေးရယ်၊ အပန်းဖြေတာတွေကိုပဲ [ပိုအားသန်] လိုချင်နေကြတယ်။ သူတို့မှာ သတင်းအချက်အလက် လုံလုံလောက် လောက် မရလို့လည်း ဖြစ်နိုင်ပါတယ်။ တချို့လူငယ်တွေကတော့ အဆက်အသွယ်လည်း မှန်မှန်ကန်ကန် ရှိလျက်သားနဲ့ စိတ်ကိုမဝင်စားတာ"ဟု ပြောပါသည်။

သို့ရာတွင် စစ်တမ်းရလဒ်များက တခြားတဖက်ကို ပြနေပါသည်။ စစ်တမ်းယူခဲ့သည့် ပညာရည်အဆင့်စုံ လူငယ် အားလုံး၏ ၈၅.၁ % က ရပ်ရွာအသိုင်းအဝိုင်း ၏ ပြဿနာများကို ကိုင်တွယ် ဖြေရှင်းရာတွင် လူငယ်များပါဝင်ရန် တာဝန်ရှိကြောင်း လက်ခံကြ ပါသည်။ တကယ်တမ်းမှာတော့ ကျေးလက်ဒေသမှ စစ်တမ်းဖြေကြားသူများက ထိုသို့သော တာဝန်ရှိသည် ဆိုခြင်းကို မြို့ပြမှ သူတို့ရွယ်တူများထက် ပို လက်ခံ နိုင်ကြပါသည်။ ပညာအရည်အချင်းက လူတယောက် ၏ ခံယူချက်ကို ခိုင်မာလာ စေနိုင်သော်လည်း ပညာရည် နှင့် ကျောထောက်နောက်ခံ မည်သို့ ရှိနေသည်ဖြစ်စေ လူငယ်အများစုသည် လူမှုရေး ကိစ္စများ၌ ပါဝင်ဆောင်ရွက်မှုကို တန်ဖိုးထား ကြပါသည်။ သို့ဆိုလျှင် လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုကို ကန့်သတ်တားဆီးနေသည့် အဓိကအချက်များမှာ မည်သည့်အရာများ ဖြစ်လေပါသနည်း။

ဖြစ်ရပ်အများအပြားတွင် မိသားစု၏ ငွေရေးကြေးရေးက လူငယ်များကို တုပ်နှောင်ထားပုံ ရပါသည်။ စေတနာ့ဝန် ထမ်းရွက် ခြင်း၊ အရပ်ဘက် လူ့အဖွဲ့အစည်း လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သင်တန်းတက်ခြင်းတို့ နှင့် လှုပ်ရှားမှုအတော် များများတွင်ပါဝင်ခြင်းသည် ကျေးလက်ဒေသမှ ပိုမိုဆင်းရဲသော လူငယ်များအတွက် အခွင့်အလမ်း စရိတ် များပြားလွန်းသည်သည်ဟု အုပ်စု ဆွေးနွေးပွဲ တက်ရောက်သူများ က ရှင်းပြကြပါသည်။ လူမှုဖွံ့ဖြိုးရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ခြင်းကို အချိန်ရှိ၊ ငွေရှိသူများသာ လုပ်နိုင်ကြကာ စိတ်ပါဝင်စား သော်လည်း မတတ်နိုင်သည့် လူငယ်များမှာ ပါဝင်ဆောင်ရွက်နိုင်လေ့ မရှိကြပါဟု သူတို့က ညည်းတွားချကြပါသည်။ "ဆင်းရဲတဲ့မိသားစုတွေက လူငယ်တွေဟာ မိသားစုထဲမှာ လုပ်ကိုင်နေကြရတော့ မိသားစုတွေက သူတို့လေးတွေကို လူမှုရေး လုပ်ငန်းတွေမှာ (ပါဝင်) ပတ်သက်ခွင့်ပေးမှာ မဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင်တောင် ပြီးခဲ့တဲ့အပတ်က သင်တန်းတခု တက်ဖို့အတွက် ငွေကျပ် သိန်း ၂၀ နစ်နာခဲ့ပါတယ်"ဟု ဆွေးနွေးပွဲတက်ရောက်သူတဦးက ဆိုပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းပင်၊ လူငယ်များသည် တင်းကျပ်သည့် မိဘအုပ်ထိန်းမှု ဖိအားကိုလည်း ခံစားကြရပါ သည်။ ကလေးများ၏ လှုပ်ရှားဆောင်ရွက်မှုများအပေါ် မိဘများက ကန့်သတ်ချုပ်ချယ်လေ့ရှိပြီး တခါတရံ ၁၈-၁၉ မှသည် ၂၀ ကျော်အထိပင် ဖြစ်နေတတ်ကြောင်း ဤလေ့လာ ချက်တွင်လူတွေ့မေးမြန်းခဲ့သော လူငယ်များက ပြောပြကြပါသည်။ အဆိုပါ တားဆီးချုပ်ချယ်မှုများမှာ ရည်ရွယ်ချက်ကောင်းနှင့်ဖြစ်သော်လည်း အစိုးရိမ်လွန် နေသည်ဟု အများစုက မြင်ကြ ပါသည်။ မျိုးဆက်ပေါင်းအတွက်မူ ဘာသာရေး ဝတ်ပြုခြင်း၊

"မိမိတို့ရပ်ရွာအသိုင်းအဝိုင်းက ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ ပါဝင်ဆောင်ရွက်ဖို့ လူငယ်တွေမှာ တာဝန်ရှိတယ်"




ဇာတိမျိုးနွယ် ထိန်းသိမ်းရေးလုပ်ငန်းစသည်တို့ထက် ကျော် လွန်သော လူမှုဖွံ့ဖြိုးရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ခြင်းမှန်သမျှမှာ နိုင်ငံရေးလှုပ်ရှားတက်ကြွမှုဖြစ်ပုံရနေသဖြင့် သူတို့မိဘများ ငယ်စဉ်က လုံး၀ တားမြစ်ပိတ်ပင်ခံထားရသောနယ်ပယ်ဖြစ်ခဲ့ကြောင်း ပြောကြပါသည်။ ကျောင်းသားသမဂ္ဂ အစည်းအဝေး များကိုဖြစ်စေ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများက ပြုလုပ်သောသင်တန်းများကိုဖြစ်စေ 'နိုင်ငံရေး'ဟု ယူဆကြသလို အသက် ၂၄ နှစ်အရွယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ တက်ကြွလှုပ်ရှားသူတဦး၏ စကားလုံးအတိုင်း ဆိုရလျှင် "နိုင်ငံရေးဆိုတာနဲ့ ထောင်ကိုပဲ လူတွေရဲ့စိတ်ထဲမှာ ပြေးမြင်ကြတာ" ဟု ဆိုပါသည်။

ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်များအတွက် ဤအစပ်အဟပ်မှာ မလိုအပ်ဘဲ ကန့်သတ်ချုပ်ချယ်ရာ ရောက်နေပါသည်။ ရခိုင်ပြည်နယ်မှ အသက် ၁၉ နှစ်အရွယ် ကျောင်းသူတဦးက သူကိုယ်တိုင် ပညာလည်း သင်၊ ကျောင်းသားသမဂ္ဂတွင်လည်း ပါဝင်လျက်ရှိရာ မြောက်ဦးမှ လူငယ်အများအပြားသည် စေတနာ့ဝန်ထမ်းရွက်ရန် အလွန် စိတ်ဝင်စားကြသည်ဟု ပြောပါသည်။ သူတို့ပါဝင်ဆောင်ရွက်ရန်မှာမူ "ကျွန်မတို့အတွက် စိုးရိမ်ကြတဲ့ လူကြီးသူမတွေ၊ မိဘတွေအပေါ်မယ် အများကြီး မူတည်နေပါတယ်ရှင့်"ဟု ဆိုပါသည်။ သူက အောက်ပါအတိုင်း ဝေဝေဆာဆာ ဆက်ပြောပါသေးသည်။

**"ဥပမာရှင်၊ ကျွန်မအမေဆိုရင် အရမ်းအစိုးရိမ်လွန်တယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ၂ နှစ်က အမေ့ကို ဆန့်ကျင်ပြီး သင်တန်းတခု သွားတက်ခဲ့တယ်ရှင့်။ အခုဆိုရင် အမေ့ကို မပြောဘဲ သင်တန်းတွေ အများကြီး တက်နေပါတယ်။**


**လူငယ်တွေ စေတနာ့ဝန်ထမ်းလုပ်ဖို့ မိဘတွေက အဓိက အတားအဆီးပါပဲ။ သူတို့မှာ ဘာက နိုင်ငံရေး၊ ဘာက လူမှုရေးဆိုတာ မခွဲခြားတတ်ကြဘူး။ အဲဒီနှစ်ခုကို သူတို့ ရောထွေးမသွားအောင် ကျွန်မတို့က လုပ်ရမှာရှင့်။**

**ကျွန်မတို့ လူငယ်တွေက ကိုယ့်လမ်း ကိုယ်ဖောက်ရမှာ။ ကိုယ့်အခွင့်အလမ်းတွေ ကိုယ်ဖန်တီးရမှာ။ အခွင့် အလမ်းက ကျွန်မတို့ဆီ ရောက်လာမှာ မဟုတ်ဘူးလေ"**

ထို့အပြင် ပါဝင်ဆောင်ရွက်ကြရာတွင် အမျိုးသမီးငယ်များသည် အမျိုးသားငယ်များထက် ကန့်သတ်ချုပ်ချယ်မှုများကို ပို ခံရလေ့ရှိပါသည်။ ဆွေးနွေးပွဲ တက်ရောက်သူ အများအပြားက မိဘများသည် သားများထက် သမီးများအပေါ် ပိုတင်းကျပ် ကြကာ သတ်မှတ်ချိန်ကျော်ပြီး အပြင်ပေးမထွက်ခြင်း၊ ခရီးသွားခွင့် မပေးခြင်းတို့က အမျိုးသမီးငယ်များကို လူမှုရေးကိစ္စ များ၌ ပါဝင်ဆောင်ရွက်ရန် အခက်တွေ့စေသည်ဟု ယူဆကြပါသည်။ ကျောင်းသူများမှာ တင်းကျပ်သည့် အဆောင် စည်းကမ်းများကို လိုက်နာရသောကြောင့် ကျောင်းသား စည်းရုံး လှုပ်ရှားမှု လုပ်ငန်းများတွင် အမျိုးသားများသာ ပါဝင် နေသည်ဟု လူငယ် တက်ကြွလှုပ်ရှားသူတဦးက ညည်းတွားပါသည်။ စစ်တမ်းဖြေကြားသူ များထဲတွင် လူမှုရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ခြင်း မေးခွန်းများကို အမျိုးသမီးများက အမျိုးသားများထက်ပိုပြီး "မသိဘူး"ဟု ဖြေတတ်ကြခြင်း အကြောင်းရင်းကို ဤအချက်က တစိတ်တပိုင်း ဖြေရှင်းပေးနိုင်ပါလိမ့်မည်။

လူငယ်များသည် မြန်မာနိုင်ငံမှ ထုတ်ယူသုံးစွဲခြင်း မပြုရသေးသည့် အင်အားဖြစ်သည်ဟု လူငယ် ၇၃.၄ % က လက်ခံ သဘောတူရခြင်း အကြောင်းရင်းကို ဤငွေရေးကြေးရေး အခြေအနေနှင့် အစဉ်အလာများက (၂၅ - ၃၀ ကြား) အသက်ပိုကြီးသော လူငယ်များ ၊ ပညာပိုတတ်သောလူငယ်များကသာ၍ပင် လက်ခံ သဘောတူကြပါသည်။ ဤလေ့လာချက်တွင် စစ်တမ်းယူခဲ့သော ကျေးလက်ဒေသမှ လူငယ်များသည် လူငယ်များ၏ ထုတ်ယူသုံးစွဲရခြင်း မပြုရသေးသည့် အင်အားကို မြို့ပြမှ သူတို့နည်းတူ လူငယ်များထက် ပိုသဘောတူတတ်ကြပါသည်။ ဤသည်က လူမှု ဖွံ့ဖြိုးရေးကိစ္စများ၊ အရပ်ဘက်လူထုအတွက် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမှာ လူငယ်အုပ်စုအမျိုးမျိုး ကြား ကွဲပြားသော်လည်း လူမှုဖွံ့ဖြိုးရေးကိစ္စများ၌ ပါဝင်ဆောင်ရွက်ခြင်း၏ တန်ဖိုး မှာမူ သူတို့အချင်းချင်းကြားတွင် အတူတူပင် ဖြစ်သည်ဟု ပြဆိုလျက် ရှိပါသည်။

"လူငယ်တွေဟာ ထုတ်ယူသုံးစွဲခြင်းမပြုရသေးတဲ့ အင်အားပါ"




## အဖွဲ့အစည်းများအပေါ် သဘောထား

### အစိုးရ အဖွဲ့အစည်း

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုက နိုင်ငံ၏ အစိုးရ ဖွဲ့စည်းပုံကို ပြောင်းလဲသွားစေခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ယခင် ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏နယ်မြေပိုင်းခြားသတ်မှတ်မှုကို ဆက်လက်ထိန်းသိမ်း ထားပါသည်။ တိုင်းပြည်ကို အုပ်ချုပ်ရေးအရ ပြည်နယ်၊ တိုင်းဒေသကြီး ၁၄ ခု အဖြစ် ပိုင်းခြားလျက် ပြည်နယ်/တိုင်းဒေသကြီး တခုစီတွင် ရွေးကောက်ခံ အရပ်သား လွှတ်တော် တခုစီ ရှိပါသည်။ ယခုအခါ လူငယ်မဲဆန္ဒရှင်များသည် အပြိုင်ကျဲရ သော ရွေးကောက်ပွဲများတွင် ပြည်ထောင်စုအစိုးရ တာဝန်ရှိသူများကိုသာမက မိမိတို့၏ ဒေသဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ် များကိုပါ ရွေးကောက်တင်မြှောက်ကြရပါသည်။

သို့ရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်ပုံစနစ်မှာ အရပ်ဘက်နှင့် စစ်ဘက်ကြားမှ ရှုပ်ထွေးနက်နဲသော ချိန်ညှိမှုသာ ဖြစ်နေဆဲ ပင်။ မြန်မာနိုင်ငံ၏ မြို့နယ် ၃၃၀၊ ထိုမြို့နယ်များထဲတွင် ပါဝင်သော ကျေးရွာများ၏ နိစ္စဓူဝ အုပ်ချုပ်ပုံစနစ်မှာ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန (ထွေ/အုပ်) အတွင်း ဗဟိုချုပ်ကိုင်မှု ပြုထားပါသည်။ ဤစာကို ရေးသားချိန်တွင် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို မကြာသေးမီ ကကြေညာထားပြီးဖြစ်လင့်ကစား ထွေ/အုပ်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စစ်တပ်အတွက် သီးသန့်ဖယ်ထားသော ဝန်ကြီးဌာနဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင် ရှိနေဆဲဖြစ်ပါ သည်။ မြန်မာနိုင်ငံ၏ တမူထူးခြားသော စစ်ဘက်၊ အရပ်ဘက် နှစ်မျိုးစပ် အာဏာပိုင်မှုမှာ အနိမ့်ဆုံး ဒေသဆိုင်ရာအဆင့် အစိုးရအထိပင် ရှိနေပါသည်။

သို့ရာတွင် ဤလေ့လာချက်တွင် စစ်တမ်းကောက်ခဲ့သော လူငယ်များသည် ဒေသဆိုင်ရာအဆင့်မှ အရပ်ဘက်၊ စစ်ဘက် အာဏာပိုင်များကြားတွင် မဆိုစလောက် အနည်းငယ်သာ ကွဲပြားသည်ဟု ဆိုကြပါသည်။ စစ်တမ်းဖြေကြားသူ ၅၈ % က သူတို့ဒေသမှ မြို့နယ်အဆင့်၌ အရပ်ဘက် အုပ်ချုပ်ရေး၏ လုပ်ရပ်ကို လက်ခံကြသလို ၅၉ % ကလည်း မြို့နယ်အဆင့်၌ စစ်ဘက် အုပ်ချုပ်ရေး၏ လုပ်ရပ်ကို လက်ခံခဲ့ကြပါသည်။
စစ်တမ်းဖြေဆိုသူများထဲမှ စစ်ဘက်၊ အရပ်ဘက် အာဏာပိုင်များ ကိုလည်း ညီမျှသော ၅ % ဖြင့် သဘောမကျကြပြန်ပေ။ စစ်ဘက်က ကြီးကြပ်သော ထွေ/အုပ်လက်အောက်မှ သူတို့၏ နယ်ခံ/ကျေးရွာ အုပ်ချုပ်ရေးနှင့် စပ်လျဉ်းပြီး မေးမြန်းသောအခါ ဖြေကြားသူ ၇၂ % က ယင်းကို လက်ခံကြပါသည်။ ငါးဦးလျှင် တဦးနီးပါး (၁၈.၅ %) ကမူ ထိုအုပ်ချုပ်ရေးကို ခိုင်ခိုင်မာမာ လက်ခံသည်ဟု ဆိုပါသည်။

လက်ခံသဘောတူကြပုံမှာ (မန္တလေး၊ ကချင်၊ ချင်း၊ ပဲခူးတို့တွင် ၆၀ %  ကျော်မှသည် ဧရာဝတီ၊ ကယား၊ မကွေးတို့တွင် ၈၀ % ကျော်အထိ ရှိအောင်) အုပ်ချုပ်ရေး အပိုင်းအခြားအလိုက် ကွဲပြားသော်လည်း နိုင်ငံတဝှမ်းလုံးတွင် အများစုက သူတို့၏ ဒေသဆိုင်ရာ အုပ်ချုပ်ရေးများကို လက်ခံကြပါသည်။

ဖြေဆိုသူများ၏ ဒေသမှ တိုင်းဒေသကြီးအဆင့် ၊ ပြည်ထောင်စုအဆင့် အစိုးရ အဖွဲ့အစည်းများကို လက်ခံမှုမှာမူ သိပ်မများလှပါ။ ဖြေကြားသူများ၏ ထက်ဝက်ကျော်သည်ဆိုရုံ (၅၅ %) မျှကသာ မိမိတို့ဒေသရှိ ထိုအဆင့်နှစ်ဆင့်စလုံးမှ အစိုးရ၏ လုပ်ရပ်ကို လက်ခံကြပါသည်။ ထူးခြားသည်မှာ ရွေးကောက်ခံအဖွဲ့များသည် စစ်တမ်းယူခဲ့သူ လူငယ်များကြား လက်ခံမှု အနည်းဆုံးဖြစ်ပြီး စစ်တမ်းတွင် ၅၄ % ကသာ လွှတ်တော်၏ လုပ်ရပ်များကို လက်ခံကြပါသည်။


လူတွေ့မေးမြန်းမှုများတွင် လူငယ် ၄-၅-၁၀ ဦးက အဆိုပါ အစိုးရ အဖွဲ့အစည်းများမှာ သူတို့၏ နေ့စဉ်ဘဝနှင့် "အလှမ်းဝေး"၊ အလှမ်းကွာလွန်းသလို ဖြစ်နေသည်ဟု ဆိုကြပါသည်။
"ပြည်ထောင်စုလွှတ်တော်ရဲ့ လုပ်ဆောင်ချက်တွေကို ကျွန်တော် မျက်ခြည်မပြတ် ကြည့်မနေဘူး။ ကျွန်တော်တို့ သတင်းအချက်အလက်တွေ မရဘူးလို့ ခံစားတယ်။ ဒေသ အဆင့်မှာ ကျွန်တော် ပါဝင်ပတ်သက်နေရတော့ ဒေသအဆင့်ကို သိတာပေါ့"ဟု ပဲခူးမှ ဘွဲ့ရပြီးစ တက်ကြွလှုပ်ရှားသူ တဦးက ပြောပါသည်။

တချို့ကလည်း ရွေးကောက်ခံအဖွဲ့များသည် ပို၍ ကိုယ်စားပြုနိုင်အောင်၊ ပို၍ တာဝန်ခံနိုင်အောင် ပိုပြီးလုပ်နိုင်ကြဖို့ ကောင်းသည်ဟု ယူဆကြပါသည်။ ဤအမြင်ကို အသက် ၂၅ နှစ်အရွယ် လူမှုရေး





မေးခွန်း ၁၂ - ဖြေဆိုသူတို့ ဒေသမှ အဖွဲ့အစည်းများကို လက်ခံမှု




လုပ်သား အမျိုးသမီးတဦး၏ ပြောဆိုမှုတွင် အကျဉ်းချုပ်ထားပြီး သူက အောက်ပါအတိုင်း ပြောပါသည်။

**"ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က အရင်ကနဲ့ အများကြီး ကွာခြားသွားပြီ။ ပွင့်လင်းမြင်သာမှု ပိုရှိလာတယ်။ လူငယ်တွေကိုလည်းကြိုဆိုတယ်၊ လူထုနဲ့လည်း မကြာခဏ တွေ့တယ်။ လူမှုဖူလုံရေးဝန်ကြီးက လူငယ်တွေကို ဘာတွေလိုအပ်လဲလို့ မကြာခဏ မေးတတ်တယ်။ သူက တကယ်ဖော်ရွေပါတယ်။ ဒါပေမယ့် ယေဘုယျ ပြောရင် အစိုးရ လုပ်တာကိုင်တာ နှေးကွေးတယ်။**

**တိုင်းဒေသကြီးလွှတ်တော်ကလည်း အလုပ်လုပ်တာ နှေးတာပဲ။ သူတို့က ပြဿနာဟောင်းတွေကို ဖြေရှင်းတာ နဲ့ပဲ အလုပ်များနေကြတယ်။ သူတို့ ကြားညပ်နေကြတယ်။ အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်ပုံ ကလည်း လွဲနေတယ်။ အဲဒီတော့ နောက်ထပ် ပြဿနာတွေ ပေါ်လာပြီး အရင်ဟာတွေကိုပါ မရှင်းနိုင်ဖြစ်နေတယ်။**

**လွှတ်တော်ကိုယ်စားလှယ်တွေကလည်း လပွတ္တာမြို့နယ်မှာတောင် ကောင်းကောင်း လုပ်မနေကြဘူး။ ကိုယ်စားလှယ်တွေပေမယ့် ဘယ်တော့မှ ကွင်းမဆင်းကြဘူး။ မြို့ပေါ်မှာပဲအချိန်ကုန်နေတာ များတယ်"**

တောင်ကြီးမှ အသက် ၂၅ နှစ်အရွယ် အမျိုးသမီး ရှေ့နေကလည်း ရှမ်းပြည်နယ်လွှတ်တော်နှင့်ပတ်သက်ပြီး အောက်ပါ အတိုင်း မကျေမနပ် ပြောပါသည်။

**"ဥပမာပြောရရင် လွှတ်တော်ကို ကျွန်မ မကျေနပ်ဘူး။ လုပ်စရာ၊ ဆွေးနွေးစရာ တပုံကြီး ရှိနေပေမယ့် ဘာတခုမှ လက်တွေ့မှာ ဖြစ်မလာဘူး။ခြုံပြီးပြောရရင် လွှတ်တော်အားလုံးကို ကျွန်မ မကျေနပ်ဘူး။ လွှတ်တော်ရုပ်သံ လိုင်းမှာ ကြည့်လိုက်ရင် သူတို့တွေဟာ ပြည်သူတွေနဲ့ အမှန်တကယ် မသက်ဆိုင်တဲ့ အဓိပ္ပာယ်မရှိတာတွေကိုပဲ ပြောနေကြတယ်။**

**သတင်းထဲမှာ သူတို့က အစိုးရအတွက် ကားဝယ်တဲ့ ကိစ္စကို ပြောနေကြပေမယ့် အခြေခံလူတန်းစားတွေ ဘာကို ပူပင်နေလဲ၊ သူတို့ရဲ့မဲဆန္ဒနယ်တွေ ဖွံ့ဖြိုးဖို့ ဘာတွေ လုပ်ပေးနိုင်မလဲ ဆိုတာကိုတော့ မဆွေးနွေးကြပါဘူး"**

## အရပ်ဘက်အဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ

အစိုးရ၏ ပြင်ပမှ အဖွဲ့အစည်းများအကြောင်း မေးမြန်းသည့်အခါ စစ်တမ်းဖြေကြားသူများက နယ်ခံအဖွဲ့ငယ်လေးများကို အဖွဲ့အစည်းကြီးများထက် အလားတူပင် ပို၍နှစ်သက်ကြပါသည်။ စစ်တမ်းယူခဲ့သည့် လူငယ် ၇၅.၈ % က သူတို့ဒေသ တွင် လုပ်ကိုင်ဆောင်ရွက်နေသည့်အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ လုပ်ရပ်ကို လက်ခံသဘောတူကြပါသည်။ တဖက်မှလည်း ၄၈.၉ % ကသာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ရပ်များကိုလက်ခံသဘောတူ ကြပါသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လုပ်ရပ်များကို ကျေးလက်ဒေသ လူငယ်များက ပိုလက်ခံကြပြီး (၅၁.၆ % က ယင်းတို့ကို လက်ခံခဲ့သည်) သူတို့၏ သဘောထားအမြင်ကို မြို့ပြလူငယ်များ၏ ထက်ဝက် ထက်နည်းသည့် (၄၀.၉ %) ကသာ သဘောတူကြပါသည်။

လူတွေ့မေးမြန်းမှုများတွင် လူငယ်တချို့က ယေဘုယျအားဖြင့် ပြည်တွင်းရပ်ရွာအခြေပြုအဖွဲ့အစည်း/ အရပ်ဘက်လူ့အဖွဲ့အစည်း (ရပ်ရွာအခြေပြုအဖွဲ့အစည်း) ထက်ကြီးပြီး ပြည်ပရန်ပုံငွေ ထောက်ပံ့မှုရှိတတ်သည့်အစိုးရမဟုတ်သောအဖွဲ့အစည်းများကို ဝေဖန်ခဲ့ကြပါသည်။ တက်ကြွလှုပ်ရှားသူ လူငယ်တဦးကဆိုလျှင် ဝေ့ဝိုက်မနေ တော့ဘဲ "[တချို့လူငယ်တွေက] နေ့တွက် ရဖို့ [သင်တန်းတွေ]တက်နေကြတယ်။ နိုင်ငံတကာ စိုးမဟုတ်တွေက လူငယ် တွေကို အကျင့်ပျက်စေတတ်တယ်။ အဲဒီ့လို လုပ်တာကို တားဆီးဖို့လိုတယ်"ဟု ပြောခဲ့ပါသည်။

တချို့က ရေရှည်တည်တံ့မှုအတွက်စိုးရိမ်မကင်းဖြစ်မှုကို ပြောခဲ့ကြပါသည်။ "ရှမ်းပြည်နယ်မှာ ကျွန်တော်တို့က ရှမ်းပြည် နယ်က လူငယ်တွေအတွက် ပြည်နယ် အသုံးစရိတ်ကို ခွဲဝေလျာထားသတ်မှတ်ဖို့ တလျှောက်လုံး ကြိုးစားနေခဲ့ကြတယ်။ ကျွန်တော်တို့က အများပိုင်ငွေတွေကို ပိုပြီး ရေရှည် တည်တံ့နေစေချင်တယ်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများကို မမှီခိုချင်ဘူး"ဟု ရှမ်းပြည် နယ်မှ အသက် ၂၆ နှစ်အရွယ် လူငယ်က ပြောပါသည်။ ဤအမြင်များက အစိုးရမဟုတ်သော အုပ်စုများကြား

တွင်အစိုးရမဟုတ်သောအဖွဲ့အစည်းများက လူငယ်များ၏ လက်သင့်မခံမှုအမြင့်ဆုံးနှုန်းထားသတ်မှတ်ချက် ၁၆.၂ % ရှိနေခဲ့ခြင်း အကြောင်းရင်းကို ဖြေရှင်းပေးနိုင်ပါလိမ့်မည်။

မြန်မာနိုင်ငံသည် ဘာသာရေးအလွန်ကိုင်းရှိုင်းပါသည်။ အရေးပါသော အရပ်ဘက်လူ့ဘောင်အဖွဲ့အစည်းအများအပြားမှာ ဘာသာရေးအဖွဲ့အစည်းများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံ၏ ယုံကြည်ကိုးကွယ်ရာ အများအပြားမှ ဘာသာရေးခေါင်းဆောင် များသည် ဘာသာရေးအခြေပြုကုသိုလ်ဖြစ်အဖွဲ့အစည်းများနှင့် စည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ အဖွဲ့အစည်းများကို ခေါင်းဆောင်ကြကာ ယင်းတို့ထဲမှ တချို့မှာ နိုင်ငံရေးနှင့် ပေါ်ပေါ်ထင်ထင်ပင် နီးနွယ်ကြပါသည်။ သူတို့၏ လုပ်ဆောင်ချက်များကို မြန်မာလူငယ်အများအပြားက လက်ခံကြပါသည်။ စစ်တမ်းယူခဲ့သောလူငယ်များ၏ ခန့်မှန်းခြေ သုံးပုံနှစ်ပုံခန့် (၆၆.၉ %) က သူတို့၏ ဘာသာရေး ခေါင်းဆောင်များကို လက်ခံသည်ဟု ပြောခဲ့ကြပါသည်။

သို့ရာတွင် ဤလက်ခံသဘောတူမှုမှာ ကိုးကွယ်ယုံကြည်ရာနောက်ခံအမျိုးမျိုးမှ လူငယ်များကြား ကွဲပြားပါသည်။ စစ်တမ်း ဖြေကြားသူ ဗုဒ္ဓဘာသာဝင် ၆၆.၄ % က သူတို့ဒေသရှိဘာသာရေးခေါင်းဆောင်မှုကို လက်ခံပြီး ထိုအချိုးအစားမှာ လူနည်းစု ကိုးကွယ်ယုံကြည်မှုကို ကျင့်သုံးသူများ ကြားတွင် ပို၍ပင် မြင့်မားပါသည်။ ခရစ်ယာန် ဖြေကြားသူ ၆၉.၉ % က သူတို့၏ ဘာသာရေး ခေါင်းဆောင်မှုကို လက်ခံပြီး မူဆလင်ဖြေကြားသူများက ၇၈.၂ % ဖြင့် သူတို့၏ ခေါင်းဆောင်များကိုလက်ခံသဘောတူကြပါသည်။

စစ်တမ်းဖြေကြားသူများကို ဗုဒ္ဓဘာသာ အမျိုးသားရေး အဖွဲ့ဖြစ်သည့် မဘသအပေါ် သဘောထားအမြင်ကိုလည်း တောင်းခံခဲ့ပါသည်။ စစ်တမ်းတွင်ယူခဲ့သော လူငယ် ၃၈.၈ % က သဘောထားတင်းမာသော အမျိုးသားရေးဝါဒ၊ မူစလင် ဆန့်ကျင်ရေး ရပ်တည်ချက်များကြောင့် အငြင်းပွားဖွယ်ဖြစ်နေသည့် အဆိုပါအဖွဲ့ကို လက်ခံသဘောတူကြပါသည်။ ယောက်ျားများက ထိုအဖွဲ့ကို မိန်းမများထက် ပိုပြီးလက်ခံကြသလို ပညာရေး ပိုနည်းသူ၊ ပိုငယ်သူများက လက်ခံ သဘောတူမှုကို ပိုပြောတတ်ကြပါသည်။ ကြိုတင်ခန့်မှန်းထားသည့်အတိုင်းပင်၊ ဘာသာရေးအဖွဲ့အမျိုးမျိုးကြားတွင် လက်ခံသဘောတူမှုမှာ အကြီးအကျယ် ကွာခြားပါသည်။ ဗုဒ္ဓဘာသာဝင်ဖြေကြားသူ ၄၁.၉ % က လက်ခံကြပြီး ခရစ္စယာန်ဘာသာဝင် ၁၄.၉ %၊ မူဆလင်ဘာသာဝင် ၂.၂ % တို့ကအသီးသီး လက်ခံသည်နှင့် နှိုင်းယှဉ်နိုင်ပါသည်။

## အပြောင်းအလဲကာလ မြန်မာနိုင်ငံ

**"မြန်မာနိုင်ငံဟာ အခု ဒီမိုကရေစီနိုင်ငံဖြစ်ပြီလို့ ပြောကြတယ်။ အတုအယောင်လား၊ အမှန်အကန်လားဆိုတာက တော့ သတ်သတ်မေးရမှာပေါ့။ ဒီမိုကရေစီရဖို့ဆိုရင် ကျွန်မတို့တချို့ဟာတွေကို လက်လွှတ်ရမယ်။ လူတွေက ပိုပြီး စည်းကမ်းရှိဖို့လိုတယ်။ ကျွန်မတို့ရဲ့ စိတ်နေစိတ်ထားတွေကို ပြောင်းလဲဖို့လိုတယ်။ ကျွန်မတို့မှာ တာဝန်ခံမှု ရှိရမယ်။ ဇာတိမျိုးနွယ် ဗဟိုပြုဝါဒရှိနေသလို လူတွေက သူတို့ရဲ့ ဘာသာရေးအစွဲတွေနဲ့ ပြောကြဆိုကြတယ်။ အဲဒါတွေကို ကျွန်မတို့ ပြောင်းဖို့လိုတယ်။ ပြဿနာက ကျွန်မတို့က မပြောင်းလဲဘဲ စနစ်ကို ဝေဖန်နေကြတာ။**

**ဒီမိုကရေစီဆိုတာ ကျွန်မတို့ ကိုယ်တိုင်ကပဲ စရမှာ"**

ပဲခူးတိုင်းဒေသကြီးမှ အသက် ၂၀ အရွယ်ကျောင်းသူ

မြန်မာနိုင်ငံ၏ မကြာသေးခင်က နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုမှာ ရပ်သပ်ရှုမောဖွယ် ဖြစ်ပါသည်။ အပြိုင်ကျဲရသော ရွေးကောက်ပွဲ၊ ဆင်ဆာ ဖြေလျှော့ခြင်း၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် ပိုအားကောင်းလာခြင်းတို့က အရပ်သားများ အတွက် နိုင်ငံရေးကို ဆယ်စုနှစ်များအတွင်းပထမဆုံးအကြိမ် အဖြစ် တံခါးဖွင့်ပေးခဲ့ပါသည်။ တချိန်က နိုင်ငံရေးအရ လေသံမျှပင် မဟရဲသော ဖက်ဒရယ် ပြည်ထောင်စုဆိုသည်ကို ယခုအခါ ရွေးကောက်ခံအစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြားမှ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပြောင်ပြောင်တင်းတင်း ဆွေးနွေးနေပါပြီ။ ပြုပြင်ပြောင်းလဲရေးများမှာ ပြီးပြည့်စုံရန် အလှမ်းကွာနေဆဲဖြစ်သော်လည်း ယခင်မျိုးဆက်များ ရနိုင်ခဲ့သည်ထက် လွန်စွာ ခြားနားသော နိုင်ငံရေး ပတ်ဝန်းကျင်ကို အဆိုပါလုပ်ငန်းစဉ်က ယနေ့ခေတ် လူငယ်များအတွက် ဖန်တီးပေးထားပြီး ဖြစ်ပါ သည်။

ဤအသွင်ကူးပြောင်းမှုကို မြန်မာအစိုးရက စတင်ခိုက်တွင် လူငယ်အများအပြားအရွယ်ရောက်လာခဲ့ကြပါသည်။ အများစု က ပြုပြင်ပြောင်းလဲမှုများမှာ "လမ်းကြောင်းမှန်ပေါ် ရောက်နေပြီ"ဟု ယူဆကြပါသည်။ စစ်တမ်းယူခဲ့သောလူငယ် ငါးဦးလျှင် သုံးဦး(၆၀ %) က မြန်မာနိုင်ငံမှ ဒီမိုကရေစီ ဖော်ဆောင်မှု လုပ်ငန်းစဉ်မှာ အလွန်ခရီးရောက်ခဲ့ပြီဟု လက်ခံယူဆကြ ပါသည်။ သို့ရာတွင် တချို့ အုပ်စုများကမူ သဘောတူလိုသည့် အလားအလာ သိပ်မရှိလှပေ။

ပညာရည် ပိုမြင့်မားသော လူငယ်များက မြန်မာနိုင်ငံ တိုးတက်လာခဲ့ပြီဆိုသည်ကို သာ၍ သဘောမတူကြပါချေ။ ဖြေကြားသူ တက္ကသိုလ်ဘွဲ့ရ ၁၇.၉ % က မြန်မာနိုင်ငံ အလွန်ခရီးရောက်ခဲ့ပြီဆိုခြင်းကိုသဘောမတူကြပါ။ သဘောမတူ ကြသည့် မူလတန်း ပညာသာ ရှိသူ၊ ပညာလုံးဝ မတတ်သူ လူငယ် ၇.၁ % မျှနှင့် နှိုင်းယှဉ်နိုင်ပါသည်။ ဤလေ့လာချက် တွင် လူတွေ့မေးမြန်းခဲ့ကာ သူတို့ထဲမှ အများအပြားမှာ နိုင်ငံရေးအရ တက်ကြွကြသည့် ပညာတတ်လူငယ်များက သူတို့ အယုံအကြည် ကင်းမဲ့ရခြင်း၏ အကြောင်းရင်းမှာ ကန့်သတ်ပိတ်ပင်မှုများ ရှိနေသေးခြင်းကို ထောက်ပြကြပါသည်။ တချို့က ဆိုလျှင် ပြုပြင်ပြောင်းလဲရေး၏ စစ်မှန်တည်ကြည်မှုကို သံသယအတိ ရှိကြပါသည်။ "မြန်မာနိုင်ငံက လူတွေက ဒီမိုကရေစီဟာ အတုပဲလို့ ယူဆကြတယ်။ ရွှေရောင်သုတ်ထားတဲ့ ရုပ်တုနဲ့ ရွှေအစစ်လိုပေါ့။ မြန်မာနိုင်ငံက ရွှေရောင် သုတ်ထားတာပါ။ ကျွန်တော်တို့က ဒီမိုကရေစီကို ခဏတာလေးပဲ ကျင့်သုံးခဲ့တာဗျ။ ခုထက်ထိ သည်မှာ အာဏာရှင် အုပ်ချုပ်ရေးပဲ"ဟု မွန်ပြည်နယ်မှ ဘွဲ့ရပြီးစ တက်ကြွလှုပ်ရှားသူတဦးက ပြောပါသည်။

လူနည်းစုတိုင်းရင်းသားဟု သတ်မှတ်ထားသည့် ဖြေကြားသူများကလည်း မြန်မာနိုင်ငံသည် ဒီမိုကရေစီ ခရီးရောက်နေ ပြီဟု သိပ် သဘောမတူလိုကြပါ။ ခရီးရောက်နေပြီဟူသော အဆိုကို လူများစု တိုင်းရင်းသား ဖြေကြားသူ ၆၁.၅ % က သဘောတူသော်လည်း လူနည်းစုတိုင်းရင်းသား ဖြေကြားသူ ၅၅.၃ % ကသာ ထိုစကားကို သဘောတူကြပါသည်။ လူတွေ့မေးမြန်းမှုများတွင် လူနည်းစုတိုင်းရင်းသား လူငယ်များက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အရ ပြောဆိုကြပါသည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အောင်မြင်မှုမှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးအတွက် အသက်တမျှ အရေးပါပါသည်။ ကရင်ပြည်နယ်မှ အသက် ၂၀ အရွယ် အမျိုးသမီးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို "မဆုံးနိုင်တဲ့ သံသရာ"ဟု ခေါ်ခဲ့ပြီး ထိုသို့ ခေါ်ရခြင်းအကြောင်းရင်းကို ယခုလို ရှင်းပြပါသည်။ "ကျွန်မတို့က ဒီမိုကရေစီနည်းကျ ဖက်ဒရယ် ပြည်ထောင်စု တည်ထောင်ဖို့ပြုပြင်ပြောင်းလဲနေကြတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးက မရှိသေးဘူး။ သည်တော့ ဒီမိုကရေစီနည်းကျ ဖက်ဒရယ် ပြည်ထောင်စုလည်း မရနိုင်ဘူး ဖြစ်နေတယ်။ မငြိမ်းချမ်းတော့ ဖက်ဒရယ် ပြည်ထောင်စု မရ။ ဖက်ဒရယ် ပြည်ထောင်စု မရတော့ မငြိမ်းချမ်း... ယုံကြည်မှု ပြန်ရဖို့ ကျွန်မတို့ ဘာလုပ်ကြမလဲ" ဟုဆိုပါသည်။

သို့ရာတွင် အနည်းငယ်မျှသော လူငယ်တို့ကမူ ပြုပြင်ပြောင်းလဲရေးကိုပင် သဘောမတူကြပါချေ။ စစ်တမ်းဖြေကြားသူ အတော်များများက အသွင်ကူးပြောင်းခြင်းမှာ အကျိုးရှိသည်ဟု ယုံကြည်ကြပါသည်။ ၈၈.၅ % က မြန်မာနိုင်ငံ ဖွံ့ဖြိုးရေး အတွက် မြန်မာနိုင်ငံကို ဒီမိုကရေစီနည်း ပိုကျအောင်လုပ်ဆောင်ရန်အရေးကြီးသည်ဟု သဘောရကြပြီး လူငယ် ၉၁.၈ % က ငြိမ်းချမ်းရေး ရရှိရေးနှင့် စပ်လျဉ်း၍လည်း အလားတူ ပြောကြ

ပါသည်။ အနည်းငယ်မျှသော လူငယ်တို့ကမူ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ၏ တန်ဖိုးကိုလည်းကောင်း၊ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများ၏ တန်ဖိုးကို လည်းကောင်း မေးခွန်းထုတ်ကြပါသည်။ အတိအကျဆိုရပါမူ အတော်များများက သံသယ မကင်းသည့် ကြားအမြင်မျိုး ထားချင်ပုံရပါသည်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုမှာ သိသာထင်ရှားသော်လည်း နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများမှာ လူငယ်တို့၏ မျှော်မှန်း ချက်များအတိုင်း ဖြစ်မလာပါချေ။

## လူငယ်နှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု

ဤလေ့လာချက်တွင် ဆွေးနွေးခဲ့သည့် လူငယ်အများ အပြားက သူတို့အနေဖြင့် အာဏာပိုင်များအပေါ်တွင် လက်ရှိ အခြေ အနေထက်ဩဇာရှိသင့်သည်ဟုယူဆကြပါသည်။ "ကျွန်တော် ကျွန်မတို့လို လူတွေက အာဏာပိုင်တွေရဲ့ လုပ်ရပ်တွေ အပေါ်မှာဩဇာရှိသင့် "ပါသလား ဟူသည့် မေးခွန်းကို မေးမြန်းသောအခါ စစ်တမ်းဖြေကြားသူ ၄၉.၄ % က ရှိသင့်သည် ဟု ဖြေဆိုခဲ့ကြပါသည်။ သူတို့ ဩဇာရှိနိုင်သလားဟု မေးသောအခါ ၂၅.၇ % ကသာ ရှိနိုင်သည်ဟု ဖြေပါသည်။ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများမှ လူငယ်အများအပြားမှာအကန့်အသတ်နှင့်သာ ရှိနေသော သူတို့၏ ဩဇာ၊ တနည်းဆိုသော် ဩဇာမရှိလှမှုကြောင့် မြေယာသိမ်းယူခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း၊ အကျင့်ပျက်ခြစားခြင်းတို့နှယ် သူတို့အတွက် အရေးပါသည့်ကိစ္စများကို ကိုင်တွယ် ဖြေရှင်းရန် မစွမ်းသာဖြစ်နေသည်ဟုယူဆကြပါသည်။

အာဏာပိုင်အများအပြားက လူငယ်များ၏ ပါဝင်ပတ်သက်မှုကိုစိတ်ဝင်စားသည်ဟုဆိုသော်လည်း လူငယ်များ ပါဝင်နိုင် အောင် ဆောင်ရွက်သူမှာ အနည်းငယ်မျှသာဟု လူငယ်တချို့က ပြောပြပါသည်။ ပဲခူးမှ အသက် ၂၁ နှစ်အရွယ်ကျောင်းသားတဦးကဆိုလျှင် "လူငယ်တွေကို လူကြီးတွေ၊ အရွယ်ရောက်သူတွေက ခေါင်းပုံဖြတ်တယ်"ဟုပင် ဆိုခဲ့ပြီး အောက်ပါအတိုင်း ရှင်းပြပါသည်။

**"ကျွန်တော်တို့ ပိုပြီး ပါဝင်ပတ်သက်သင့်တယ်လို့ သူတို့က ပြောတယ်။ ဒါပေမယ့် သူတို့က ကျွန်တော်တို့ကို နေရာမပေးသလိုကျွန်တော်တို့မှာ ကလည်း ကျွန်တော်တို့ရဲ့ငွေကြေးအခြေအနေကြောင့် ရုန်းကန်နေကြရတယ်။ အဲတော့ အဲဒီ့ပွဲတွေ၊ အခမ်းအနားတွေမှာ ဝင်မပါနိုင်ဘူး။**

**လူငယ်တွေအတွက် သည်မှာ နေရာမရှိဘူး။ ကနေ့ခေတ်မှာတော့ တိုးတက်လာပြီ။ [လူငယ်တွေ] ကျွမ်းကျင်မှု စွမ်းရည်သစ်တွေ သင်ယူ[နိုင်]လာသလို အရည်အချင်းပိုရှိအောင်လုပ်[နိုင်]လာကြတယ်။ ဒါပေမယ့် လူကြီးတွေက လူငယ်တွေကို ပထုတ်ကြတာမို့ လူငယ်တွေမှာ ကိုယ်နဲ့ထိုက်တန်တဲ့ နေရာကို ဘယ်တော့မှ မရဘူး"**

အခြားလူတွေ့မေးမြန်းမှုများတွင်သူနှင့်ရွယ်တူအများ အပြားက (သူ့အဆိုကို) သဘောတူကြသလို တချို့ကလည်း မိဘ များ၊ ဒေသအာဏာပိုင်များက မိမိတို့၏ ကလေးများ နိုင်ငံရေးလုပ်ခြင်းကို ကန့်သတ်တားမြစ်လေ့ရှိကြသည်ဟု ဖြည့်စွက် ပြောကြားပါသည်။ "လူငယ်တွေဟာ ကျန်းမာရေး ပညာပေးလုပ်ငန်း၊ နာရေးကူညီမှု၊ဘာသာရေးလုပ်ငန်းတွေလို လူမှုရေး လှုပ်ရှားမှုတွေတက်တက်ကြွကြွ ပါဝင်နိုင်ကြတယ်။... နိုင်ငံရေးလှုပ်ရှားမှုကျတော့ ပိုခက်တယ်။ မိဘတွေက မလုပ်နဲ့လို့ ပြောချင်ကြသလို လူငယ်တွေရဲ့ ကျောင်းအာဏာပိုင်တွေကလည်း မလုပ်နဲ့လို့ ပြောကြတယ်"ဟု အသက် ၂၄ နှစ်အရွယ် တဦးက ဆိုပါသည်။ လူတွေ့မေးမြန်းမှုများ၊ ဆွေးနွေးပွဲများတွင် အာဏာပိုင်များ၊ အာဏာပိုင်တို့၏ ဆုံးဖြတ်ချက်များအပေါ် တွင် လူငယ်များဩဇာမရှိရခြင်းအကြောင်းရင်းအတွက် အဖြေကြဆုံး အကြောင်းပြချက်မှာ မိဘ၏ ကန့်သတ်ချုပ်ချယ်မှုပင် ဖြစ်ပါသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ် စောင့်ရှောက်မှု လျော့ပါးသည်ဟုစစ်တမ်းယူခဲ့သောလူငယ်များ ခံစားနေ ရခြင်း အကြောင်းရင်းကို အဆိုပါ ကန့်သတ်ချုပ်ချယ်မှုများက တစိတ်တပိုင်း ဖော်ပြနေပါသည်။ လူကြိုက်မများသည့် အမြင်ကို ကိုင်စွဲထားသည်ဆိုစေဦးတော့၊ နိုင်ငံသားများသည် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ ကန့်ကွက် ဆန္ဒပြခွင့် ရှိသင့်သည်ဟု စစ်တမ်းဖြေကြားခဲ့သူ လူငယ် ၄ ဦးလျှင် ၃ ဦး(၇၈.၄ % )က ယူဆကြကာ ထို့ထက်နည်းသော အရေ အတွက် (၇၀ % ခန့်) ကလတ်တလောတွင်မြန်မာနိုင်ငံသားများသည် အဆိုပါ အခွင့်အရေးများ ရရှိထားသည်ဟု လက်ခံ ယူဆထားကြပါသည်။ သို့ရာတွင် ကန့်သတ်ပိတ်ပင်မှုများမှာ မိသားစုများ၊ နယ်ခံ အာဏာပိုင်များထက် ကျော်သည်ဟု လူငယ်အများ အပြားက ခံစားနေကြရပါသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ထားဆဲ ဖြစ်နေခြင်း အကြောင်းရင်းအဖြစ် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ) ကဲ့သို့ အငြင်းပွားဖွယ် ဥပဒေများကို လူငယ် ၄-၅-၁၀ ဦးက ထောက်ပြကြပါသည်။ ထိုသို့သော ဥပဒေများဖြင့်ငြိပြီး ထောင်ပင် ကျနိုင်သဖြင့် သူရော သူ့ရွယ်တူများပါ မိမိတို့ ၏ လူမှုမီဒီယာပေါ် တင်သည့် သတင်းစကားများကို မိမိတို့ ဘာသာ စိစစ်ဖြတ်တောက်လေ့ရှိကြသည်ဟု ဆယ်ကျော်သက် တဦးက ပြောပြပါသည်။

ထူးခြားသည်မှာ ဤသုတေသနတွင် စစ်တမ်းယူခဲ့သော လူငယ်များက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်မှာ အကြွင်းမဲ့ ဖြစ်သင့်သည်ဟု မယူဆကြပေ။ "မြို့ရွာငြိမ်ဝပ်ရေး၊ကိုယ်ကျင့်သိက္ခာရှိရေး"အတွက် နိုင်ငံတော်က လူထုဆက်သွယ်ရေး နည်းလမ်းအထွေထွေအား စိစစ်တည်းဖြတ်ပိုင်ခွင့် ရှိသင့်၊ မရှိသင့်ကို မေးမြန်းသောအခါ လူငယ် ၆၇.၈ % က ရှိသင့်သည် ဟုဆိုပါသည်။ အကြောင်းအရာအမျိုးမျိုးမှာ ထိုသို့စိစစ်တည်းဖြတ်ခံရနိုင်သည့်တိုင် အထင်မှား အမြင်မှား ဖြစ်စေသော သတင်း၊ သတင်း'မှား'စသည်တို့ကို ကြောင့်ကြမကင်း အဖြစ်ဆုံးဖြစ်ကြောင်း လူငယ်များက လူတွေ့ မေးမြန်းမှုများ၊ အုပ်စု ဆွေးနွေးပွဲများတွင် ပြောခဲ့ကြပါသည်။ မေးကြည့်သောအခါ စစ်တမ်း ဖြေကြားသူ ထက်ဝက်ထက် အနည်းငယ်သာ ကျော်ရုံ (၅၆.၆ % )ကသာ သူတို့ဒေသမှ မီဒီယာများ၏ လုပ်ရပ်ကို လက်ခံသဘောတူကြသလို လူငယ်မူဝါဒ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခဲ့သူများက "ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးအကြမ်းဖက်မှု" ဖြစ်သွားစေနိုင်သည့် "သတင်းမှား" ပြဿနာကြောင့် ထိုသို့ ဖြစ်ရကြောင်း ပြောခဲ့ကြပါသည်။ သည်သတင်းမှားတွေကို ရှင်းထုတ်နိုင်ရင် ဖွံ့ဖြိုးတိုးတက်မှုတွေ ရလာအောင် ကျွန်တော်တို့ ဆောင်ရွက်နိုင်လိမ့်မယ်။ တိုင်းပြည်ထဲက ပဋိပက္ခ ကိုလည်း လျှော့ချနိုင်မယ်။ သတင်းမှန်တွေပဲ ဖော်ပြနိုင်အောင် အစိုးရက မီဒီယာတွေကို စောင့်ကြည့်ကြပ်မတ်သင့်တယ်"ဟု လည်း သူတို့က ဖြည့်စွက်ပြောကြားပါသည်။

လူတွေ့မေးမြန်းမှုများတွင် ပါဝင်သူများကြား ဤအမြင်ကို အကြားရများသော်လည်း တချို့ကမူ ထိုသို့ပြောကြသည်မှာ ပိုကြီးသော ပြဿနာ လက္ခဏာဖြစ်သည်ဟု တင်ပြခဲ့ကြပါသည်။ အရပ်သားလည်းအတူတူ၊ တာဝန်ရှိသူလည်း အတူတူ မြန်မာနိုင်ငံမှ လူအများမှာ 'ဒီမိုကရေစီ'ဆိုသည်မှာ အမှန်တကယ် ဘာကိုဆိုလိုမှန်း မဆိုစလောက်မျှသာ နားလည် သဘောပေါက်ကြသည်ဟု အဆိုပါ လူငယ်များက ပြောပါသည်။ မြန်မာနိုင်ငံ၏ ပညာရေးစနစ်၊ နိုင်ငံရေးဆိုသည်နှင့် အားလုံးနီးပါးက လန့်နေတတ်သည်များကြောင့် လူငယ် အနည်းငယ် မျှကသာ အစိုးရအဖွဲ့အစည်းနှင့်၎င်းအဖွဲ့အစည်း များ၏ တာဝန်များ၊ နိုင်ငံသား အခွင့်အရေးများကို ကောင်းကောင်း နားလည် ကြသည်ဟု အဆိုပါ လူငယ်များက ပြောပြပါသည်။ လူတွေ့မေးမြန်းခဲ့သော လူငယ်များ၏ အဆိုအရ ထိုသို့ ကောင်းကောင်း နားမလည်သည့်အတွက် ဒီမိုကရေစီကို ချမ်းသာကြွယ်ဝမှု၊ အကြွင်းမဲ့ လွတ်လပ်မှုဟု သာမက "အတိဒုက္ခအားလုံး၏ နိဂုံး"ဟုအထိပင် ရောထွေး ကုန်လေ့ရှိပါသည်။ "ဆိုင်ကယ်(သမား)ကို ဦးထုပ်မဆောင်းလို့ ဖမ်းရင် ဒီမိုကရေစီခေတ်ကို ရောက်နေပြီမို့ ဦးထုပ်မဆောင်းဘဲနေပိုင်ခွင့်ဟာ သူ့အခွင့်အရေးပဲလို့ ပြန်ပြောလိမ့်မယ်"ဟု ရန်ကုန်မှ

ပရဟိတ လုပ်သားတဦးက ဥပမာပေးပါသည်။

နိုင်ငံရေးစံသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အစိုးရ အဖွဲ့အစည်းထုံးဓလေ့များနှင့်စပ်လျဉ်း၍ ဖြစ်စေ မေးမြန်းသည့် အခါ ဤသုတေသနတွင် စစ်တမ်းယူခဲ့သော လူငယ်အများအပြားက "မသိဘူး"ဟု ဖြေကြခြင်း အကြောင်းရင်းမှာဒီမိုကရေစီနှင့်ပတ်သက်ပြီး ထိုကဲ့သို့ အကန့်အသတ်နှင့်သာနားလည်မှုကြောင့် ဖြစ်နိုင်ပါသည်။ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ အစိုးရ၏ စိစစ်ဖြတ်တောက်မှု၊ နိုင်ငံရေးအတိုက်အခံ၊ ရွေးကောက်ပွဲအလွန် လူငယ့်ဩဇာတို့နှင့် စပ်လျဉ်းပြီး မေးမြန်းသောအခါ အကြမ်းဖြင့်အားဖြင့် လူငယ် ပျမ်းမျှ လေးပုံတပုံခန့်က သူတို့ မသိကြောင်း ပြောခဲ့ကြပါသည်။ အစိုးရ အဖွဲ့များအပေါ် သူတို့၏ သဘောကျလက်ခံမှုကို မေးသောအခါ လူငယ် ပျမ်းမျှ ၂၂.၁ % က သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်း၏ လုပ်ဆောင်မှုကို သူတို့ မသိဟု ဖြေခဲ့ကြပါသည်။ စစ်တမ်းတွင်ပါဝင်သူ ၁၀ ဦးလျှင်၇ ဦးနီးပါး (၆၉.၃ %) က "တခါတလေ နိုင်ငံရေးက ရှုပ်ထွေးလွန်းလို့ ဘာတွေ ဖြစ်လို့ ဖြစ်နေမှန်း ကျွန်တော် ကျွန်မတို့လို လူတွေ နားလည်နိုင်ခဲ လှပါတယ်"ဟူသောအဆိုကို သဘောတူခဲ့ကြပါသည်။

လူတွေ့မေးမြန်းမှုများ၊ ဆွေးနွေးပွဲများတွင် လူငယ်အများအပြားက တိုးတက်ကောင်းမွန်သော ပညာရေးကသာလျှင် ဒီမိုကရေစီနှင့် ပတ်သက်ပြီး နားလည်မှုလွဲနေကြသည်များကိုဖြေရှင်းနိုင်လိမ့်မည်ဖြစ်သလို ယင်းမှတဆင့် မြန်မာနိုင်ငံမှ ဒီမိုကရေစီ အလေ့အထကိုလည်းတိုးတက်ကောင်းမွန်လာစေလိမ့်မည်ဟု ပြောခဲ့ကြပါသည်။ ပိုင်းခြားဝေဖန်တတ်သည့် အတွေးကို မြှင့်တင်ပေးသည့် ပညာရေးစနစ်က လူငယ်များကို ဒီမိုကရေစီနည်းကျ လှုပ်ရှားမှုအတွက် ပြင်ဆင်ပေးမည် ဖြစ်သလို ဘာသာရေးအုပ်စုများ၊ တိုင်းရင်းသားအုပ်စုများကြားပူးပေါင်းဆောင်ရွက်မှုများ တိုးပွားလာလိမ့်မည်ဟု သူတို့က အဆိုပြု ကြပါသည်။ ပုသိမ်မှအသက် ၂၂ နှစ်အရွယ် လူငယ်တဦးက အောက်ပါအတိုင်း အံ့အားသင့်စွာ ဆိုပါသည်။

"ဒီမိုကရေစီတဲ့လား... ဟား... ပညာရေးစနစ်ကို အရင်ဆုံး ပြင်ရမှာဗျ။ စာမေးပွဲဆိုတာ ၁၀၀ မှာ ၄၀ ရဖို့၊ အောင်ဖို့ပဲ။ အဲဒီတော့ ကျောင်းသားတွေရဲ့ အသိဉာဏ်က ဘောင်အလွန်ကျဉ်းတယ်။ ပြီးတော့ အလွတ်ကျက်ပြီး မှတ်တဲ့ ပြဿနာလည်း ရှိတယ်။ အခြေအနေကို ဆင်ခြင်ခွင့်၊ ခွဲခြမ်းစိတ်ဖြာခွင့်ပေးတဲ့ ပညာရေးစနစ်မျိုး လိုတာ။"

တိုးတက်ကောင်းမွန်သော ပညာရေးစနစ်ကို လိုလားသော်လည်း နိုင်ငံသားများ၏ အခွင့်အရေးများ၊ တရားသဖြင့် လွတ်လပ်ခွင့်များကို ကာကွယ်ရေးမှာ လူငယ်များအတွက် ဒုတိယဦးစားပေးသာ ဖြစ်နေနိုင်ပါသည်။ စစ်တမ်းယူခဲ့သူများ ကြားမှ ၆၉.၄ % က လုံခြုံရေး၊ ဖူလုံရေးတို့မှာ လွတ်လပ်ခွင့်ထက် အရေးကြီးသည်ဟု လက်ခံ ယူဆကြပါသည်။ ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိရေး၊ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပွားနေသော ပြည်တွင်းစစ် အဆုံးသတ်ရေးတို့က ထိုသို့ဖြစ်လာလျှင် ရရှိလာမည့် နိုင်ငံရေး လွတ်လပ်ခွင့်များထက် မြန်မာလူငယ်များအတွက် အနည်းအပါး ပိုအရေးကြီးနိုင်ကြောင်း ထိုအချက်က ပြဆိုလျက် ရှိပါသည်။ တောင်ကြီးမြို့မှအသက် ၂၅ နှစ် အရွယ် ရှေ့နေတဦးက "ခြုံပြောရမယ်ဆိုရင် လူတိုင်း ရှင်သန်နိုင်ရာ ငြိမ်းချမ်းတဲ့ ပြည်ထောင်စုကို လိုချင်တယ်"ဟု ပြောခဲ့သလိုပင်။

## လူငယ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ထိုသို့သော ပြည်ထောင်စုကို ရရှိရေးမှာ အစိုးရ၊ တပ်မတော်နှင့် နိုင်ငံတဝှမ်းမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြား ညှိနှိုင်းဆွေးနွေးမှု တသီတတန်းကြီး၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုအပေါ်တွင် မူတည်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်မှာ ဆောင်ရွက်ဆဲဖြစ်ပါသည်။ သို့သော် စစ်တမ်းယူခဲ့သည့် လူငယ်ထက်ဝက် (၄၉.၅ %) က အဆိုပါ ဆွေးနွေးပွဲများကြောင့် ငါးနှစ်အတွင်း ငြိမ်းချမ်းရေး ရလိမ့်မည်ဟု ယူဆကြပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင် ပတ်သက်နေသူများမှာ မြန်မာ လူထု၏ သဘောထားအမြင်ကို လည်းကောင်း၊ အကျိုးစီးပွားကိုလည်းကောင်း ကိုယ်စားပြုမှု ရှိမရှိမေးမြန်းသောအခါအကြမ်းဖျင်းတူညီသော ပမာဏဖြစ်သည့် ထက်ဝက်ခန့် (၅၁.၈ %) က ရှိသည်ဟု ဖြေခဲ့ပါသည်။


ဤလေ့လာချက်တွင် ဆွေးနွေးခဲ့သော လူငယ်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အဖွဲ့များအပေါ် အမျိုးမျိုး ဝေဖန်ခဲ့ကြပါသည်။ အဖွဲ့တိုင်းကလူထုအကျိုးစီးပွား ကို ထည့်သွင်းစဉ်းစားသည်ဆိုခြင်းအပေါ် သူတို့ သံသယဖြစ်ရခြင်း အကြောင်း ရင်းကို တစိတ်တပိုင်း ရှင်းပြကြပါသည်။ လူငယ်တချို့က သဘောထား တင်းမာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း(တိုင်းလက်ဖွဲ့)များနှင့် အရပ်သားအစိုးရ၏ ဆွေးနွေးညှိနှိုင်းစွမ်းကို သံသယရှိကာ အများအပြားကမူ ရွေးကောက်ခံ ပုဂ္ဂိုလ်များသည် လက်တွေ့မြေပြင်ပြဿနာများနှင့် ကင်းကွာနေသည်ဟု ယူဆကြပါသည်။ တပ်မတော်၏ ဂုဏ်သတင်းမှာ အထူးသဖြင့် လူနည်းစုတိုင်းရင်းသားဒေသများတွင် ကျဆင်းနေဆဲဟု တချို့က ပြောပြပါသည်။ ထိုသို့ ဖြစ်ရခြင်း အကြောင်းရင်း အများအပြားမှာ မြေယာသိမ်းဆည်းခြင်း၊ အဂတိလိုက်စားခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်း၊ တခြားဥပဒေနှင့် မညီသော လုပ်ရပ်များ ကျူးလွန်ခြင်းတို့နှင့် ဆက်စပ်နေသည်ဟု လူငယ်များက ရှင်းပြခဲ့ပါသည်။

တိုင်းရင်း သား လူနည်းစု လူငယ်များကလည်း လူနည်းစုဒေသများတွင် တပ်မတော်နှင့် ဗမာ သရုပ်လက္ခဏာ တွဲနေပုံကြောင့်တိုင်းရင်းသားလူနည်းစု၏ ထောက်ခံမှုကို ရရှိဖို့ အလားအလာ နည်းကြောင်း ပြောကြပါသည်။ သို့ရာတွင် တပ်မတော်ကို ဝေဖန်ရေးမျက်စိနှင့် ရှုမြင်သူမှာ အားလုံးတော့ မဟုတ်ပါချေ။ ရခိုင်မှ အဖြစ်အပျက်များအပြီးတွင် တပ်မတော်ကို ထောက်ခံ သည့် ဆန္ဒပြပွဲများမှာ ရန်ကုန်တွင်လည်းကောင်း၊ အခြားမြို့ကြီးများတွင် လည်းကောင်း မကြာခဏ ပေါ်ပေါက်ခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှာလည်း အထူးတလည်တော့ လူကြိုက်မများလှချေ။ တချို့ဒေသများတွင် တိုင်းလက်ဖွဲ့များသည် ဝန်ဆောင်မှုပေးရာ၌ အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်နေသော်လည်း တိုင်းလက်ဖွဲ့များနှင့်ပတ်သက်ပြီး မနှစ်မြို့ ဖွယ် အတွေ့အကြုံများကို လူငယ်အများအပြားက ပြောပြခဲ့ကြပါသည်။ တိုင်း လက်ဖွဲ့ထိန်းချုပ်ထားသော နယ်မြေမှ ရွာသူရွာသားများမှာ အကြမ်းဖက်ခြိမ်းခြောက်မှုများဖြင့် မရမက စည်းကြပ်သော စနစ်ဟု သူတို့က ခေါ်ဆိုသော စနစ်ဖြင့် တိုင်းလက်ဖွဲ့ကို တကြိမ်၊ အစိုးရကိုတကြိမ် အခွန် နှစ်ထပ် စည်းကြပ်ခံ နေရသည် ဟု သူတို့က မကျေမနပ်ပြောကြပါသည်။ ကချင်ပြည်နယ်မှ ရှမ်းလူငယ်တဦးက"ကျွန်တော်တို့လူထုကို ကေအိုင်အေနဲ့ ကချင်လူထုကို ခွဲမြင်ဖို့ သတိပေးရတယ်။ ကျွန်တော်တို့ မုန်းတာ ကေအိုင်အေပါ၊ ကချင်မဟုတ်ဘူး။ ကချင်လူထု တောင်ကေအိုင်ကြောင့် ခံစားနေရတာတွေကို စောဒကတက်လို့၊ တိုင်လို့မရကြဘူးဆိုတာ ကျွန်တော်တို့ သိတယ်"ဟု အလေး အနက် ပြောကြားခဲ့သလိုပင်၊ တိုင်းလက်ဖွဲ့များနှင့် ထိုအဖွဲ့များက ကိုယ်စားပြုပါသည်ဟု ကြွေးကြော်နေသော တိုင်းရင်း သားများအကြား ကွဲကွဲပြားပြား သိရှိအောင် တချို့က အားထုတ်ကြပါသည်။

ဆွေးနွေးညှိနှိုင်းမှုများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ အဆိုပါအဖွဲ့များသည်အဆင့်မြင့်အခြေခံဥပဒေဆိုင်ရာ အစီအစဉ် များကို ဆွေးနွေးကြပါသည်။ အဖွဲ့များအကြားတွင် ဖက်ဒရယ်ပြည်ထောင်စု ဆိုသည့်စကားရပ်နှင့်ပတ်သက်ပြီး သဘောထားကွဲလွဲမှုများကြောင့် ဆွေးနွေးပွဲများမှာ မကြာခဏ နှောင့်နှေးလေ့ရှိပါသည်။ လူငယ်တို့၏ အကျိုးစီးပွားမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထင်ဟပ်နေသည်ဟု လူငယ် ၈၀ % နီးပါးက လက်ခံသဘောတူကြသော်လည်း လူထုသဘောထားအမြင် ထင်ဟပ်နေသည်ဟုမူ ထက်ဝက်ခန့်ကသာ ယူဆကြခြင်း အကြောင်းရင်းကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အဆင့်မြင့် နိုင်ငံရေးမေးခွန်းများအပေါ် အလေးထား ဆွေးနွေးနေမှုက တစိတ်တပိုင်း ဖြေရှင်းပေးနိုင်ပါ

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ မျှော်လင့်ချက်များ




သည်။ လူငယ်များကို ငြိမ်းချမ်းရေးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဖက်ဒရယ်ဝါဒ၏ အရေးကြီးပုံနှင့် ပတ်သက်၍ မေးမြန်းသောအခါ ၃၅.၄ % က ဖက်ဒရယ်စနစ်မှာအရေးကြီးသည်ဟု ဆိုကြပြီး ထက်ဝက်ကျော် (၅၄.၃ %) က သဘောမတူကြချေ။ စစ်တမ်းပါ လူငယ်များကြားတွင် ဖြစ်နိုင်ချေရှိသော တခြား ရည်မှန်းချက်ပန်းတိုင်များအနက် ဖက်ဒရယ်ဝါဒမှာ အရေးမကြီးဆုံးဟု ယူဆကြပါသည်။

တဖက်မှလည်း လူငယ် ၁ဝ ဦးလျှင် ၉ ဦးခန့်က စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (၈၈.၉ %)၊ ဆင်းရဲနွမ်းပါးမှု ဖြေရှင်းရေး (၈၈.၄ %)၊ ပညာရေးစနစ် ခိုင်မာအောင်ဆောင်ရွက်ခြင်း (၈၅.၈ %) တို့က ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိစေလိမ့်မည်ဟု ယူဆကြပါသည်။ လူတွေ့မေးမြန်းမှုများတွင် ပိုကောင်းသော ပညာရေးက ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရာတွင် အထောက်အကူပြုနိုင်သလို တရားမျှတသော အလုပ်အကိုင် အခွင့်အလမ်းများက အုပ်စုများကြား ကြွယ်ဝမှု ကွာဟချက်များ စတင်ကွယ်ပျောက်စေလိမ့်မည်ဟု လူငယ်များက ဆိုကြပါသည်။ တချို့က အစိုးရ၏ လူငယ် မူဝါဒတွင် အများအပြား ပါဝင်သော အဆင့်မြင့် နိုင်ငံရေး အစီအမံများကို ပြတ်ပြတ်သားသား ပယ်ချကြပါသည်။ လူငယ်မူဝါဒနှင့် ပတ်သက်ပြီး မေးမြန်းသောအခါ "သူတို့က ငြိမ်းချမ်းရေး၊ ဘာသာရေး၊ ဖက်ဒရယ်ဝါဒ... စတာတွေအပေါ်မှာ သိပ်အာရုံစိုက်ကြတယ်။ အကြီးကြီးတွေ... သိပ်ကြီးလွန်းတယ်။ ကျွန်တော်ကတော့ မြို့နယ်အဆင့်၊ မိသားစုအဆင့် လုပ်ရပ်တွေကို ပိုထောက်ခံ တယ်။ သူတို့က ငြိမ်းချမ်းရေးအကြောင်း ပြောကြတယ်။ ဒါပေမယ့် ဘာမှ ရေရေရာရာ မရှိဘူး... ကျွန်တော်တို့အတွက်က အလုပ်ရဖို့ပဲ လိုတာဗျ"ဟု ရန်ကုန်မြို့မှလူငယ်ခေါင်းဆောင်တဦးက ပြောကြားပါသည်။


ထူးခြားသည်မှာ တချို့အုပ်စုက တချို့တွေထက် ဖက်ဒရယ်ဝါဒမှာ အရေးကြီးသည်ဟုလက်ခံသဘောတူလိုကြပါသည်။ တိုင်းရင်းသားလူနည်းစုဟု သတ်မှတ်ထားသော စစ်တမ်းဖြေကြားသူ ၄၃.၄ % က ဖက်ဒရယ်စနစ်မှာ အရေးကြီးသည်ဟု ယူဆပြီး လူများစုတိုင်းရင်းသားဖြေကြားသူ ၃၂.၈ % ကသာ ထိုသို့ယူဆခြင်းနှင့် နှိုင်းယှဉ်နိုင်ပါသည်။ ပြည်နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးခြင်း၊ အားလုံးလက်ခံနိုင်သည့် မြန်မာ သရုပ်လက္ခဏာတရပ် ဖော်ဆောင်ခြင်းတို့မှာ တ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အရေးကြီးသည်ဟုလည်း သူတို့က ပို၍ လက်ခံယူဆလိုကြပါသည်။

ဖက်ဒရယ်ဝါဒကို အရေးကြီးသည်ဟု လက်ခံယူဆသည့် လူငယ်များက ဖက်ဒရယ်ဝါဒသည် ဆန့်ကျင်သူတို့၏ ခွဲထွက်ပြီး သီးခြားရပ်တည်ရေးဝါဒကို တားဆီးသည့် နည်းလမ်းအဖြစ် ပုံဖော်ကြပါသည်။ လူတွေ့ မေးမြန်းမှုများ၊ ဆွေးနွေးပွဲများတွင် စီးပွားရေး တိုးတက်ကောင်းမွန်မလာမီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြဿနာများကို ဖြေရှင်းသင့်သည်ဟု တချို့က ယူဆကြပါသည်။ "သည်ပဋိပက္ခတွေကို မဖြေရှင်းဘဲ ဘာတိုးတက်မှုမှ ရှိလာမှာ မဟုတ်ဘူး" ဟု ရခိုင်ပြည်နယ်မှ အသက် ၂၇ နှစ်အရွယ် လူငယ်က ပြောကြားပါသည်။ တောင်ကြီးမြို့မှ ရွယ်တူတဦးက လည်း လက်ခံပြီး အောက်ပါအတိုင်း ဆိုပါသည်။


**"သည်နိုင်ငံက တိုင်းရင်းသားပေါင်းစုံနဲ့ပါ။ သရုပ်လက္ခဏာအမျိုးမျိုးက အမြဲရှိနေမှာပဲ။ အလားတူပဲ ဆက်လည်း ရှိနေသင့်တယ်။ ဖက်ဒရယ်စနစ်နဲ့ သဟဇာတဖြစ်မှုကို ကျွန်တော်တို့ ရနိုင်တယ်။ အမျိုးသားရေး ဆော်သြတာက တော့ ရှိနေမှာပဲ။ ရှင်သန်ရပ်တည်ရေးအတွက် အရေးကြီးတာကြောင့် အဲဒီလို ဆော်သြတာကို ထိန်းသိမ်းထားဖို့ လိုတယ်။... လူနည်းစုတိုင်းရင်းသားတွေမှာ ကိုယ့်ကိုယ်ပိုင် အနာဂတ်ကို ခုခံကာကွယ်ဖို့ အခွင့်အရေး မရှိတာလည်း အမှန်ပဲ။ အမျိုးသားရေးဆော်သြမှုတွေကသာ သူတို့အတွက် တခုတည်းသော အဖြေဖြစ်နေပါတယ်။ ကျွန်တော်တို့မှာ ပြည့်စုံ ကျယ်ပြန့်တဲ့ ဖက်ဒရယ်ဝါဒ ရှိလာတဲ့အခါကျမှသာ ပိုကောင်းတဲ့ အဖြေတွေ ထွက်လာမှာပါ"**

မည်သို့ပင်ဆိုစေကာမူ သူတို့၏ သဘောထားအမြင်မှာ

ရေရှည်တည်တံ့ခိုင်မြဲသော့ ငြိမ်းချမ်းရေးရဖို့ အရေးကြီးတဲ့ အရေးယူဆောင်ရွက်မှုတွေ




ရေရှည်တည်တံ့ခိုင်မြဲသော့ငြိမ်းချမ်းရေးအတွက် ဖက်ဒရယ်ဝါဒ အရေးပါပုံ




စစ်တမ်းယူခဲ့သူ လူငယ်များကြားမှ အနည်းစု၏ အမြင်သာ ဖြစ်ပါ သည်။ ထို့ထက် များပြားသော လူငယ်များကမူ စီးပွားရေးဖွံ့ဖြိုးမှု၊ တိုးတက် ကောင်းမွန်သော ပညာရေးစသည်တို့မှာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် ဖက်ဒရယ်ဝါဒထက် အရေးကြီးသည်ဟု ယူဆကြ ပါသည်။ အသွင်ကူးပြောင်းမှုမှ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူပင်၊ လူငယ်အများစုက တိုးတက် ကောင်းမွန်သော ပညာရေးမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အသက်တမျှ အရေးကြီးလှသည်ဟု ယူဆကြပါသည်။ တက္ကသိုလ်ပညာတတ် လူငယ် ၁၀ ဦးတွင် ၉ ဦးခန့် (၉၁.၅ %) က ပညာရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းက အရေးကြီးသည်ဟု ယူဆကြပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကသာ လူငယ်များ အတွက် ပြင်ဆင်ပေးလျက် လူတန်းစေ့သော အလုပ်ဖြင့် အသက်မွေးလာ နိုင်စေ ရန်ပြင်ဆင်ပေး နိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းမှု သည် ပို၍ အောင်မြင်လိမ့်မည်ဟုဤလေ့လာချက်တွင် ဆွေးနွေးခဲ့ သော လူငယ်များက ယုံကြည်ပုံရပါသည်။ လူငယ် ၅၆.၅ % က မြန်မာနိုင်ငံသည် ငါးနှစ်အတွင်း ဒီမိုကရေစီ ပိုကျ သော နိုင်ငံဖြစ်လာလိမ့်မည်ဟု လက်ခံ သဘောတူကြပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ပညာရေးကိုသာ ပိုအလေးထား ပါက ထို့ထက်ပင် ပိုလက်ခံသဘောတူ ကြဖွယ်ရှိပါသည်။

## ကမ္ဘာ့အလယ်က မြန်မာ

**မကြာသေးခင်က ကျွန်တော် စင်္ကာပူကို ရောက်ခဲ့တယ်။ မြန်မာနိုင်ငံရဲ့ ပုံရိပ်နဲ့ ပတ်သက်လို့ အများကြီး သိခဲ့ ရတယ်။ ဗုဒ္ဓဘာသာဝင်တွေက မူဆလင်တွေကို ရက်ရက်စက်စက် သတ်ဖြတ်နေတယ်ဆိုတဲ့အကြောင်းပဲ။ ကျွန်တော်တို့မှာ ကြွယ်ဝတဲ့ ရှေးဟောင်းအမွေအနှစ်တွေ၊ ယဉ်ကျေးမှုတွေ ရှိတယ်။ ဒါပေမယ့် နိုင်ငံတကာ အသိုင်းအဝိုင်းကတော့ လက်ရှိဖြစ်ပျက်နေတာ[ကိုပဲ] အာရုံစိုက်ကြတယ်။ သူတို့က ဘာသာရေး ပဋိပက္ခတွေ၊ ဒေါ်အောင်ဆန်းစုကြည် ခပ်မဆိတ် နေတာတွေ၊ အကျင့်ပျက်ခြစားမှုတွေကိုပဲ စိတ်ဝင်စားကြတယ်…”**

တောင်ကြီးမြို့မှ အသက် ၂၆ နှစ်အရွယ် ဘာသာပေါင်းစုံ ချစ်ကြည်ရေး တက်ကြွလှုပ်ရှားသူအမျိုးသား


မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုက တိုင်းပြည်ကို ကမ္ဘာကြီးထံ တံခါးဖွင့်ပေးလိုက်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ စီးပွား ရေးလုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ ခရီးသည်များမှာ ယခင်ကမမြင်ဖူးသည့် ပမာဏဖြင့် မြန်မာနိုင်ငံဆီ ရောက်လာကြပါ သည်။ လည်ပတ်ရန်ဖြစ်စေ၊ နေထိုင်ရန်ဖြစ်စေ၊ အလုပ်လုပ်ရန်ဖြစ်စေ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက်ခြင်းမှာ ဤလေ့လာချက်တွင် စစ်တမ်းကောက်ခဲ့သော လူငယ်အများစုအတွက် ကြိုဆိုအပ်သော အခွင့်အလမ်းဖြစ်ပါသည်။ သုံးပုံ နှစ်ပုံခန့် (၆၆.၃ % ) က နိုင်ငံခြားသားများ လာရောက်နေခြင်းသည် ယေဘုယျအားဖြင့် မြန်မာနိုင်ငံအတွက် ကောင်းသည် ဟု ယူဆကြပါသည်။

ဖြေဆိုသူအများစု (၅၈.၅ % ) က အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အခြားအဖွဲ့ အစည်းများအတွက် နိုင်ငံခြားသားများ လာရောက် လုပ်ကိုင် ခြင်းမှာ ကောင်းမွန်သည်ဟု လက်ခံကြပါ သည်။ လူတွေ့မေးမြန်းမှုများတွင် လူငယ် ၄-၅-၁၀ ဦး က အစိုးရမဟုတ်သောအဖွဲ့အစည်းများတွင် လာရောက် လုပ်ကိုင်သော နိုင်ငံခြားသားများထံမှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှသည် လူမှုရေး ကိစ္စရပ်များအထိ အကြောင်း အရာ အမျိုးမျိုးကို သင်ယူနိုင်လိမ့်မည်ဟု ယူဆကြပါသည်။ “နိုင်ငံခြားသားတွေဆီကနေ သင်ယူနိုင်လိမ့်မယ်လို့ ကျွန်မထင် တယ်။ ဥပမာဆိုရင် ကျွန်မသူငယ်ချင်း တွေဟာ လိင်ပိုင်းဆိုင်ရာ စော်ကားခံရဖူးပါတယ်။ ကျေးလက်ဒေသတွေမှာ လိင်ပိုင်းဆိုင်ရာ စော်ကားတယ်ဆိုတာ ဘာမှန်း မသိကြသလို ဘယ်လို တန်ပြန် ကာကွယ်ရမလဲဆိုတာလည်း မသိကြဘူး။ နိုင်ငံခြား သားတွေက အဲဒီ့လုပ်ရပ်တွေကို ဘယ်လို ဖြေရှင်းရမယ်၊ ဘယ်လို တုံ့ပြန်ရမယ်ဆိုတာ နားလည်အောင် ကူညီပေးနိုင် တယ်” ဟု ရခိုင်ပြည်နယ်မှ အသက် ၁၉ နှစ်အရွယ် လူငယ် တစ်ဦးက  ရှင်းပြသည့်အတိုင်းပင်ဖြစ်ပါသည်။။ မြန်မာနိုင်ငံ ပိုမိုဖွံ့ဖြိုး တိုးတက်လာပါက အစိုးရမဟုတ်သော အဖွဲ့အစည်းများအား လိုအပ်မှု လျော့သွားလိမ့်မည်ဟု ဖြေကြားသူ နောက်တစ်ဦးက ပြောပါသည်။

ဖြေကြားသူများသည် မြန်မာနိုင်ငံတွင် စီးပွားရေးလာလုပ်နေသော နိုင်ငံခြားသားများကို အနည်းငယ်မျှ ပိုလက်ခံကြပါ သည်။ စစ်တမ်းယူခဲ့သူ လူငယ် ၅၉.၅ % က စီးပွားရေး လုပ်ကိုင်ရန် နိုင်ငံခြားသားများ တိုးပွားရောက်ရှိလာခြင်းမှာ ကောင်းသည်ဟု လက်ခံသဘောတူကြသလို တိုင်းပြည်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လိုအပ်ကြောင်း လူတွေ့မေးမြန်းမှုများ တွင် လူငယ်အများအပြားက ပြောကြပါသည်။ သို့ရာတွင် ဖြေဆိုသူ အချို့ကမူ တချို့စီးပွားရေးလုပ်ငန်းများကို တချို့ထက် ပိုလိုလားကြပါသည်။ “နိုင်ငံခြားသား သုံးမျိုး ရှိတယ်လို့ ကျွန်တော်ထင်တယ်။ လာလည်သူရယ်၊ တိုင်းပြည် ဖွံ့ဖြိုးရေး အတွက် လာတဲ့သူရယ်၊ အဆိုးဆုံး သူတွေကတော့ တိုင်းပြည်ရဲ့သဘာဝ သယံဇာတ အရင်းအမြစ်တွေကို ထုတ်ယူဖို့ လာသူပဲ”ဟု ရှမ်းပြည်နယ်မှအသက် ၁၉ နှစ်အရွယ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်သားက ပြောပါသည်။ “အဲဒီလို လူတွေ သယ်လာတဲ့  ပြဿနာ အများကြီး ရှိတယ်။ […] ကျွန်တော့် ဇာတိဒေသမှာ သူတို့က သဘာဝ ပတ်ဝန်းကျင် ပြဿနာတွေ အများကြီး ဖန်တီးနေကြတယ်”ဟုလည်း ဆိုပါသည်။

စစ်တမ်းဖြေဆိုသူများသည် ခရီးသွားအဖြစ် လာရောက်သူ နိုင်ငံခြားသားများကို အလိုလားဆုံး ဖြစ်ပါသည်။ စစ်တမ်းယူခဲ့ သည့် လူငယ် ၈၀.၆ % က လည်ပတ်ရန်အလို့ငှာ ခရီးသွားများ တိုးပွားလာရောက် ခြင်းမှာ မြန်မာနိုင်ငံအတွက် ကောင်းသည်ဟု လက်ခံသဘောတူကြပါသည်။ တွေ့ဆုံ မေးမြန်းမှုများ၊ အုပ်စုဖွဲ့ဆွေးနွေးမှုများတွင် ဖြေကြားသူ အများအပြားက တိုင်းပြည်၏ ရှေးဟောင်းအမွေအနှစ် များကိုလည်းကောင်း၊ ယဉ်ကျေးမှုကို လည်းကောင်း နိုင်ငံတကာ အသိအမှတ်ပြုမှု ရရှိလာသည့်အတွက် ဂုဏ်ယူကြပါသည်။ ဆွေးနွေးပွဲတစ်ခုတွင် အသက် ၂၀ အရွယ် ဓာတုဗေဒ ကျောင်းသားတဦးက “နိုင်ငံ ခြားသားတွေရဲ့ကျေးဇူးကြောင့် ပုဂံတို့၊ အင်းလေးကန် တို့ကို ကမ္ဘာကသိသွားတယ်”ဟု ဆိုပါသည်။ ခရီးသွားလုပ်ငန်းတခုတွင် လုပ်ကိုင်နေသော အသက် ၂၄ နှစ်အရွယ် လူငယ်တစ်ဦးကလည်း သဘောတူပြီး “နိုင်ငံခြားသားတွေ ရှိနေတာကို လက်ခံတာက

နိုင်ငံခြားသားအပေါ် သဘောထား



မြန်မာနိုင်ငံရဲ့ တန်ဖိုးထားမှုတွေ၊ ယဉ်ကျေးမှုတွေကို မြှင့်တင်ပေးနိုင်တယ်။ ပုဂံက ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် နယ်မြေဖြစ်လာတော့မယ်။ အဲဒီကနေ အခွင့်အလမ်းတွေ အများကြီး ရလာ လိမ့်မယ်”ဟု ပြောပါသည်။

မြန်မာနိုင်ငံအပေါ် နိုင်ငံခြား အာရုံစိုက်မှု တိုးပွားလာခြင်းက ဝေဖန်မှုများကိုလည်း တိုးပွားစေခဲ့ပါသည်။ အထူးသဖြင့် ၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ် အခြေအနေနှင့်ပတ်သက်၍ ဖြစ်ပါသည်။ ဟိုးလေးတကြော်ဖြစ်ခဲ့သော စစ်သွေးကြွ အာဆာ အဖွဲ့ အပေါ် စစ်ဆင်ရေးများသည်လည်းကောင်း၊ အဆိုပါ စစ်ဆင်ရေးများကြောင့်အိုးပစ်အိမ်ပစ်ထွက်ပြေးခဲ့ရသည့် သိန်းနှင့် ချီသော ရိုဟင်ဂျာ ဒုက္ခသည်များ စွန့်ခွာမှုသည်လည်းကောင်း နိုင်ငံတကာမှာ မြန်မာနိုင်ငံ၏ ဂုဏ်သတင်းကို အကြီးအကျယ် ထိခိုက်စေခဲ့ပါသည်။ စစ်တမ်းတွင် ပါဝင်သည့် လူငယ်များ ၏ ၇၈.၈ % က “ရခိုင်မှာ ဖြစ်ခဲ့တာတွေက စိုးရိမ်စရာ”ဟု ဆိုကြ ပြီး ထို့ထက်များစွာ နည်းသူ (၃၁.၉ %)ကာ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာ၏ ဝေဖန်မှုမှာ ကျိုးကြောင်း ဆီလျော်သည်ဟု လက်ခံကြပါသည်။

စစ်တမ်းဖြေဆိုသူ ၁၀ ဦးလျှင် ၉ ဦး နီးပါး (၈၆.၆ %) က ရခိုင်ပြည်နယ်တွင် ဆင်နွှဲနေသော စစ်ဆင်ရေးများ၌ အရပ်သားများ သေဆုံးရသည်ကို သောက ရောက်မိသည်ဟု ဆိုကြပါသည်။ ခန့်မှန်းခြေအားဖြင့် တူညီသော ပမာဏရှိသည့် ဖြေဆိုသူ များကလည်း အရပ်သားများကို ကာကွယ်ရန် အစိုးရက ပိုလုပ်သင့်သည်ဟု လက်ခံသဘောတူကြပါသည်။ တချိန်တည်းမှာပင် စစ်တမ်းယူခဲ့သည့် လူငယ် ထက်ဝက်နီးပါး (၄၉.၁ %) က “ရခိုင်မှာ စစ်တပ် လုပ်တာ မှန်တယ်” ဟု လက်ခံ သဘောတူကြပါသည်။

သို့ရာတွင် လူငယ်အများအပြားက ဖြစ်ပွားနေသော အခြေအနေနှင့်ပတ်သက်၍ အပြစ်တင်ရမည်ကို တွန့်ဆုတ်ခဲ့ကြသလို တာဝန်ခံဖြေရှင်းရန် တောင်းဆိုသူမှာလည်း အလွန့်အလွန်နည်းပါးပါသည်။ ပုသိမ်မြို့မှ အသက် ၁၈ နှစ်အရွယ် ကျောင်းသားက “ဟိုလူ့လက်ညှိုးထိုး၊ သည်လူ့လက်ညှိုးထိုး မလုပ်ချင်ဘူး”ဟု ပြောပါသည်။ ထူးခြားသည်မှာ ဆွေးနွေးပွဲ တက်ရောက်သူ အနည်းငယ်ထဲမှ တစ်ဦးက လုံခြုံရေးတပ်ဖွဲ့များကို တိုက်ရိုက် ဝေဖန်ပြစ်တင်ခဲ့ သူမှာ ကမန်လူမျိုး၊ အစိုးရက အသိအမှတ်ပြုထား သော်လည်း ဘေးဖယ်ခံထားရဆဲ ရခိုင်ပြည်နယ်မှ မူဆလင် ဖြစ်လေသည်။


စစ်တမ်းဖြေဆိုသူများကြားတွင် “အကြမ်းဖက်မှု တိုက်ဖျက်ရေး”မှာ ဖိအားအများဆုံး ကမ္ဘာ့စိန်ခေါ်မှု ဖြစ်ပြီး စစ်တမ်းဖြေကြားသူသူ ၈၃.၆ % က အကြမ်းဖက်မှု တိုက်ဖျက်ရန် အရေးကြီးသည်ဟု ဖြေဆိုခဲ့ပါသည်။ (ယင်း အနက် ၆၁.၉ % က အလွန်အရေးကြီးသည်ဟု ဆိုပါသည်)။ ၇၂.၅ % က မြန်မာနိုင်ငံအနေဖြင့် ရခိုင်တွင် အကြမ်းဖက်မှု ပြဿနာရှိနေသည်ဟု လက်ခံကြပါသည်။ အချို့က ဆက်တိုက်ဖြစ်နေသည့် အကြမ်းဖက်မှုကို စိုးရိမ်မကင်းဖြစ်မိကြောင်း ပြောခဲ့ကြပြီး ဤလေ့လာချက်တွင် လူတွေ့မေးမြန်းခဲ့သော လူငယ်တချို့က ရခိုင်ပြည်နယ်မှ အခြေအနေကို ‘အကြမ်းဖက် မှု’ အနေဖြင့် ဆွေးနွေးခဲ့ကြပါသည်။ တချို့ကမူ ပဋိပက္ခ၏ အရင်းခံများနှင့်ပတ်သက်ပြီး အလွန်ကွဲပြားသည့် ဖြေရှင်းချက်အမျိုးမျိုး ပေးခဲ့ကြလေသည်။

လူငယ် ၄-၅-၈ ဦးက ပြဿနာမှာ မြေယာ (သို့) နိုင်ငံတော်အချုပ်အချာအာဏာ ဖြစ်သည် ဟု ယူဆကြပါသည်။ လူငယ်များက ရိုဟင်ဂျာများသည် “သူတို့ ကိုယ်ပိုင် နိုင်ငံထူထောင်ဖို့”ဘင်္ဂလားဒေ့(ရှ်)မှ ရောက် လာကြခြင်း ဖြစ်သည်ဟု သူတို့က ထပ်တလဲလဲ အခိုင်အမာပြောနေကြပြီး ရန်ကုန်မြို့မှအသက် ၂၇ နှစ်အရွယ်လူငယ်တဦးက “အစ္စလာမ်ဘာသာက လူတွေကို သတ်ဖို့ သင်ပေးလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ ဗမာတွေက ရခိုင်ပြဿနာဟာ လူမျိုးရေးလို့မြင်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်းက တော့ လူ့အခွင့်အရေး ပြဿနာလို့ မြင်ကြတယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့ မြေကို သူတို့ အသိမ်းပိုက် မခံနိုင်ပါ ဘူး”ဟု ပြောခဲ့ပါသည်။

တချို့က သဘောမတူကြပါချေ။ နိုင်ငံရေးအုပ်စုများမှ မီးမွှေးခဲ့သည့် ဘာသာရေး တင်းမာမှုများက ပြဿနာ အရင်းခံ ဖြစ်သည်ဟု ငြင်းခုံပြောဆိုကြပါသည်။ စစ်တမ်းယူခဲ့သူ ၃၈ % ကသာ မဘသကို သဘောတူလက်ခံသော်လည်း တွေ့ဆုံမေးမြန်းမှုများတွင် လူငယ် ၄-၅-၁၀ ဦးက ထိုအဖွဲ့၏ သြဇာကို ဆွေးနွေးခဲ့ကြပါသည်။ ပဲခူးမှ အသက် ၂၄ နှစ်အရွယ် အမျိုး သား ဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ်) ကိုယ်စားလှယ်တဦး၏ အလိုအရ ပြဿနာသည် “မဘသရယ်၊ တပ်မတော်ရယ်၊ ပြည်ခိုင်ဖြိုးရယ် တို့ကနေ လူမျိုးရေး၊ ဘာသာရေး သွေးထိုးလှုံ့ဆော်တာတွေက စတာပါ။ လူထုစိတ်ကို သူတို့ အဆိပ်ခတ်ခဲ့တာ… နိုင်ငံတကာ[တွေ]က နားမလည် ပါးမလည်နဲ့ ဒီချုပ်ကို ဝေဖန်ပြစ်တင်ကြတယ်”ဟု ပြောပါသည်။

စစ်တမ်းယူခဲ့သူ လူငယ် ထက်ဝက်နီးပါးက နိုင်ငံတကာက မြန်မာနိုင်ငံ၏ အခြေအနေအား နားလည်မှုလွဲမှားနေသည်ကို လက်ခံသဘောတူကြပါသည်။ ၄၆.၄ % က မြန်မာနိုင်ငံအား ဝေဖန်မှုသည် “ နိုင်ငံတကာက လူတွေ မြန်မာနိုင်ငံကို နားမလည်ဘူး”ဟု ဖော်ပြနေကြောင်း

ရခိုင်ပြည်နယ်အခြေအနေအား နိုင်ငံတကာ တုံ့ပြန်ချက်



လက်ခံသဘောတူကြပါသည်။ သို့တိုင်အောင် အခြေအနေနှင့်ပတ်သက်၍ အမြင် အမျိုးမျိုး ကိုင်စွဲထားကြသည်ကို လူတွေ့မေးမြန်းမှုတို့ဖြင့် အတည်ပြုထားပေရာ နိုင်ငံခြားသား လေ့လာသူများ ဘာကို နားလည်မှုလွဲနေသည်ဆိုခြင်းမှာ မရှင်း လင်းလှချေ။ လူတွေ့မေးမြန်းမှုများတွင် လူငယ် ၄-၅-၈ ဦးက အထင်အမြင်မှားစေ သော သတင်းများ၊ ဝါဒဖြန့်မှုများက ပြဿနာကို ပိုဆိုးစေသည်ဟု ဆိုကြသလို မီဒီယာများက မြန်မာနိုင်ငံတွင် "ဆူပူအုံကြွ မှုတွေ ဖြစ်အောင် လှုံ့ဆော်နေတယ်"ဟု ပြောကြပါသည်။

လူတွေ့မေးမြန်းမှုများ၊ ဆွေးနွေးပွဲများတွင် လူငယ် ၄-၅-၁၀ ဦးက  မြန်မာနိုင်ငံ၏ ပုံရိပ်အား မည်သို့မည်ပုံ ပြင်ဆင်နိုင်မည် ကို စတင်စဉ်းစားနေကြပြီဖြစ်ပါသည်။ "နိုင်ငံတကာက ကျွန်တော်တို့ကို ဝေဖန်တဲ့အခါမှာ ကျွန်တော် စိတ်မကောင်း မဖြစ်မိ ဘူး။ ကျွန်တော်တို့ စိတ်လိုက်မာန်ပါ မဖြစ်သင့်ဘူး။ အရင်တုန်းက မြန်မာနိုင်ငံကို အကောင်းဘက်က မြင်ကြတယ်။ အဲဒီ အနေအထားကို ပြန်ရောက်အောင် ဘယ်လို လုပ်ကြမလဲ"ဟု ပုသိမ်မှအသက် ၂၂ နှစ် အရွယ် လူငယ်တဦးက သတိပေးပါသည်။ တချို့ကမူ အကောင်းမြင်မှုများကို ဖော်ပြခဲ့ပါသည်။ "ဇာတ်လမ်း တွေမှာတောင်ဇာတ်ရှိန်တက်တယ်ဆိုတာရှိတာပဲ။ ဇာတ်ရှိန်တက်တယ်ဆိုတာက ဇာတ်အနာဆုံး အခိုက်အတံ့ပဲ။ ဒါပေမယ့် ပျော်ပျော်ကြီးအဆုံးသတ်တဲ့ ဇာတ်သိမ်းကတော့ အမြဲတမ်းရှိတယ်။ ပျော်စရာဇာတ်သိမ်း ရောက်အောင် ကျွန်တော်တို့ အတူတူလုပ်ကြဖို့ လိုတယ်။ နိုင်ငံတကာက လူတွေ ဟာ မြန်မာနိုင်ငံနဲ့ ပတ်သက်၍ အမြင်လွဲမှားမှုတွေ ရှိနေပေမယ့် ပျော်စရာဇာတ်သိမ်း ရောက်အောင် သူတို့အနေနဲ့ ကူညီသင့်ပါတယ်" ဟုတောင်ကြီးမြို့မှ အသက် ၂၆ နှစ်အရွယ်က ပြောပါသည်။

သို့ရာတွင် ထိုလူငယ်ကပင် ထိုအတွက် အဖြေက ပြည်ပမှ ရောက်လာလိမ့်မည်ဟု မယုံကြည်ပါချေ။ "မြန်မာပြည်ကို တိုင်းပြည်ကောင်းတခုဖြစ်အောင် လုပ်ဆောင်ဖို့က လူငယ်တွေပေါ်မှာ မူတည်တယ်" ဟုဆိုလေသည်။





# အခန်း (၄) သုံးသပ်ချက်များ၊ အကြံပြုချက်များ

## ၁၁ဝ အခွင့်အလမ်းနှင့် မျှော်မှန်းချက်များ

မြန်မာနိုင်ငံမှာ အများကြီး ပြောင်းလဲသွားခဲ့ပါပြီ။ လူငယ်များသည် ယခုအခါ မိမိတို့ဘာသာ စုစည်းနိုင်ပြီး အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ သင်တန်းများ တက်ရောက်ခွင့်တို့ ရရှိနေပြီ ဖြစ်သည်။ လူငယ်များသည်မဲပေးနိုင်၊ နိုင်ငံရေးပါတီဝင်နိုင်၊ ကျောင်းသားသမဂ္ဂ ထောင်နိုင်ကြပါပြီ။ တိုင်းပြည်၏ ဆောင်ရွက်ဆဲ အသွင်ကူးပြောင်းမှုမှ အားနည်းချက်များကို အများအပြားက သိမြင်နေကြသော်လည်း သူတို့၏ အနာဂတ်သည် လက်ရှိအခြေအနေထက် သာလွန်ကောင်းမွန်လိမ့်မည်ဟု ယူဆကြပါသည်။

အကောင်းမြင်ကြသော်လည်း လူငယ်များမှာ သူတို့ အနာဂတ်အတွက် စိုးရိမ်ပူပင်မှု မြောက်များစွာလည်း ရှိနေ ပြန်ပါသည်။ မြန်မာ နိုင်ငံ၏ ပေါ်ထွန်းစ စီးပွားရေးတွင်ဖြစ်စေ၊ ဖူးပွင့်စ ဒီမိုကရေစီတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်အောင် ပညာရေးက ပြင်ဆင်ပေးထားမှုမရှိမည်ကို စိုးရွံ့လျက် အလုပ်အကိုင် အလားအလာအတွက် ပူပန်နေကြပါသည်။ မိဘများ၏ ကန့်သတ် ချုပ်ချယ်မှုများကို စိတ်အနှောင့်အယှက်ဖြစ်နေကြကာ သရုပ်လက္ခဏာနှင့် စပ်လျဉ်းသည့် လူမှုရေးထုံးတမ်းများကိုလည်း မေးခွန်းထုတ်ကြပါသည်။ အာဏာပိုင်များက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်ရန် လိုအပ်သလို ဆောင်ရွက်မှုရှိမနေခြင်းကို ကြောင့်ကြမကင်း ဖြစ်နေကြလျက် အစိုးရ၌ (ကိုယ်ကျိုးနှင့် အလုပ်တာဝန်ကြား) အကျိုးစီးပွားပဋိပက္ခဖြစ်နေသည်ကိုလည်း သင်္ကာမကင်း ဖြစ်နေကြပါသည်။ သူတို့ရွယ်တူများ၏ လူမှုမီဒီယာအသုံးပြုမှုနှုန်းကို ကြောင့်ကြမကင်း ဖြစ်ကြသလို လူမှုမီဒီယာတွင် ထုတ်ဖော်ပြောဆိုရန် အမှန်တကယ် လွတ်လပ်မှု အတိုင်းအဆကိုလည်း သံသယဝင်နေကြပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းတွင် အမာရွတ်ထင်နေသည့် မြန်မာနိုင်ငံ၏ ဂုဏ်သတင်းကိုရခဲ့စေသည့် ဖြစ်ပွားဆဲ ပြည်တွင်း ပဋိပက္ခများဖြင့် သွေးခွဲထားသော တိုင်းပြည်ကိုလည်း သူတို့ အမွေဆက်ခံထားရပါသည်။

အဆိုပါ ကြောင့်ကြမှုများက လူငယ်များအပေါ် သက်ရောက်မှု ရှိနေသည့် မူဝါဒများကို ဩဇာသက်ရောက်နိုင်သလို လူငယ်များအတွက် ပေးအပ်သည့် ဝန်ဆောင်မှုများကိုလည်း တိုးတက်ကောင်းမွန်လာစေနိုင်ပါသည်။ နိုင်ငံတဝှမ်းမှ လူငယ် ၂၀၀ မျှ ပါဝင်ခဲ့သော လူငယ်မူဝါဒ အလုပ်ရုံဆွေးနွေးပွဲများမှထွက်ပေါ်လာသော မူဝါဒ ရွေးစရာလမ်းအသွယ်သွယ်က လူငယ်များအတွက်တာဝန်ထမ်းဆောင်နေသော အစိုးရတာဝန်ရှိသူများ၊ အထောက်အပံ့ပေးသူများအနေဖြင့် ပိုကောင်းသည့် အစီအစဉ်များ ရေးဆွဲရာတွင် ပံ့ပိုးပေးနိုင်ပါသည်။ ဤအားထုတ်မှု အများ အပြားက သိသာထင်ရှားသော ဆင့်ပွား အကျိုးဆက်များဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ရလဒ်များအပေါ် ဩဇာသက်ရောက်နိုင်ပါသည်။

**ဇယား ၁ - အစီအစဉ်ရေးဆွဲခြင်းနှင့်မူဝါဒ ဆိုင်ရာအကြံပြုချက်များ**

| ကြောင့်ကြမှု | မူဝါဒ ရွေးချယ်စရာ၊ အစီအစဉ် ရွေးချယ်စရာ |
|---|---|
| **ပညာရေးအရည်အသွေး**<br><br>လက်ရှိပညာရေးစနစ်သည် လူငယ်များကို အလုပ်အကိုင် အတွက်ဖြစ်စေ၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်မှု အတွက်ဖြစ်စေ၊ နိုင်ငံရေးလှုပ်ရှားမှု အတွက်ဖြစ်စေ ပြင်ဆင်ပေးခြင်း မရှိဟု လူငယ်အများအပြားက ခံစားရပါသည်။ . | - ပညာရေး ပုံစံချမှတ်ရာတွင် ဘုတ်အဖွဲ့များ၊ တိုင်ပင်ညှိ နှိုင်းမှုများဖြင့် လူငယ်များ၏ အကြံဉာဏ် သဘောထား ရယူမှုကို တိုးမြှင့်ပါ။ ဘွဲ့ရများထံမှ ပညာရေးစနစ်အပေါ် တုံ့ပြန်ချက်ကို အားကောင်းအောင် ဆောင်ရွက်ပါ။<br><br>- ဒေသအလိုက် ဆီလျော်သော ဘာသာစကားဖြင့် သင်ကြားခြင်း၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားပေါင်းစုံ၊ ယုံကြည် ကိုးကွယ်မှုပေါင်းစုံအမွေအနှစ်ကိုထင်ဟပ်သည့် သင်ရိုးညွှန်း တမ်းရေးဆွဲခြင်းတို့ဖြင့် ပညာရေးတွင် ဝကွက်ချန်ခြင်းမရှိဘဲ အားလုံးပါဝင်နိုင်မှုကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ပါ။<br><br>- ပညာရေး အဖွဲ့အစည်းများအား ဗဟိုချုပ်ကိုင်မှု ဖယ်ရှားခြင်း၊ တက္ကသိုလ်များ၊ အခြားအဆင့်မြင့် ပညာရေး ပေးနေသူများအား ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်တို့ကို မြှင့်တင်ဖော်ဆောင်ပါ။<br><br>- ကျေးလက်ဒေသမှ ကျောင်းသားများအတွက် စာကြည့်တိုက် များအပါအဝင် တနေရာနှင့် တနေရာလည်း မကွာခြားသော အဆောက်အအုံ ပစ္စည်းပစ္စယများ၊ အရင်းအမြစ်များ လိုအပ်သလို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံတဝှမ်းလုံးတွင် ပညာရေး သာတူညီမျှ ဖြစ်နေအောင် ဆောင်ရွက်ပါ။<br><br>- အဆိုပါ စာကြည့်တိုက်များတွင် အင်တာနက်ရရှိအောင် ဆောင်ရွက်ပါ။ |
| **အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း**<br><br>လူငယ်များအတွက် လူတန်းစေ့ အလုပ်အကိုင်များ အနည်းငယ်မျှသာ ရှိသည်၊ အထူးသဖြင့် အဓိက မြို့ကြီး ပြကြီးများ၏ ပြင်ပတွင် ရှားပါးသည်ဟု လူငယ် အများအပြား ခံစားနေရပါသည်။ | - ကျေးလက်ဒေသများတွင် (မတည်) ငွေထောက်ပံ့မှုကို ဦးစားပေး တိုးမြှင့်ပေးခြင်းဖြင့် လူငယ် စွန့်ဦးတီထွင်မှုကို လှုံ့ဆော်အားပေးပါ။<br><br>- လူငယ်များအတွက် အလုပ်အကိုင်ပေးမည့် ကဏ္ဍများတွင် လူထု(အစိုးရ)ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပါ။<br><br>- နယ်ခံ အသက်မွေးမှုသင်တန်းကျောင်းများ၊ လေ့ကျင့် ရေး ကျောင်းများကို ပံ့ပိုးပေးခြင်းဖြင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် သင်တန်းများ (TVET) အတွက် အစိုးရ၏ ပံ့ပိုးမှုကို တိုးချဲ့ပါ။<br><br>- မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ် (MIMU) ကဲ့သို့ အင်တာနက်မှ အလုပ်ခေါ်စာများကို ဝင်ရောက်သုံးစွဲကြရေးအတွက် လမ်းညွှန်ပေးပါ။ |

| **ကြောင့်ကြမှု** | **မူဝါဒ ရွေးချယ်စရာ၊ အစီအစဉ် ရွေးချယ်စရာ** |
|---|---|
| **ကျယ်ပြန့်နေသောမူးယစ်ဆေးဝါး သုံးစွဲမှု**<br>မြန်မာနိုင်ငံတဝှမ်းမှ လူငယ်များသည် သူတို့အသိုင်းအဝိုင်းမှ လူငယ်များကြား မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှု တိုးပွားနေသည့်အတွက်ကြောင့် ကြမကင်း ဖြစ်နေကြပါသည်။ | - မူးယစ်ဆေးသုံးစွဲသူများကို ပြစ်မှုကျူးလွန်သူများဟု ဖြစ်စေ၊ "အညွန့်တုံးနေသူများ"ဟုဖြစ်စေ၊ နှစ်မျိုးစလုံးဟု ဖြစ်စေ ထင်မြင်ယူဆနေမှုကို ပြောင်းသွားအောင် ဆောင်ရွက်ပါ။<br>- ပြန်လည်ထူထောင်ရေး ကုသမှု ရရှိခံစားနိုင်ရေးကို တိုးမြှင့်လုပ်ဆောင်ပါ။<br>- မူးယစ်ဆေး သုံးသူကိုဖြစ်စေ၊ မူးယစ်ဆေးစွဲသူကို ဖြစ်စေ တားဆီးနှိမ်နင်းခြင်းထက် လက်ခွဲသမားများနှင့် 'လက်ကြီး' များကို အလေးထားနှိမ်နင်းပါ။<br>- မူးယစ်ဆေးများ၊ ဆက်စပ်ပစ္စည်းများ ထောက်ပံ့ရေး ကွင်းဆက်ကို ပြတ်တောက်စေရန် နယ်စပ်ဖြတ်ကျော်တားဆီးနှိမ်နင်းရေး အစီအစဉ်များ အားကောင်းအောင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ပါ။ |
| **လူမှုမီဒီယာကို တလွဲသုံးခြင်း**<br>ဤလေ့လာချက်တွင် ဆွေးနွေးခဲ့သော လူငယ်များက လူငယ်များသည် လူမှုမီဒီယာပေါ်တွင် နာရီများစွာ တရားလွန် အချိန်ဖြုန်းကြခြင်းကြောင့် ပညာရေးရလဒ်များ၊ အလုပ်အကိုင် ရလဒ်များကို ထိခိုက်နေသည်ဟု ခံစားနေကြပါသည်။ | - လူမှုမီဒီယာ၊ အခြား အင်တာနက် မှအခွင့်အလမ်းစသည် တို့ကို ပညာရေးအတွက် သုံးစွဲရန် ဆော်ဩသည့် (မူလတန်း၊ မူလတန်းလွန်အတွက်) သင်ရိုးညွှန်းတမ်း ရေးဆွဲပါ။<br>- လူမှုမီဒီယာအား ဆင်ဆင်ခြင်ခြင် သုံးစွဲရေးအတွက် (မူလတန်း၊ မူလတန်းလွန်အတွက်) သင်ရိုးညွှန်းတမ်း ရေးဆွဲပါ။ သင်ရိုးညွှန်းတမ်းသည် အင်တာနက်တွင် တွေ့ရှိသော သတင်းအချက်အလက်များကို ဆင်ခြင် ဆန်းစစ်မှု၊ ကစားနည်းများ၊ အခြား သယ်ယူလွယ်သော ဖျော်ဖြေရေးပုံစံများအား ဘေးမဖြစ်အောင် သုံးစွဲသည့် အလေ့အထတို့အပေါ်တွင် အလေးထားသင့်ပါသည်။<br>- အထက်ပါ သင်ရိုးညွှန်းတမ်းကိုသုံးလျက် သင်တန်းပေးရန် နယ်ခံ ရပ်ရွာအဖွဲ့ အစည်းများနှင့် လက်တွဲပါ။<br>- လူငယ်များတွင် အတွေးအမြင်သစ်များ ပေါ်ထွက်ရှိလာစေရန် အားကစား၊ အနုပညာ၊ စာပေ၊ ဂီတတို့တွင် ကျောင်းစာပြင်ပ အစီအစဉ်များကို တိုးမြှင့်ပါ။<br>- အမုန်းစကား ဖယ်ရှားရန် နှင့် စောင့်ကြည့်ကြပ်မတ်ရန် လူမှုမီဒီယာကဏ္ဍများအား ဖိအားပေးခြင်းကို ဆက်လက်ထိန်းသိမ်းပါ။ |
| **လူမှုရေးတွင်ဖြစ်စေ၊ နိုင်ငံရေးတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်မှု ကန့်သတ်ချက်**<br>လူမှုရေးတက်ကြွလှုပ်ရှားမှု၊ နိုင်ငံရေး လုပ်ဆောင်မှုတို့ အတွက် အခွင့်အလမ်းများ တိုးပွားလာသော်လည်း လူငယ်အများအပြား သည် ငွေကြေး ကြောင့်ဖြစ်စေ၊ မိသားစု၏ ကန့်သတ်တားဆီးမှု ကြောင့်ဖြစ်စေ ပါဝင်နိုင်ဆောင် ရွက်ခြင်းငှာ မစွမ်းသာပေ။ | - မိဘတို့၏ စိုးရိမ်ကြောင့်ကြမှု လျော့ပါးစေရန် အရပ်ဘက် လူမှုဖွံ့ဖြိုးရေး လှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂ၊ နိုင်ငံရေးအဖြစ် မြင်ကြသော တခြားလှုပ်ရှားမှုများတွင် ပါဝင်ခြင်းကြောင့် အကျိုးရှိပုံ၊ အထောက်အကူပြုပုံကို အများသိစေမည့် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ပါ။<br>- လူငယ်တို့၏ အများပြည်သူအရေး၊ နိုင်ငံရေး တက်ကြွ လှုပ်ရှားမှုများက လူငယ်ထုအတွက်ရော၊ တပြည်လုံးအတွက် အကျိုးကျေးဇူးများရှိပုံကို အများသိစေမည့် မီဒီယာ အစီအစဉ် များ ထုတ်လုပ်ပါ။ အဆိုပါ ရုပ်သံအစီအစဉ်များသည် မိဘများ၊ ရပ်ရွာလူကြီးသူမများကို ရည်ရွယ်ဦးတည်သင့်ပါသည်။<br>- လူမှုရေး၊ နိုင်ငံရေး တက်ကြွလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက် အောင် လူငယ်များအား အားပေးရာတွင် အာဏာပိုင်များ ပါဝင်ပတ်သက်အောင် ဆောင်ရွက်ပါ။<br>- လူငယ် လှုပ်ရှားမှုအတွက် အပိုရန်ပုံငွေထားရှိပါ။<br>- စေတနာ့ဝန်ထမ်းအဖြစ်ဖြစ်စေ၊ အလုပ်သင်အဖြစ်ဖြစ်စေ လုပ်ကိုင်သည့်အချိန်များအတွက် စာသင်ခန်းရမှတ်များ ရနိုင်သည့် အစီအစဉ်များ ရေးဆွဲပါ။- |
| **ခွဲခြားဆက်ဆံခြင်း**<br>ဤလေ့လာချက်တွင် ဆွေးနွေးခဲ့သော လူငယ် ထက်ဝက် ကျော်က သူတို့၏ ကျား-မကွဲပြားမှု၊ အလုပ်အကိုင်၊ ကိုးကွယ်ရာဘာသာ၊ လူမျိုး၊ မိသားစု၊ မသန်စွမ်းမှု တခုခု ကြောင့်ဖြစ်စေ၊ တခုထက်ပိုသည့် အကြောင်းကြောင့် ဖြစ်စေ ခွဲခြားဆက်ဆံ ခံခဲ့ရဖူးသည်ဟု ခံစားနေရပါသည်။ | - လူမှုရေး သည်းခံမှု (ငါနှင့်မတူ ငါ့ရန်သူစိတ် ပပျောက် ရေး) အတွက် သင်ရိုး၊ ညွှန်းတန်းများရေးဆွဲပြီး စည်းရုံးလှုံ့ဆော်မှုများ လုပ်ဆောင်ပါ။<br>- ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး သတင်းစကားများကို ပံ့ပိုးပေး ရန် ရပ်ရွာထဲမှ အဓိကဩဇာရှိသူများကို ရှာဖွေဖော်ထုတ်ပါ။<br>- ခွဲခြားဆက်ဆံမှု အတိုင်းအဆကို စောင့်ကြည့် ကြပ်မတ်ပါ။<br>- ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေးနေ့ သတ်မှတ်ပါ။ |
| **မြန်မာနိုင်ငံ၌ ပြည်ပဩဇာလွှမ်းမိုးမှု** | **တာဝန်သိသော ခရီးသွားလုပ်ငန်း ဆော်ဩစည်းရုံးမှုများ တိုးချဲ့ပါ။**<br>- လက်ရှိ အသိပညာပေး စည်းရုံးလှုံ့ဆော်မှုများကို ဖြည့်စွက်သည့် အနေဖြင့် မြန်မာနိုင်ငံတွင် ဘေးကင်းလုံခြုံကာ တာဝန်လည်းသိပြီး ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီသော ခရီးသွားလာမှု ကိုမြှင့်တင်သည့် မီဒီယာကို ထုတ်လုပ်ရန် လူငယ်များနှင့် လက်တွဲပါ။ တိုင်းပြည်၏ မတူကွဲပြားသော ဘာသာရေး ပရဝုဏ်အမျိုးမျိုးတွင် သင့်လျော်မှန်ကန်စွာပြုလုပ်ခြင်းကိုမြှင့်တင်ရန် အဆိုပါ မီဒီယာတွင် ဘာသာပေါင်းစုံမှ ခေါင်းဆောင်များကို ထည့်သွင်းနိုင်ပါသည်။<br>- နယ်ခံ ကျင့်သုံးမှုအလေ့အထများအပေါ် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ စာနာ နားလည်တတ်မှုကို ပံ့ပိုးပေးရန် သင်ရိုး ညွှန်းတမ်းရေးဆွဲပါ။ |
| | - တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်းများကို တိုးချဲ့ နိုင်ရန် စည်းရုံးလှုံ့ဆော်ပါ |

# ကိုးကားစာရင်း


- ဗြိတိသျှကောင်စီ ဘင်္ဂလားဒေ့ရှ် ၂၀၁၅ "မျိုးဆက်သစ်ဘင်္ဂလားဒေ့ရှ် - ၂၀၁၅ ခုနှစ်နှင့် အလွန်"ဗြိတိသျှ ကောင်စီ၊ ULAB ၊ Actionaid

- ဗြိတိသျှကောင်စီ ပါကစ္စတန် ၂၀၀၉ "ပါကစ္စတန် - မျိုးဆက်သစ်"

- ဗြိတိသျှကောင်စီ ယူကရိန်း ၂၀၁၅ "မျှော်လင့်ချက်၊ အကြောက်တရား နှင့်အိပ်မက်များ - ယူကရိန်း မျိုးဆက်သစ်၏ အမြင်များ"

- ကွဲပြားခြားနားမှုနှင့်အမျိုးသားသဟဇာတဖြစ်မှုဆိုင် ရာလေ့လာရေးအဖွဲ့ ၂၀၁၇ "စစ်တမ်းလေ့လာချက် - မြန်မာ့ အပြောင်းအလဲအပေါ် နိုင်ငံသားများ၏ အသံ - ရန်ကုန်" (မထုတ်ဝေရသေး)

- ကွဲပြားခြားနားမှုနှင့်အမျိုးသားသဟဇာတဖြစ်မှုဆိုင် ရာလေ့လာရေးအဖွဲ့ ၂၀၁၇ "စစ်တမ်းလေ့လာချက် - မြန်မာနိုင်ငံတွင် လူမှုရေးသဟဇာတဖြစ်မှုအခြေအနေ - ရန်ကုန်" (မထုတ်ဝေရသေး)

- Danmark , Maria ၂၀၁၃ "လူငယ် ၂၀၁၃ အထူးအစီရင်ခံစာ - နိုင်ငံရေးတွင် လူငယ်များပါဝင်ပတ်သက်မှု" မြန်မာတိုင်းမ် ၊ဖေဖော်ဝါရီ ၂၅

- မြန်မာအစိုးရ နှင့် UNFPA ၂၀၁၃ "အခြေခံကျန်း မာရေးဝန်ထမ်းများအတွက် လူပျိုပေါက်နှင့် လူငယ်များ ရင်းနှီး ကျွမ်းဝင်မှု ရှိသော ကျန်းမာရေး ဝန်ဆောင်မှုလမ်းညွှန်" ကျန်းမာရေးဝန်ကြီးဌာန

- မြန်မာအစိုးရ နှင့် UNFPA ၂၀၁၃ "လူပျိုပေါက်အရွယ်နှင့်လူငယ်များ ကျန်းမာရေး စောင့်ရှောက်မှုအတွက် အမျိုးသား ဝန်ဆောင်မှု စံနှုန်းများနှင့် လမ်းညွှန်ချက်များ" ကျန်းမာရေး ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်

- မြန်မာအစိုးရ နှင့် UNFPA ၂၀၁၇ "နိုင်ငံတဝှန်းလူင ယ်ရေးရာသတင်းအချက်အလက်ဌာနများ - အခြေအနေ လေ့လာ ဆန်းစစ်ချက်အစီရင်ခံစာ ၂၀ ၁၇"ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၊ နေပြည်တော်

- မြန်မာအစိုးရ ၂၀၁၇ "၂၀၁၄ သန်းခေါင်စာရင်း - ကလေးသူငယ်နှင့် လူငယ်ရေးရာ သန်းခေါင်စာရင်း" ပြည်သူ့ အင်အားဦးစီးဌာန၊ အလုပ်သမား၊လူဝင်မှုကြီး ကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၊နေပြည်တော်၊ ၂၉၂

- မြန်မာအစိုးရ ၂၀၁၄ "အားလုံးအတွက်ပညာရေး ၂၀၁၅ အမျိုးသားသုံးသပ်ချက်အစီရင်ခံစာ - မြန်မာ" ပညာရေး ဝန်ကြီးဌာန ၊ နေပြည်တော်

- မြန်မာအစိုးရ ၂၀၁၆ "လူငယ်ထုကျန်းမာရေး အတွက် ၅ နှစ်တာမဟာဗျူဟာစီမံကိန်း (၂၀၁၆ - ၂၀၂၀)" ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ၊ ကျန်းမာရေးဝန်ကြီးဌာန ၊ နေပြည်တော်

- မြန်မာအစိုးရ ၂၀၁၇ "၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်ထောင်စုစာရင်း ရလဒ်များခြုံငုံ သုံးသပ်ချက် - မြန်မာ၊ စစ်တမ်း" ပြည်သူ့အင်အားဦး စီးဌာန၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၊နေပြည်တော် - မြန်မာအစိုးရနှင့် UNFPA

- မြန်မာအစိုးရ ၂၀၁၇ "၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်ထောင်စုစာရင်း - ကလေးသူငယ်နှင့် လူငယ်ရေးရာအစီရင်ခံချက်" ပြည်သူ့အင်အား ဦးစီးဌာန၊ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၊နေပြည်တော် - မြန်မာအစိုးရနှင့် UNFPA

- Grey, Stephen နှင့် Josefine Roos ၂၀၁၄ "မြန်မာနိုင်ငံတွင် လူမှုအသိုင်းအဝိုင်းအချင်းချင်းကြား အကြမ်းဖက်မှု - နိုင်ငံတကာအကူအညီအတွက် အခွင့်အလမ်းနှင့်အန္တရာယ်များ" MercyCorps/ Adapt သုတေသနနှင့်အကြံပေး

- Grizelj, Irena ၂၀၁၇ "မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်း စဉ်တွင် လူငယ်များအတွက်နေရာရှိရမည်" Frontier Myanmar , မတ်လ၊ ၃ ရက်

- Grizelj, Irena ၂၀၁၇ "မြန်မာနိုင်ငံ၏ ဆွေးနွေးပွဲ များနှင့်စေ့စပ်ညှိနှိုင်းရေးများတွင် လူငယ်များ အတွက်နေရာ" ဘာလင် Berghof Foundation Operation GmbH

- သီရိဟန် ၂၀၁၆ "လူငယ်အလုပ်အကိုင်ရှာဖွေသူ များအတွက် ပိုမိုတောက်ပသည့်အနာဂတ်" Frontier Myanmar ၊ ဇူလိုင် ၊ ၂၅ ရက်

- မြန်မာအစိုးရနှင့် ICF "မြန်မာ့လူဦးရေဆိုင်ရာလေ့ လာမှုနှင့် ကျန်းမာရေးစစ်တမ်း ၂၀၁၅ - ၂၀၁၆" ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန ၊နေပြည်တော် ၊ Myanmar and Rockville , Maryland USA

- International Crisis Group ၂၀၁၇ "မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာနှင့် နိုင်ငံတော်အာဏာ" ဘရက်ဆဲလ်၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်။ http://www.burmalibrary.org/docs23/ICG-2017-09-05-buddhism-and-state-power-in-myanmar-red.pdf

- International Projekt Consult GmbH ၂၀၁၅ "လူငယ်နှင့် အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များအ တွက် ဘဏ္ဍာရေးအထောက်အပံ့ရရှိနိုင်မှု" ဖရန့်ဖွတ် ၊ UNIDO

- Joint Peace Fund. n.d. "ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အရင်းအမြစ်များ - လူငယ်" ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်။ https://www.jointpeacefund.org/en/peace-process-resources-youth

- Lopez Cardozo , Mieke , Sean Higgins နှင့် Marielle L.J.Le Mat ၂၀၁၆ "လူငယ်အေဂျင်စီများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု - မြန်မာ၊ ပါကစ္စတန်၊ တောင်အာဖရိက နှင့် ယုဂန်ဒါ တို့မှ တွေ့ရှိချက်များအပေါ် ပုံမှန်နှင့် ပုံမှန်မဟုတ်သော ပညာရေး ပေါင်းစပ်ညှိနှိုင်းမှုအစီရင်ခံစာအပေါ် စိစစ်လေ့လာမှု" အမ်စတာဒမ် - ပညာရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု သုတေသနယာယီပူးပေါင်းအဖွဲ့အစည်း ၊ အမ်စတာဒမ်တက္ကသိုလ်

- လွန်မင်း (မန်း) ၂၀၁၈ "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုကြီးမားသောအခန်း ကဏ္ဍမှပါဝင်ခွင့်ရရေး တိုင်းရင်းသား လူငယ်များ တောင်းဆို" မြန်မာတိုင်းမ် ၊ ဒီဇင်ဘာလ၊ ၁ ရက်

- မြန်မာသတင်းအေဂျင်စီ ၂၀၁၈ "မြန်မာ့လူငယ်ရေးရာမူဝါဒ ထုတ်ပြန်" Global New Light of Myanmar ဇန်နဝါရီလ ၆ ရက်

- မြန်မာ U-Report ၂၀၁၈ "www.myanmar.ureport.in." ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ဝင်ရောက်ကြည့်ရှုခဲ့သည်။

- ငြိမ်းငြိမ်း ၂၀၁၈ "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ရေး လူငယ်များကို အားပေးသင့်ဟု ဆို" The Irrawaddy ၊ ဩဂုတ်လ ၁၃ ရက်

- ပေါင်းစည်းလုပ်ငန်းအဖွဲ့ ၂၀၁၇ "မြန်မာ့ လူငယ်နှင့် နေ့စဉ်ငြိမ်းချမ်းရေး - လူငယ်များ၏ထုတ်ယူသုံးစွဲရခြင်း မရှိသေးသည့် စွမ်းပကားများ မြှင့်တင်ရေး"

- ပညာရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု သုတေသနယာယီပူးပေါင်းအဖွဲ့အစည်း ၂၀၁၆ "ငြိမ်းချမ်းရေး တည်ဆောက်ခြင်းတွင် ပညာရေး၏အခန်းကဏ္ဍ နိုင်ငံအလိုက်အစီရင်ခံစာ - မြန်မာ" အမ်စတာဒမ်၊ UNICEF

- Spohr, Chris ၂၀၁၆ "မြန်မာနိုင်ငံတွင် မူလတန်းလွန်ပညာရေးရလဒ်များမြှင့်တင်ခြင်း" Development Asia (Asian Development Bank)

- ဆွေသဟာလူမှုရေးလုပ်ငန်း ၂၀၁၄ "လူငယ်များ၏အသံများကို မြေပြင်မှငြိမ်းချမ်းရေးလုပ်ငန်းစဉ်သို့ တင်ပြခြင်း - ကယားပြည်နယ်" ရန်ကုန်

- မြင့်မြတ်သူ ၂၀၁၅ "ပိုမိုကောင်းမွန်သည့်အချိန်ပိုင်းအလုပ်များကို လူငယ်များမျှော်လင့် "မြန်မာတိုင်းမ် ၊ ဒီဇင်ဘာလ၊ ၁၅ ရက်

- Track20 ၂၀၁၈ "မြန်မာလူပျိုပေါက်နှင့်လူငယ်များကြား မိသားစုစီမံကိန်းရေးဆွဲခြင်း အတွက် အခွင့်အလမ်းများ ရရှိရေး "ဇွန်လ http://www.track20.org/download/pdf/Youth%20Briefs/Myanmar%20Youth%20Opportunity%20Brief.pdf

- UNDP ၂၀၁၇ "အပြီးသတ်အနှစ်ချုပ်အစီရင်ခံစာ" လူငယ်၊ ငြိမ်းချမ်းရေး နှင့် ဘေးကင်းလုံခြုံမှုအတွက် မြန်မာ အကြံပေး အလုပ်ရုံဆွေးနွေးပွဲ ၊ ရန်ကုန် ၊ UNDP

- UNFPA ၂၀၁၆ "လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးအတွက် ယဉ်ကျေးမှုအတားအဆီးများကို ချိုးဖြတ်ခြင်း - နယ်စပ်ဒေသများတွင် စိန်ခေါ်မှုများကြားမှ လူငယ်များ၏အပြောင်းအလဲဖန်တီးမှုများ" ဇန်နဝါရီလ၊ ၆ ရက် https://myanmar.unfpa.org/en/news/breaking-cultural-barriers-sexual-and-reproductive-health-young-people-creating-change-out

- ၂၀၁၇ "စစ်ဒဏ်ရာများကြားမှ ငြိမ်းချမ်းရေးကိုဖော်ဆောင်သည့် မြန်မာနိုင်ငံမှ လူငယ်များ" ဧပြီလ၊ ၅ ရက် https://myanmar.unfpa.org/en/news/young-people-who-bear-scars-war-build-peace-myanmar

- ထိုက်နန္ဒာဝင်း ၂၀၁၇ "ရန်ကုန်မြို့နယ်များတွင် မူးယစ်ဆေးတိုက်ဖျက်ရေးလှုပ်ရှားမှုများကို လူငယ်များဦးဆောင်" မြန်မာတိုင်းမ် ၊ ဇန်နဝါရီလ၊ ၂၇ ရက်

- World Values Survey ၂၀၁၈ "Public Release: Dataset 'WVS Wave 1 to 6 Key Aggregates' (time-pooled cross section)" ဇွန်လ၊ ၆ ရက်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၊ ၁၀ ရက်တွင် ဝင်ရောက်ကြည့်ရှုခဲ့သည်။ http://www.worldvaluessurvey.org/WVSEventsShow.jsp?ID=367

- n.d. "Who We Are"၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၊ ၁၀ ရက်တွင် ဝင်ရောက် ကြည့်ရှုခဲ့သည်။ http://www.worldvaluessurvey.org/WVSContents.jsp

- Zanini,Yasmin ၂၀၁၇ "ကျား-မ ရေးရာရှုထောင့်အမြင် - မြန်မာ့ ထုံးတမ်းစဉ်လာနှင့် ပြောင်းလဲမှုများကြားမှ လူငယ်တက္ကသိုလ်ကျောင်းသူ အမျိုးသမီးများ၏ လွတ်လပ်ခွင့်" မဟာဘွဲ့ယူစာတမ်း ၊ အမ်စတာဒမ်တက္ကသိုလ်

- Zieger, Leena ၂၀၁၇ "မေ့လျော့ခံများ - မြန်မာ့အပြောင်းအလဲအတွင်းမှ ဒုက္ခသည်လူငယ်များ" The Irrawaddy မတ်လ၊ ၁၁ ရက်





# နောက်ဆက်တွဲ (၁) နည်းစနစ်၊ ချဉ်းကပ်ပုံ

မျိုးဆက်သစ်မြန်မာ လေ့လာချက်အတွက် ကိန်းဂဏန်း အချက်အလက်များကို ၂၀၁၈ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလအတွင်း ကောက်ယူခဲ့ပါသည်။ ကိန်းဂဏန်း အချက်အလက် ကောက်ယူမှု ကာလတလျှောက် လေ့လာချက်၏ အရေအတွက်ပိုင်း နှင့် အရည်အသွေးပိုင်း နည်းတို့အားတချိန်တည်း မလုပ်ဆောင်ခြင်းအားဖြင့် ကနဦး စစ်တမ်းရလဒ်များ က နောက်ပိုင်း ရရှိလာသည့် ဆွေးနွေးစကားဝိုင်းများ၊ အဓိက သတင်းအချက် အလက်ပေးသူ လူတွေ့ မေးမြန်းမှုများ၏ အကြောင်းအရာကို ချိတ်ဆက်စေခဲ့ပါသည်။ (ပုံ-၁ ကို ရှု။) စာအုပ်စာတမ်း သုံးသပ်ချက်၏ နောက်မှ နည်းစနစ် တဆင့်စီ ၏စာပေပိုင်းဆိုင်ရာသုံးသပ်ချက်များကို အောက်တွင် အသေးစိတ်ဖော်ပြထားပါသည်။ ကိန်းဂဏန်း အချက်အလက် ကောက်ယူမှု အဆင့်များ၏ အကျဉ်းချုပ်ကို ယာဘက်ရှိ ပုံတွင် ရှု။

## ကိန်းဂဏန်း အချက်အလက် ကောက်ယူမှု (၁) - စစ်တမ်း

ပထမအဆင့်အနေဖြင့် အိမ်ထောင်စု စစ်တမ်းကို ကောက်ယူခဲ့ပါသည်။


### လူဦးရေဆိုင်ရာ အချက်အလက်

စကြဝဠာ စစ်တမ်း၊ ရိုးရိုးတမ်းတမ်းပြောလျှင် စစ်တမ်းမှ မြန်မာနိုင်ငံ တနံတလျားရှိ အသက် ၁၈ နှစ်မှ ၃၀ နှစ်ကြား လူငယ်များနှင့်ပတ်သက်ပြီး အကြောင်း တစုံတရာ ပြောဆိုရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဤအသက်အပိုင်းအခြားသည် လူငယ်ဟု မြန်မာအစိုးရက ဖွင့်ဆိုထားသော အသက်အပိုင်းအခြားထက် လျော့ပါသည်။ အစိုးရကသာမက မြန်မာ ရပ်လူ့ဖွဲ့/ရွာခံဖွဲ့ အများအပြားက လူငယ်ကို အသက် ၁၅ နှစ်မှ ၃၅ နှစ်ထိဟု ဖွင့်ဆိုကြပါသည်။ ကိန်းဂဏန်းအချက်အလက် ကောက်ယူမှုကို လူဦးရေ၏ နည်းငယ်သောအုပ်စုအပေါ် သာအာရုံစိုက်ရန်၊ သို့မှလည်း သုတေသန ခိုင်လုံမှုအဆင့် မြင့်မားလာစေရန် သုတေသီများက ၁၈ နှစ်မှ ၃၀ အထိ အသက် အပိုင်းအခြားကို လျှော့ချရန် ရွေးချယ်ခဲ့ပါသည်။ သို့ရာတွင် ၁၈ မှ ၃၀ ဆိုသည့် အသက်အပိုင်းအခြားမှာ တကမ္ဘာလုံး လက်ခံထားသည့် အသက် အပိုင်းအခြား မဟုတ်သကဲ့သို့ မြန်မာ အဖွဲ့အစည်းများကြားတွင် ၁၈ မှ ၃၅ ကြား အသက်အပိုင်းခြားထက် အသုံးနည်းသည့်အချက်ကို အသိအမှတ်ပြုလျက် အဓိက သတင်းအချက်အလက်ပေးသူ လူတွေ့မေးမြန်းမှုများ၊ အုပ်စုဖွဲ့ဆွေးနွေးမှုများ ပြုလုပ်သည့် ရှားပါး ဖြစ်ရပ်များတွင် အသက် ၃၀ မှ ၃၅ နှစ် ကြား တွေ့ဆုံမေးမြန်းသူများအား ဤလေ့လာချက်တွင် ထည့်သွင်းထားပါသည်။ အတိအကျဆိုရလျှင် အသက် ၃၁ နှစ် အရွယ် သတင်းအချက်အလက်ပေးသူ အရေအတွက် အနည်းငယ်မျှသာ အစီရင်ခံစာတွင် ပါဝင်ပါသည်။ ထိုအချက်က ရလဒ်များအပေါ် သက်ရောက်မှု ရှိလိမ့်မည်ဟု မယူဆပါ။

မြန်မာနိုင်ငံမှ သုတေသနဟူသမျှ ဇာတိမျိုးနွယ်ကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရပါလိမ့်မည်။ မြန်မာနိုင်ငံတွင် တရားဝင် အသိအမှတ်ပြုထားသော တိုင်းရင်းသား စုစုပေါင်း ၁၃၅ မျိုးရှိပါသည်။ အဆိုပါ ၁၃၅ မျိုးကို မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် အစိတ်အပိုင်း နယ်နမိတ်ပိုင်းခြားသတ်မှတ်ချက်များအဖြစ် ကာလအတန်ကြာကတည်းက ဖော်ပြပြီးဖြစ်ပါသည်။ ဖြစ်နိုင်ချေရှိသော နမူနာပုံစံကို အဆိုပါ ဇာတိမျိုးနွယ် ၁၃၅ မျိုးလုံး ရှိ ဖြေကြားသူ တိုင်းရင်းသား တဦးစီအချင်းချင်းကြား နှိုင်းယှဉ်ခြင်းဖြင့်လည်းကောင်း ခွဲထုတ်ကောင်း ထုတ်နိုင်ပါသည်။ သို့ရာတွင် အကျပ်အတည်း ကန့်သတ်ချက်များ ကြောင့် ထိုသို့သော နမူနာပုံစံမျိုးမှာ မလိုလားအပ်ပေ။ ပထမအချက်မှာ မြန်မာ့နိုင်ငံရေးတွင် ၁၃၅ မျိုးလုံး အနှံ့အပြား ထည့်သွင်းထားသော်လည်း မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာအချက်လက်များတွင် 'တိုင်းရင်းသား ၁၃၅ မျိုး' ကန့်သတ်ချက် ဘောင်သည်မရေရာမသေချာဘဲရှိနေစဲဖြစ်သည်။ ၁၃၅ မျိုးထဲတွင် စာရင်းပေါက်သော တိုင်းရင်းသားအုပ်စုများ ရှိချင်မှ ရှိနိုင်ပါမည်၊ မရှိတော့သည်လည်း ဖြစ်နိုင်ပါသည်၊ ပေါင်းသွားကြ၊ ကွဲသွားကြနိုင်ပါသည်။ ထို့အပြင် ဖြေဆိုသူများသည် စာရင်းဝင် တိုင်းရင်းသားအုပ်စု တခုထက်မကသူ သော်လည်းကောင်း၊ ဘာတိုင်းရင်းသားမှ မဟုတ်သူသော်လည်းကောင်း (ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုဟင်ဂျာဟု ဖော်ထုတ်ထားသော လူအုပ်စုများ၏ ဖြစ်ရပ်နှယ်) ဖြစ်နေနိုင်ပါသည်။ 'တိုင်းရင်းသား ၁၃၅ မျိုး' ကန့်သတ်ချက်ဘောင်ထဲမှ ရေးဆွဲထားသော စစ်တမ်းအား လက်တွေ့မျက်မြင်အရ ခိုင်လုံအောင် မဆောင်ရွက်နိုင်ခင်မှာပင် စစ်တမ်းပုံစံကြောင့် အဆိုပါ မူဘောင်ကို တိကျမှန်ကန်သည်ဟု ယူဆသွားကြပေလိမ့်မည်။

ဒုတိယအချက်မှာ တိုင်းရင်းသား ၁၃၅ မျိုးလုံးအတွက် နမူနာပုံစံမှာ အလွန်စရိတ်ကြီးသွားပါလိမ့်မည်။ စာရင်းအင်း အချက် အလက်အရ ခိုင်လုံသော နမူနာမှန်သမျှတွင် တိုင်းရင်းသားတမျိုးလျှင် ဖြေဆိုသူ အတိအကျအနေဖြင့် အနည်းဆုံး လူ ၃၀ လိုအပ်ပါလိမ့်မည်။ စုစုပေါင်း အနည်းဆုံး နမူနာအရွယ်အစားမှာ အဖျင်းဆုံး လူ ၄,၀၅၀ ထွက်လာပါလိမ့်မည်။ ထို အရေ အတွက်မှာ အနည်းဆုံးသာဖြစ်ပါသည်။ အကောင်းဆုံးမှာ ပါဝင်မည့်တိုင်းရင်းသားမျိုးနွယ်အားလုံးအတွက် ထို့ထက်များပြားသော ဖြေကြားသူ များ ထည့်ရဦးမည်ဖြစ်ပါသည်။ (ဖြေကြားသူ ၁၃၅ x ၂၀၀ = ၂၇,၀၀၀ က ရည်အသွေး အဆင့်မီ နမူနာ အရွယ်အစား ဖြစ်သွားပါလိမ့်မည်။) မျိုးဆက်သစ်မြန်မာ

ပုံ (၁) - လေ့လာချက် အဆင့်ဆင့်



လေ့လာချက်အတွက်မူ အခြားလေ့လာချက်များ နည်းတူ ထိုမျှ များပြားသော နမူနာအရွယ်အစားမှာ လည်းကောင်း၊ ထိုအရွယ်အစားနှင့် ဆက်စပ်နေသော ကုန်ကျစရိတ်မှာလည်းကောင်း ဝန်ပိလွန်းနေပါသည်။ ထို့ကြောင့် မျိုးဆက်သစ်မြန်မာ လေ့လာချက်တွင် မြန်မာနိုင်ငံ၏ သတ်မှတ်ထားသည့် တိုင်းရင်းသား ၁၃၅ မျိုးကို စစ်တမ်း၌ ကိန်းရှင်အဖြစ် ထည့်သွင်းမထားပါ။ သို့ရာတွင် ထိုသို့ဆိုသဖြင့် ပြောင်းလဲနေသော ယနေ့ မြန်မာနိုင်ငံမှ လူငယ်များ ပြောကြသလို ဇာတိမျိုးနွယ်က လူငယ်များ၏ ဘဝတွင် ပါဝင်နေသော အခန်းကဏ္ဍကို ဤလေ့လာချက်က စူးစမ်းထားခြင်းမရှိဟု မဆိုလိုပါ။

## နမူနာ ကောက်ယူခြင်း

အဆင့်စုံနမူနာကောက်ယူသည့် အစီအစဉ်ကို စစ်တမ်းက အသုံးပြုခဲ့ပါသည်။ ၂၀၁၄ ခုနှစ် မြန်မာ့လူဦးရေနှင့် အိမ်ရာ သန်းခေါင်စာရင်းက နမူနာကောက်ယူခြင်း ကန့်သတ်မှုဘောင်အဖြစ် ပံ့ပိုးပေးခဲ့ပါသည်။ ပထမအဆင့်တွင် မြန်မာနိုင်ငံ၏ ပြည်နယ်/တိုင်းဒေသကြီးတို့ကို အလွှာအဖြစ် သုံးခဲ့ပါသည်။ နမူနာ အချိုးအစားကို လူဦးရေ အချိုးအစားနှင့် အချိုးညီအောင် လျာထားသတ်မှတ်ခဲ့ပါသည်။ ဒေသအဆင့် ဆန်းစစ်ရာ၌ တိကျမှုရှိစေရန် သေးငယ်သော ပြည်နယ်/တိုင်းဒေသကြီးတခုလျှင် ဖြေဆိုသူ အနည်းဆုံး လူ ၁၀၀ ရှိအောင် တိုးယူခဲ့ပါသည်။ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်တို့တွင် အစုအဝေး နမူနာ ကောက်ယူခြင်းနည်းကို သုံးခဲ့ပါသည်။ ရှေးဦး စွာ မြို့နယ်များကို ကျပန်းရွေးချယ်ခဲ့ပါသည်။ ထို့နောက် ကျေးရွာအုပ်စုများ၊ ရပ်ကွက်များကို ကျပန်းရွေးချယ်ပါသည်။ ထို့နောက် အဆိုပါ ကျေးရွာအုပ်စု၊ ရပ်ကွက်တို့ထဲမှ အိမ်ထောင်စုများကို စမှတ်မှစပြီး အဆင့်ကျော် ကျပန်း အိမ်ထောင်စု နမူနာ ရွေးယူခဲ့ပါသည်။ အိမ်ထောင်စုတခုစီတွင် သတ်မှတ်ထားသော အသက်အပိုင်းအခြားရှိသူ အိမ်ထောင်စုဝင်များထဲမှ နောက်အကျဆုံး မွေးနေ့ကို ကျပန်းရွေးချယ်နည်းအဖြစ် အသုံးပြုလျက် ဖြေဆိုသူကို ရွေးချယ်ခဲ့ပါသည်။

သင့်လျော်သောနမူနာလူဦးရေပမာဏမှာ ဖြေဆိုသူ ၂,၁၆၀ ဟု တွက်ချက်ရရှိခဲ့ပါသည်။ အောက်ပါ နမူနာကောက်ယူမှု ဇယား နှင့် နှိုင်းယှဉ်ပါ။ နမူနာကောက်ယူမှု အကဲဖြတ်မှတ်တခုစီတိုင်းတွင် လူတွေ့မေးမြန်းမှု အနည်းဆုံး ၁၀ ကြိမ်ပြုလုပ်ခဲ့ပါသည်။ လူတွေ့မေးမြန်းသူများသည် အကဲဖြတ်မှတ် အများအပြားတွင် ၁၀ ကြိမ်မကသော လူတွေ့မေးမြန်းမှုများကို ပြုလုပ်ခဲ့ကြပေရာ နမူနာလူဦးရေပမာဏမှာ ၂,၄၇၄ အထိ တိုးလာခဲ့ပါသည်။ (ကောက်ယူမှုအပြီး စာရင်းအင်းကိန်းကဏန်း အချက်အလက်ချိန်ညှိမှုလုပ်ဆောင်ပါသည်။)

**ဇယား ၂** - ပြည်နယ်/တိုင်းဒေသကြီးအလိုက် နမူနာအရွယ်အစား

| ပြည်နယ် | စုစုပေါင်း လူငယ် လူဦးရေ | လူငယ် လူဦးရေ အချိုး (%) | တွက်ချက်ထားသော နမူနာ အရွယ်အစား | ချိန်ညှိမှု (တိုးမြှင့်) | ချိန်ညှိ ထားသော နမူနာ | PSU အရေအတွက် (တခုစီမှာ ဖြေသူ ၁၀ ဦး) |
|---|---|---|---|---|---|---|
| ကချင် | ၄၁၁၉၆၇ | ၃. ၇ | ၆၂. ၉ | ၃၇ | ၁၀၀ | ၁၀ |
| ကယား | ၆၆၀၀၃ | ၀. ၆ | ၁၀. ၂ | ၉၀ | ၁၀၀ | ၁၀ |
| ကရင် | ၂၈၂၆၀၃ | ၂. ၅ | ၄၂. ၅ | ၅၈ | ၁၀၀ | ၁၀ |
| ချင်း | ၉၀၃၃၇ | ၀. ၈ | ၁၃. ၆ | ၈၆ | ၁၀၀ | ၁၀ |
| စစ်ကိုင်း | ၁၁၅၀၃၃၅ | ၁၀. ၄ | ၁၇၆. ၈ | | ၁၇၇ | ၁၈ |
| တနင်္သာရီ | ၂၉၅၉၇၉ | ၂. ၇ | ၄၅. ၉ | ၅၄ | ၁၀၀ | ၁၀ |
| ပဲခူး | ၁၀၀၆၂၀၄ | ၉. ၁ | ၁၅၄. ၇ | | ၁၅၅ | ၁၆ |
| မကွေး | ၈၀၇၄၄၅ | ၇. ၃ | ၁၂၄. ၁ | | ၁၂၅ | ၁၃ |
| မန္တလေး | ၁၄၂၅၈၆၅ | ၁၂. ၈ | ၂၁၇. ၆ | | ၂၁၈ | ၂၂ |
| မွန် | ၃၉၆၆၃၈ | ၃. ၆ | ၆၁. ၂ | ၃၉ | ၁၀၀ | ၁၀ |
| ရခိုင် | ၄၂၉၀၈၄ | ၃. ၉ | ၆၆. ၃ | ၃၄ | ၁၀၀ | ၁၀ |
| ရန်ကုန် | ၁၈၆၆၀၆၇ | ၁၆. ၈ | ၂၈၅. ၆ | | ၂၈၆ | ၂၉ |
| ရှမ်း | ၁၃၂၃၉၈၀ | ၁၁. ၉ | ၂၀၂. ၃ | | ၂၀၃ | ၂၀ |
| ဧရာဝတီ | ၁၂၇၁၇၉၆ | ၁၁. ၅ | ၁၉၅. ၅ | | ၁၉၆ | ၂၀ |
| နေပြည်တော် | ၂၈၃၀၆၇ | ၂. ၅ | ၄၂. ၅ | ၅၈ | ၁၀၀ | ၁၀ |
| **စုစုပေါင်း** | ၁၁၁၀၇၃၇၀ | ၁၀၀၊ ၁ | ၁၇၀၂ | ၄၅၆ | ၂၁၆၀ | ၂၁၈ |

## ကိန်းဂဏန်းအချက်အလက်ချိန်ညှိခြင်း

တိကျမှု တိုးတက်ကောင်းမွန်စေရန် အသက်အရွယ်၊ ကျား-မ ၊ ပညာအရည်အချင်းတို့နှင့်စပ်လျဉ်းသော စစ်တမ်း ကိန်းဂဏန်းအချက်အလက် အစုံအတွဲတွင် ကိန်းကဏန်း အချက်အလက်ချိန်ညှိမှုလုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းအား နမူနာဘောင် အဖြစ် အသုံးပြုခဲ့ပါသည်။

### စာရင်းအင်း ကိန်းဂဏန်းပိုင်း ယုံကြည်စိတ်ချရမှု

စစ်တမ်းအားလုံးနည်းတူ ဤစစ်တမ်းဖြေဆိုခဲ့သူများမှာ စုစုပေါင်းစစ်တမ်း စကြဝဠာ (သို့) စစ်တမ်းလူဦးရေ၏ နမူနာသာဖြစ်ပါသည်။ ဆိုလိုသည်မှာ အကယ်၍သာ ဖြစ်နိုင်ချေရှိသည့် ဖြေကြားသူ အားလုံးကို လူတွေ့မေးမြန်းခဲ့မည် ဆိုပါလျှင် ကျွန်ုပ်တို့ ရလာမည့် ကိန်းဂဏန်းများသည် ယခုအမှန်တကယ် ရရှိခဲ့သော ကိန်းဂဏန်းများအတိုင်း အတိအကျ ဖြစ်နေမည် မနေမည်ကို ကျွန်ုပ်တို့ အတတ်မသိနိုင်ပါ။ သို့သော် ထိုသို့သော အခြေအနေအရ ရလာမည့် ကိန်းဂဏန်းနှင့် နမူနာ ရလဒ်များကြား ပမာဏ အပြောင်းအလဲကို ကြိုတင်ခန့်မှန်းခြင်းမှာ ဖြစ်နိုင်ပါသည်။ ဆက်လက်ဖော်ပြပါ ကိန်းနှစ်ခုကို သုံးလျက် အဆိုပါ ပမာဏအပြောင်းအလဲကို ကြိုတင်ခန့်မှန်းနိုင်ပါသည်။ ထိုရလဒ်များကို အခြေခံထားသော နမူနာများ၏ အရွယ်အစားကို သိရှိမှုဟူသည့် ကိန်းမှာ တစ်ခု၊ သက်ဆိုင်ရာအဖြေကို ဖြေဆိုသည့် အကြိမ် အရေအတွက်ဟူသည့် ကိန်းမှာ နောက်တစ်ခု ဖြစ်ပါသည်။ ကြိုတင်ခန့်မှန်းမှုကို ပြောင်းလဲနေသည့် ယုံကြည်မှု အဆင့်အမျိုးမျိုးဖြင့် ပြုလုပ်နိုင်ပါသည်။ ယုံကြည်မှုအဆင့် မြင့်လေ၊ ပြောင်းလဲမှု အပိုင်းအခြား များလေပင် ဖြစ်ပါသည်။ နမူနာယူခဲ့သော စစ်တမ်း ရလဒ်များကို အစီရင်ခံရာတွင် အသုံးပြုခဲ့သည့် အစဉ်အလာအရ လက်ခံထားသော ယုံကြည်မှုအဆင့်မှာ ၉၅ % ဖြစ်သလို ဤစစ်တမ်း တွင်လည်း အသုံးပြုသွားပါမည်။ ယုံကြည်မှုအဆင့် ၉၅ % ဆိုသည်မှာ သီးခြားသတ်မှတ်ထားသော အပိုင်းအခြားအတွင်း တန်ဖိုးအစစ် ရှိနေမည့် ၁၀၀ တွင် ၉၅ ဖြစ်သည့် အလားအလာဟု ဆိုလိုပါသည်။

အောက်ပါဇယားသည် နမူနာအရွယ်အစားအမျိုးမျိုးနင့်တကွ ယုံကြည်မှုအဆင့် ခြားနားချက် ၉၅ % ရှိရာခိုင်နှုန်းရလဒ်များ အတွက် ခန့်မှန်းထားသော အပိုင်းအခြားများကို သရုပ်ဖော်ထားပါသည်။ နမူနာကောက်ယူမှု အမှား လက္ခဏာကိုလည်း အောက်ပါ ဇယားတွင်ဖော်ပြထားပါသည်။ စုစည်းမထားသော လွယ်ကူရိုးစင်းသည့် ကျပန်း နမူနာပေါ်တွင်အခြေခံတွက် ချက်ထားပေရာ ဤခြားနားချက်များသည် လက္ခဏာပြသဘောသာဖြစ်လျက် စုစည်းခြင်း၊ ချိန်ညှိခြင်းတို့၏ သက်ရောက်မှု အား ထည့်သွင်းမထားသည်ကို သတိပြုစေလိုပါသည်။

ပမာအားဖြင့် ၂,၄၇၁ ဦးနမူနာဖြင့် ဖြေဆိုသူများ၏ ၃၀ % က သီးခြားအဖြေတစ်ခုပေးသည့် မေးခွန်းအတွက် (စစ်တမ်း လူဦးရေ အကုန်လုံး၊ စီမံကိန်းဒေသများရှိသည့် အသက် ၁၈ နှစ်မှ ၃၀ အတွင်း လူအားလုံးကိုသာ ဤမေးခွန်းမေးခဲ့လျှင် ရရှိလာလိမ့်မည့်) ထိုအဖြေ၏ တန်ဖိုးအစစ်က ၂၈.၂ % မှ ၃၁.၈ % ကြားတွင် ဖြစ်မည့် အလားအလာမှာ ၉၅ မှ ၁၀၀ ကြားဖြစ်သည်။

နမူနာအတွင်းမှ သီးခြားအုပ်စုများကြား ရလဒ်များကို နှိုင်းယှဉ်သောအခါ ရလဒ်သည် အဆိုပါ အုပ်စုခွဲများကြား သဘောထားအမြင်များ အမှန်တကယ် ခြားနားမှုကို ပြနေနိုင်သလို ယင်းတို့မှာ မတော်တဆ ပေါ်လာခြင်းသာ ဖြစ်ပြီး ပြည့်စုံခိုင်လုံမှု မရှိခြင်းလည်း ဖြစ်နိုင်ပါသည်။ ခြားနားမှုသည် အမှန်လော၊ အကန့်အသတ်နှင့်သာရှိနေသော ကျွန်ုပ်တို့၏ နမူနာများကြောင့် ပေါ်ပေါက်သလော ဆိုသည်ကို စမ်းသပ်ခြင်းမှာလည်း တူညီသည့် ကိန်းများ ဖြစ်သည့် နမူနာခွဲများ၏ အရွယ်အစား၊ အဖြေတစုံတရာကို ရွေးချယ်သည့် ဖြေဆိုသူ ရာခိုင်နှုန်း၊ ရွေးချယ်ထားသည့် ယုံကြည်မှု

**ဇယား ၃** - နမူနာအရွယ်အစားအပေါ် အခြေခံသည့် ယုံကြည်မှုအဆင့် ခြားနားချက် လက္ခဏာ

| **နမူနာ အရွယ်အစား** | **ဥပမာ** | **စစ်တမ်းတုံ့ပြန်ချက်** | | | | |
|---|---|---|---|---|---|---|
| | | **၅၀%** | **၆၀% (သို့) ၄၀%** | **၇၀% (သို့) ၃၀%** | **၈၀% (သို့) ၂၀%** | **၉၀% (သို့) ၁၀%** |
| | | **pp** | **pp** | **pp** | **pp** | **pp** |
| ၁၀၀ | ပိုသေးတဲ့ ဒေသက လူဦးရေ | ၉.၈ | ၉.၇ | ၉.၀ | ၇.၉ | ၅.၉ |
| ၂၀၀ | ပိုကြီးတဲ့ ဒေသက လူဦးရေ | ၆.၉ | ၆.၈ | ၆.၄ | ၅.၆ | ၄.၂ |
| ၅၀၀ | နမူနာ အုပ်စုခွဲ ဥပမာ အဆင့်မြင့် ပညာရှိသူများ | ၄.၄ | ၄.၃ | ၄.၀ | ၃.၅ | ၂.၆ |
| ၁,၀၀၀ | နမူနာ အုပ်စုခွဲ ဥပမာ မိန်းမ | ၃.၁ | ၃.၀ | ၂.၈ | ၂.၅ | ၁.၉ |
| ၂,၄၇၁ | စစ်တမ်းနမူနာ အပြည့် | ၂.၀ | ၁.၉ | ၁.၈ | ၁.၆ | ၁.၂ |

အတိုင်းအဆ စသည်တို့အပေါ်တွင် မူတည်ပါသည်။ အောက်ပါဇယားကွက်သည် (ဒေသဖြစ်စေ၊ အသက်အရွယ်အုပ်စု အမျိုးမျိုးဖြစ်စေ တို့နှယ်) အဖွဲ့ခွဲအမျိုးမျိုးကြား ခြားနားမှုသည် အစစ်အမှန်လော၊ မပြီး ပြည့်စုံ ခြင်းဟူသည့် သမားရိုးကျ ယုံကြည်မှုအဆင့် ၉၅ ကို ပြနေပါသည်။

ဇယား ၃ - နမူနာအရွယ်အစား၊ အဖွဲ့ခွဲတို့အပေါ် အခြေခံသည့် ယုံကြည်မှုအဆင့် ခြားနားချက် လက္ခဏာ

ဥပမာအားဖြင့် နမူနာ ၁၀၀ ရှိ (က) ဒေသတွင် ပေးထားသောမေးခွန်းအတွက် အဖြေမှာ ၅၀ % ဖြစ်သလို ရည်ရွယ်ချက်မှာလည်း (နမူနာအရွယ်အစား ဖြေဆိုသူ ၁၀၀ ဦး ရှိ) (ခ) ဒေသမှ အဖြေနှင့် နှိုင်းယှဉ်ရမည်ဆိုသော် ၃၆.၁ % အောက်ဖြစ်စေ ၆၃.၉ % အထက်ဖြစ်စေ ရှိနေသည့် မည်သည့်ရလဒ် ကမဆို ဖြစ်နိုင်ချေ ၉၅ % ဖြင့် ထိုဒေသနှစ်ခုတွင် နေထိုင်သူများ၏ သဘောထားအမြင်များကို အမှန်တကယ် မြင်နိုင်သောခြားနားမှုဖြင့် ပြပါလိမ့်မည်။ ၃၆.၁ % နှင့် ၆၃.၉ % ကြားမှ မည်သည့်ရလဒ်မဆို (က) ဒေသ နှင့် (ခ) ဒေသကြား ကိန်းဂဏန်းစာရင်းအင်းအရ သိသာသော ခြားနားမှုကို ပြလိမ့်မည် မဟုတ်ပေ။ တဖက်မှလည်း အုပ်စု တစုစီတွင် ဖြေဆိုသူပိုများသည့် ကျား-မကွဲပြားမှု အုပ်စုကြား နှိုင်းယှဉ်မှု ပြုလုပ်သော အခါ ခြားနားမှု မပြီးမပြတ်ဖြစ်နေသော အလျားအတာမှာ သေးငယ်သွားပါသည်။ အလားတူပင် ၀ % မှ ၁၀၀ % (၅၀ % မှာ 'အစွန်းမဟုတ်' ဖြစ်သည်) ဟူသည့် အစွန်းနှစ်ဖက်ထံ အဖြေ ဖြန့်ဝေမှုသည် သေးငယ်သည့် အလျားအတာကို ရလာစေ ပါသည်။ ဥပမာအားဖြင့် အမျိုးသမီးများကြားတွင် မေးခွန်းတခုကို တုံ့ပြန်မှုမှာ ၈၀ သော်လည်းကောင်း၊ ၂၀ % သော်လည်းကောင်း ဖြစ်သလို ရည်ရွယ်ချက်မှာလည်း ယင်းကိန်းကို အမျိုးသားများ၏ တုံ့ပြန်မှုနှင့် နှိုင်းယှဉ်ရန်ဆိုပါက ၇၆.၈ % အောက်နှင့် ၈၃.၂ % အထက် မည်သည့်ရလဒ်ကမဆို ၉၅ % ဖြစ်နိုင်ချေဖြင့် အမျိုးသမီးများ၏အမြင်နှင့် အမျိုးသားများ၏ အမြင်တို့ကြား အမှန်တကယ် မြင်နိုင်သော ကွဲပြားခြားနားမှုကို ပြနေပါလိမ့်မည်။

အစီရင်ခံစာတခုလုံးတွင် ခြွင်းချက်အနည်းငယ်မှလွဲ၍ ကိန်းဂဏန်းစာရင်းအင်းအရ ထင်ရှားသောရလဒ်များကိုသာ တင်ပြသွားပါမည် ။

## အချက်အလက်ကောက်ယူမှု၊ ဘာသာစကား

အချက်အလက်များကို စက္ကူ မင်တံ လူတွေ့မေးမြန်းမှု (စက်မင်တွေ့မေး) ဖြင့်ကောက်ယူခဲ့ပါသည်။ စက်မင်တွေ့မေးသည် စိတ်ချရမှုအမှားအယွင်း ပိုများနိုင်ချေ နှင့် ဆက်စပ်သော်လည်း ရောက်ရှိရန် ခက်ခဲသော နယ်မြေတွင် အားသာချက်များရှိပါသည်။ အင်ထာနက် သုံးစွဲနိုင်ရန်မလိုဘဲ မှီခိုမှု လုံးဝကင်းရှင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်သလို အမြင်နှင့်ပင် တန်ဖိုးကြီးနေသော ပစ္စည်းများကြောင့် အန္တရာယ် ဖြစ်နိုင်ချေကိုလည်း စာရင်းကောက်သူများ မကြုံရနိုင်တော့ပါ။ ကိန်းဂဏန်းအချက်အလက် ကောက်ယူပြီးနောက် ရန်ကုန်ရှိ အချက်အလက် မှတ်တမ်းတင် သူများက အဆိုပါ ကိန်းဂဏန်း အချက်အလက်များကို ကုဒ်အဖြစ် ပြောင်းယူပါသည်။

ဖြေဆိုသူများအတွက် သက်သောင့်သက်သာ အဖြစ်ဆုံး ဘာသာစကားဖြင့် ကောက်ယူသောအခါ ကိန်းဂဏန်း အချက် အလက်များမှာ စိတ်အချရ ဆုံးဖြစ်သလို တိကျမှုရှိပါသည်။ မြန်မာနိုင်ငံ၏ ဘာသာစကားစုံလင်ကွဲပြားမှုကို အသိအမှတ်ပြုလျက် မြန်မာ (ဗမာ) စကားက အဆင်မပြေလှသည့် အခါများတွင် နယ်ခံ ဘာသာစကားကျွမ်းကျင်သော ကောက်ယူသူများက စစ်တမ်းကို ကောက်ယူခဲ့ ပါသည်။ ဖြေဆိုသူများ မေးခွန်းလွှာကို ဖြေဆိုကြရာတွင်လည်း အဆင်ပြေ ချောမွေ့အောင် အဆိုပါကောက်ယူသူများက ကူညီပေးနိုင်ခဲ့ကြ ပါသည်။ ဤစနစ်ကြောင့် မေးခွန်းများအတွက် စကားလုံး အသုံးအနှုန်းတွင် ကွဲလွဲချက်တချို့ ရှိနိုင်သည့် အန္တရာယ်ရှိလင့်ကစား သက်ဆိုင်ရာ မေးခွန်းအားလုံးကို ဘာသာပြန်ရန်မှာမူ မဖြစ်နိုင်/ လက်တွေ့မကျဟု ယူဆခဲ့ကြပါသည်။ သက်ရောက်မှုကို လျှော့ချသည့် အနေဖြင့် မေးခွန်းများကို ရည်ရွယ် ရင်းအတိုင်း မလွဲမသွေ နားလည်စေရန် သုတေသနရည်ရွယ်ချက်များအား ကောက်ယူသူများကို ကျကျနန လေ့ကျင့် သင်ကြားပေးခဲ့ကြပါသည်။

**ဇယား ၄** - နမူနာအရွယ်အစား၊ အဖွဲ့ခွဲတို့အပေါ် အခြေခံသည့် ယုံကြည်မှုအဆင့် ခြားနားချက် လက္ခဏာ

| အုပ်စုခွဲ နမူနာများ၏ အရွယ်အစား | ဥပမာ | စစ်တမ်းတုံ့ပြန်ချက် | | | | |
|---|---|---|---|---|---|---|
| | | ၅၀% | ၆၀% (သို့) ၄၀% | ၇၀% (သို့) ၃၀% | ၈၀% (သို့) ၂၀% | ၉၀% (သို့) ၁၀% |
| | | pp | pp | pp | pp | pp |
| ၁၀၀ နဲ့ ၁၀၀ | ဒေသငယ် နှစ်ခု | ၁၃.၉ | ၁၃.၆ | ၁၂.၈ | ၁၁.၁ | ၈.၄ |
| ၂၀၀ နဲ့ ၂၀၀ | ပိုကြီးတဲ့ ဒေသနှစ်ခု | ၉.၈ | ၉.၆ | ၉.၀ | ၇.၉ | ၅.၉ |
| ၅၀၀ နဲ့ ၅၀၀ | ပညာရေး အုပ်စုခွဲ နှစ်ခု | ၆.၂ | ၆.၁ | ၅.၇ | ၅.၀ | ၃.၇ |
| ၁,၂၀၀ နဲ့ ၁,၂၀၀ | ကျား-မ နှိုင်းယှဉ်ချက် | ၄.၀ | ၃.၉ | ၃.၇ | ၃.၂ | ၂.၄ |

### ကိန်းဂဏန်းအချက်အလက်ကောက်ယူသူများ၊ ဖြန့်ကျက်နေရာချထားပုံ

သုတေသနပုံစံနှင့် စပ်လျဉ်းပြီး လေ့ကျင့်သင်ကြားထားသလို မြန်မာနိုင်ငံ၌ သုတေသန အတွေ့အကြုံရှိသူ အများအပြား ထဲမှ ကောက်ယူသူများကို ရွေးချယ်ခဲ့ပါသည်။ ကောက်ယူသူများထဲတွင် ကျား-မ နှစ်မျိုးစလုံးလည်း ပါဝင်၊ ဇာတိမျိုးနွယ် အရလည်းကောင်း၊ ဘာသာရေးအရလည်းကောင်း ကျယ်ပြန့်သော နောက်ခံအသီးသီးမှလည်း ဖြစ်နေလေအောင် အထူး အလေးထားခဲ့ပါသည်။ ထို့နောက် ရွေးချယ်ထားသော ကောက်ယူသူများကို ကွဲပြားသဟာအဖွဲ့၏သုတေသနအဖွဲ့က ထပ်မံ လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။

ကွင်းဆင်းရာတွင် ကိုယ်တိုင်အတွေ့အကြုံရှိကာ လေ့ကျင့်သင်ကြားမှုလည်း ရရှိထားသော ကောက်ယူသူများဖြစ်သည့် ကွဲပြားသဟာအဖွဲ့ ကွင်းဆင်းအရာရှိတဦး ကြီးကြပ်မှုအောက်မှ ငါးဦးပါအဖွဲ့ လေး ဖွဲ့အနေဖြင့် သွားလာဆောင်ရွက်ကြပါသည်။ ထိုအဖွဲ့များသည် လိုအပ်သည့်အခါ နယ်ခံရပ်ရွာများမှ နောက်တိုး ကောက်ယူသူများ ငှားရမ်းထားရှိပါသည်။ (ပုံ ၃ ကို ရှု။)

ပြင်လွယ်ပြောင်းလွယ်သည့် ဝန်ထမ်းခန့်ထားမှုပုံစံရှိမှုဖြင့် အဖွဲ့တိုင်းသည် စစ်တမ်းကောက်ယူသည့် ဒေသ၏ ဆက်စပ်အခြေအနေအသီးသီးကိုနားလည်သည့် အသိပညာ အစဉ်ရှိနေအောင် ဤပုံစံက သေချာ လုပ်ဆောင်ထားပါသည်။

စာရင်းကောက်ယူအသင်း၏ ဖွဲ့စည်းပုံ



## အရည်အသွေး ယုံကြည်စိတ်ချရမှု

ငွေ့စီတိုင်ဖွဲ့၊ ကွဲပြားသဟဖွဲ့တို့က စစ်တမ်း၏ အရည်အသွေးကို နည်းလမ်း ၃ သွယ်ဖြင့် ယုံကြည်စိတ်ချရကြောင်း တာဝန်ယူပါသည်။ ပထမဆုံးမှာ ကောက်ယူသူများအနေဖြင့် မိမိတို့ကောက်ယူသည့် ကိန်းဂဏန်း အချက်အလက်များ၏ တန်ဖိုးကို မလွဲမသွေ နားလည်ကြစေရန် အရည်အချင်းပြည့်ဝပြီးဖြစ်သည့် ထိုသူများအား မျိုးဆက်သစ်မြန်မာ လေ့လာချက် အတွက် အထူး စီမံဖန်တီးထားသည့် သုတေသန တန်ဆာပလာ[17] ကို ထပ်မံ လေ့ကျင့်သင်ကြားပေးထားပါသည်။ ဒုတိယမှာ အလွှာလိုက်ထားရှိသော ကောက်ယူမှု ကွင်းဆင်းပုံစံတွင် လုပ်ငန်းဆောင်ရွက်နေစဉ်မှာပင် အရည်အသွေး ယုံကြည်စိတ်ချရမှုကိုလည်းကောင်း၊ တဖွဲ့လုံးကို မဟုတ်ဘဲ အဖွဲ့သား အနည်းငယ်မျှ ကိုသာ 'ခပ်သွက်သွက် ပြန်စစ်ခြင်း' ကိုလည်းကောင်း ဆောင်ရွက်နိုင်ရန် ကောက်ယူသည့်အဖွဲ့ တဖွဲ့ချင်းစီ၌ ကွင်းဆင်းအရာရှိ ထားရှိခြင်းအားဖြင့် ကုဒ်ပြောင်းရန် အတွက် ရရှိလာသော ကိန်းဂဏန်းအချက်အလက်များ၏ အရည်အသွေးကို အားကောင်းလာစေခဲ့ပါသည်။ တတိယမှာ မတိကျမှုများ၊ မှုမမှန်မှုများကို စူးစမ်းရှာဖွေသည့် ကွင်းဆင်းမန်နေဂျာက ကိန်းဂဏန်း အချက်အလက် ကောက် ယူမှု အားလုံးကို ကြီးကြပ်ပါသည်။ ထို့နောက် မတိကျမှု နှင့် ပုံမှန်မဟုတ်သော တစုံတရာ တွေ့ရှိပါက ကွင်းဆင်းအဖွဲ့များက ကိုင်တွယ် ဖြေရှင်းခဲ့ပါသည်။ ထိုကဲ့သို့ မတိကျမှုများကို အချက်အလက်များကို ကုဒ်ပြောင်းသည့် သုတေသနအဖွဲ့ဝင်များကလည်း တွေ့ရှိနိုင်ပါသည်။ တွေ့ရှိလျှင် ထိုသူတို့က လူတွေ့မေးမြန်းမှုများမှာ လုပ်ထုံးလုပ်နည်းများအတိုင်း အမှန်တကယ် ဟုတ် မဟုတ် သေချာအောင် ဖုန်းဆက် စစ်ဆေးပါသည်။ နောက်ဆုံးတွင် ကောက်ယူခဲ့သော ကိန်းဂဏန်း အချက်အလက် အားလုံးတသမတ်တည်းဖြစ်နေစေရန် ဒုတိယ အဖွဲ့ခေါင်းဆောင် Morten Nygaard Christensen က ပြန်လှန်သုံးသပ်ခဲ့ပါသည်။

## အကန့်အသတ်များ

ဖြစ်စဉ် အများစုတွင် မိုးရာသီ၌ မိုးသည်းထန်မှုကြောင့် သွားလာရေး အဆင်မပြေမှုများကြောင့် အချက်အလက် ကောက်ယူမှု နှောင့်နှေးခဲ့ပါသည်။ ထိုသို့နှောင့်နှေးမှုများရှိသော်လည်း ကောက်ယူသူများသည် နမူနာရေးဆွဲခြင်း အစီအမံတွင် သတ်မှတ်ထားသည့် စစ်တမ်းနေရာများဆီသို့ နောက်ဆုံးတွင် ရောက်နိုင်ခဲ့ကြပါသည်။ ကြိုတင်သတ်မှတ်ထားခဲ့ပြီးဖြစ်သည့် သီးခြား ကျေးရွာများ၊ ရပ်ကွက်များမှာ လူတယောက်မှ မရှိတော့ခြင်းကြောင့်ဖြစ်စေ၊ နာမည်ပြောင်းလိုက်ခြင်း ကြောင့်ဖြစ်စေ မရှာဖွေနိုင်တော့သည့်အဖြစ်မှာ မဆိုစလောက် နည်းပါးလှသောခြင်းချက်ဖြစ်ပါသည်။ ဖြစ်ရပ် ငါးခုခန့်တွင် စစ်တမ်း ကောက်ခံသည့်ယူနစ်ကို နမူနာ ပြန်လည်ရေးဆွဲရန် လိုအပ်ခဲ့ပါသည်။ ထိုသို့ နမူနာပြန်လည် ရေးဆွဲပြီးသည့်အခါ မူလ နမူနာရေးဆွဲခြင်း လုပ်ထုံးလုပ်နည်း အတိုင်း လိုက်နာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ဒေသတချို့တွင် တိုက်ပွဲများဖြစ်ပွားနေခြင်းကဖြစ်စေ၊ ခရီးသွားလာခွင့်ကန့်သတ်တားဆီးထားခြင်းတို့က ဖြစ်စေ သုတေသနလုပ်ဆောင်မှုကို အခက်တွေ့စေခဲ့ပါသည်။ ပိုကြီးသောပြဿနာက တော့ အဆိုပါနယ်မြေများတွင် နေထိုင်သူများက အများစု မှ ထူးထူး ခြားခြား ကွာခြားသည့် သူတို့၏ ဘဝအခြေအနေကို ပြောပြခဲ့ကြပေရာ သူတို့ကို အာရုံစိုက်ရန် မဖြစ်မနေ လိုအပ် သွားသည်အထိ ဖြစ်ခဲ့ပါသည်။ ကွဲပြားသဟအဖွဲ့၏ ကွန်ရက်များ၊ သွားရောက်နိုင်ခွင့်များကြောင့် ကန့်သတ်တားဆီးမှုကို ရင်မဆိုင်ခဲ့ရပါချေ။ မည်သို့ပင်ဆိုစေကာမူ အသုံးပြုခဲ့သည့် ကျပန်း နမူနာကောက်ယူမှုကြောင့် ပဋိပက္ခ အများဆုံးနယ်မြေများမှာ နမူနာကောက်ယူရန် လိုသည်ထက် လျော့နည်း နေခဲ့ပါသည်။ (ဆွဲထုတ်ထားသော PSU များမှာ အဆိုပါနယ်မြေများ၏ ပြင်ပတွင် ကျရောက်သည်)။ ပဋိပက္ခဒဏ်ခံနေရသော နယ်မြေ များကို ကိုယ်စားပြုသည့် လူငယ်များ၏အသံ အရေးပါပုံကို အသိအမှတ်ပြုလျက် ရန်ကုန်နှင့်တကွ အခြားနေရာများမှ အဓိက သတင်း အချက်အလက် ပေးသူများနှင့် လူတွေ့မေးမြန်းမှုများ၊ အုပ်စုဖွဲ့ဆွေးနွေးမှုများမှတဆင့် ထိုသို့သော ဒေသများမှ လူငယ် များနှင့် ညှိနှိုင်း တိုင်ပင်ခြင်း ကို သုတေသနအဖွဲ့က ဆောင်ရွက်ခဲ့ပါသည်။

ဤလေ့လာချက်အရ ပြုလုပ်ခဲ့သော စစ်တမ်းက နိုင်ငံတဝှမ်းရှိ အသက် ၁၈ နှစ်မှ ၃၀ ကြား လူပေါင်း ၂,၄၇၃ ဦးကို စစ်တမ်းကောက်ယူခဲ့ပါသည်။ ကျား-မ၊ အသက်၊ ပညာရေး၊ ဝင်ငွေ၊ ကိုးကွယ်ရာ ဘာသာနှင့်တကွ အခြားအရေးပါသည့် လူဦးရေဆိုင်ရာအချက်အလက်များအရ တခုစီ ခွဲခြားထားသော ကိန်းဂဏန်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာ နိုင်စေသည့် နမူနာ ရရှိရန်မှာ စစ်တမ်း၏ ရည်ရွယ်ချက် ဖြစ်ပါသည်။ ထိုနမူနာကို အဆင့်ပေါင်းစုံ အလွှာလိုက်ခွဲခြားလျက် တူရာစုထားသည့် နမူနာပုံစံမှတဆင့် ရေးဆွဲထားပါသည်။ တနိုင်ငံလုံး ကိုယ်စားပြုမှုကို ရရှိရန်ရည်ရွယ်သော်လည်း မြန်မာ နိုင်ငံကဲ့သို့ အမျိုးစုံကွဲပြားကာ ပထဝီဝင်အနေအထားအရ ထူးခြားသော နိုင်ငံတွင် အောက်ခြေအဆင့်များရှိ သီးခြား အသိုင်းအဝိုင်းများ (ဥပမာ - ကိုးကွယ်သည့်ဘာသာ၊ ဇာတိမျိုးနွယ်) ကို ကိုယ်စားမပြုနိုင်သည့် အချက်ကို ရှောင်လွှဲ၍ မရနိုင်ပါ။

ထို့အပြင် စစ်တမ်းဖြေဆိုသူများအား သူတို့၏ သီးခြား ဇာတိမျိုးနွယ်သရုပ်လက္ခဏာ (ဘာတိုင်းရင်းသားလဲဆိုသည်) ကို ပြောပြရန် မမေးခဲ့ကြပေ။ ယင်းအစား သူတို့ဒေသများတွင် သူတို့သည် လူများစု တိုင်းရင်းသားလော၊ လူနည်းစုတိုင်းရင်း သားလောဆိုသည်ကိုသာ မေးမြန်းခဲ့ပါသည်။ သို့ဖြစ်ရာ တချို့ဖြစ်ရပ်များတွင် နိုင်ငံသား လူနည်းစု တိုင်းရင်းသားက ဒေသခံ လူများစု ဖြစ်နေသော ဒေသတွင် ဗမာလူငယ်တဦး နေထိုင်နေပါက ထိုဗမာအား လူနည်းစုတိုင်းရင်းသား အဖြစ် သတ်မှတ်လိုက်ခြင်းမျိုး ဖြစ်သွားနိုင်ပါသည်။ ထိုသို့သော ဖြစ်ရပ်များမှာ အရေအတွက်အားဖြင့် အနည်းငယ်မျှသာ ရှိမည်ဟု သုတေသနအဖွဲ့က ယုံကြည်ပါသည်။ တချို့ဖြစ်ရပ်များတွင် လူနည်းစု တိုင်းရင်းသားဟူသော တရားဝင်အနေအထား ဖြင့် ခွဲထုတ်ထားသော ကိန်းဂဏန်းများကို ထိန်းချုပ်တားဆီးပစ်လိုက်သည့် အကျိုးဆက် ရှိနေနိုင်ပါသည်။

အဆိုပါ အကန့်အသတ်များ ကြားမှပင် ဤအစီရင်ခံ ချက်တွင် တင်ဆက်ထားသော တွေ့ရှိချက်များသည် မြန်မာနိုင်ငံ တဝှမ်းမှ လူငယ်များ၏ သဘောထား အမြင်ကို တိုင်းတာရန် မကြုံစဖူး ထူးခြားလှသည့် ပထမဆုံးသော အားထုတ်မှုဖြစ်သည်ဟု သုတေ သနအဖွဲ့က ယုံကြည်မှုနေပါသည်။ အဖွဲ့၏ နည်းစနစ်သည်လည်းကောင်း၊ တွေ့ရှိချက်များသည် လည်းကောင်း ယနေ့ ခေတ် မြန်မာလူငယ်များ၏ ဦး စားပေးမှုများနှင့်စပ်လျဉ်းပြီး လူသိရှင်ကြား ထုတ်ဖော်ပြောဆိုမှုများကို ဖော်ပြနေနိုင်သလို နောက်ပိုင်း လူငယ် သဘောထားအမြင် သုတေသန တွင်လည်း ဆက်လက် မွမ်းမံသွားနိုင်ပါလိမ့်မည်။

## စမ်းစစ်လေ့လာချက် (၁)- ပြန်လည်အကဲဖြတ်ချက်

စစ်တမ်းတွေ့ရှိချက်များ [18]ကို အသုံးပြုပြီး နောက်ထပ် စူးစမ်းလေ့လာမှု ခေါင်းစဉ်များကို သတ်မှတ် ဖော်ထုတ်ကာ စီမံကိန်းလုပ်ငန်းအဖွဲ့နှင့် ဆွေးနွေးခဲ့သော ပြန်လည်အကဲဖြတ်ချက် အစီရင်ခံစာတွင် တင်ဆက်ထားပါသည်။ စီမံကိန်း လုပ်ငန်းအဖွဲ့၏ ဆွေးနွေးပွဲပိုးမှုကို အခြေခံ၍ နောက်ပိုင်း အဓိက သတင်းအချက်အလက်ပေးသူ လူတွေ့ မေးမြန်းမှု၊ အလေးထား အုပ်စု ဆွေးနွေးပွဲ များအတွက် လူတွေ့မေးမြန်းမှု လမ်းညွှန်ချက်များကို ပြင်ဆင်ခဲ့ပါသည်။ အဆိုပါ လမ်းညွှန်ချက်များ မလွဲမသွေ လျော်ကန် ဆီလျော်နေစေရန် ဒေသအသီးသီးမှ ကွင်းဆင်းဝန်ထမ်းများနှင့် စမ်းသပ်ခဲ့ပါသည်။

17 > Research tool ကို တိုက်ရိုက်ပြန်ဆိုထားတာ ဖြစ်ပါတယ်။ အမှန်ကတော့ သုတေသနလုပ်ရာမှာ အသုံးပြုရမယ့် ပုံစံတွေ၊ မေးခွန်းလွှာတွေ၊ မေးခွန်းတွေကို ဆိုလိုပါတယ်။ ကိရိယာတန်ဆာပလာရယ်လို့ မြန်မာလို ဖတ်ရတာတော့ နည်းနည်း ထောင့်နေပါလိမ့်မယ်။

18 > လူမှုဝန်ထမ်းဝန်ကြီးဌာန၏ ကျင့်ဝတ်ပိုင်း သုံးသပ်မှု ဘုတ်အဖွဲ့ထံမှ ခွင့်ပြုချက်ရအောင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် ပေါ်ပေါက်ခဲ့သော ဖင့်နွှဲမှု ကြောင့် နမူနာအပြည့်၏ ထက်ဝက်သာရှိသည်မှ ရလဒ်ကို အသုံးပြုသည့် ပြန်လှန်အကဲဖြတ်ခြင်းကို လုပ်ဆောင်ရန် လိုအပ်ခဲ့ပါသည်။ ဤနမူနာခွဲနှင့် နမူနာအပြည့်တို့ကြားမှ ခြားနားချက်များမှာ ထူးထူးခြားခြား အရေးပါလှသည်ဟုမူ သက်သေမပြနိုင်ပါ။

## အချက်အလက် ကောက်ယူခြင်း (၂) - အဓိက သတင်းအချက်အလက် ပေးသူ လူတွေ့မေးမြန်းမှုများ၊ အလေးထား အုပ်စုဆွေးနွေးပွဲများ

အဓိက သတင်းအချက်အလက်ပေးသူ လူတွေ့မေးမြန်းမှု (ဓိပေးမေး)၊ အလေးထားအုပ်စုဆွေးနွေးပွဲများ(လေးအုပ်ဆွေး) များကို ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလကြားတွင် ပြုလုပ်ခဲ့ပါသည်။ ပြန်လှန်အကဲဖြတ်မှု အဆင့်တဆင့်ချင်းစီတွင် နောက်ထပ် စူးစမ်းလေ့လာရန် ဖော်ထုတ် တွေ့ရှိရသည့် တွေ့ရှိချက်များအပေါ် အထူး အလေးထားလျက် လူငယ် အတွေ့အကြုံများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို သေသေချာချာ စုဆောင်းနိုင်ခဲ့ပါသည်။

လေးအုပ်ဆွေးများကိုရော ဓိပေးမေးများကိုပါ အဓိကအားဖြင့် အကြီးတန်း မြန်မာသုတေသနဝန်ထမ်းများက  ပံ့ပိုးကူညီခဲ့သည့်အပြင် အမာခံ သုတေသနအဖွဲ့၏ တခြားအဖွဲ့ဝင်များလည်း ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ နည်းစနစ်ပိုင်း ကျွမ်းကျင်သူလည်းဖြစ်၊ ကွင်းဆင်း မန်နေဂျာလည်းဖြစ်သည့် Constant Courtin ၊ ဒုတိယအဖွဲ့ခေါင်းဆောင် Morten Nygaard Christensen တို့လည်း လိုအပ်သည့်အခါတွင် ပါဝင်ခဲ့ကာ ထိုသို့ပါဝင်သည့်အခါတွင် ဘာသာပြန် ဝန်ထမ်းများက အဖွဲ့နှင့် အတူ လိုက်ပါခဲ့ပါသည်။

### အလေးထား အုပ်စုဆွေးနွေးပွဲ (လေးအုပ်ဆွေး)

လေးအုပ်ဆွေး ၁၀   ကြိမ်ပြုလုပ်ခဲ့ပြီး တပွဲလျှင် သုံးနာရီဝန်းကျင်ကြာမြင့်ခဲ့ကာ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်များ တိုက်ကျွေးခဲ့ပါသည်။ သင့်တော်သော အစည်းအဝေးနေရာများကို ရှာဖွေဖော်ထုတ်ကာ လိုအပ်ပါက ငှားရမ်းခဲ့ပါသည်။ ဆွေးနွေးပွဲများမှာ ရင်းနှီးဖော်ရွေသောပုံစံဖြင့် ဖြစ်ပါသည်။ ကြိုတင်ပြင်ဆင်ထားသော မေးခွန်းလွှာများနှင့်အညီ ဆောင်ရွက်ခဲ့သလို အဆက် မပြတ် ချောချောမွေ့မွေ့ ဆွေးနွေးရန် အားပေးသည့်အနေဖြင့် နောက်ဆက်တွဲ မေးခွန်းများ၊ ခေါင်းစဉ်နှင့် မဆိုင်သော မေးခွန်းများကိုလည်း ခွင့်ပြုခဲ့ပါသည်။

### တက်ရောက်သူများ

လေးအုပ်ဆွေးတပွဲစီတွင် တက်ရောက်သူ ငါးဦးနှင့် တစ်ဆယ့်တစ်ဦးကြား ရှိပြီး တဦးစီကို ပထဝီဝင် အနေအထားအရ ဖြစ်စေ၊ ခေါင်းစဉ်အရဖြစ်စေ (ဥပမာအားဖြင့် လိင်လုပ်သားများကို ရန်ကုန်တွင် လူတွေ့မေးမြန်းခဲ့ပါသည်။) ရွေးချယ်ခဲ့ပါသည်။ တက်ရောက်သူများကို ကွဲပြားသဟအဖွဲ့လူငယ်ကွန်ယက်သော်လည်းကောင်း၊ ဗြိတိသျှကောင်စီ၏ Millennium Centres အပါအဝင် လက်ရှိ လူငယ်ကွန်ရက်များမှတဆင့် ရှာဖွေခဲ့ပါ သည်။ လေးအုပ်ဆွေး တက်ရောက်သူများရွေးချယ်ရာတွင် ရွေးချယ်လိုက်သူများသည် (ကျား-မ၊ အသက်၊ ကြွယ်ဝမှု၊ တည်နေရာ၊ ဇာတိမျိုးနွယ်စသည့်) လူဦးရေအချက်အလက်အရ ကွဲပြားသည့် အုပ်စုအမျိုးမျိုးကို မလွဲမသွေ ကိုယ်စားပြု နေစေရန် သုတေသနအဖွဲ့က  သေချာဆောင်ရွက်ခဲ့ပါသည်။

### အဓိက သတင်းအချက်အလက်ပေးသူ လူတွေ့မေးမြန်းမှု (ဓိပေးမေး) များ

အဓိက သတင်းအချက်အလက်ပေးသူ လူတွေ့မေးမြန်းမှု အကြိမ် ၂၀ ပြုလုပ်ခဲ့ပြီး ယာယီပူးပေါင်းအဖွဲ့အနေဖြင့် နောက်ထပ် သုတေသနအတွက် ရွေးချယ်ထားသောခေါင်းစဉ်များနှင့်စပ်လျဉ်းပြီး အဓိကပုဂ္ဂိုလ်များ၏ အမြင်သဘောထားများကို စေ့စေ့စပ်စပ် စူးစမ်းလေ့လာနိုင်စေခဲ့ပါသည်။ ဓိပေးမေးတခုစီမှာ ရင်းနှီးဖော်ရွေသောပုံစံဖြင့်ဖြစ်ပြီး တစ်နာရီခန့်စီ ကြာမြင့်ပါသည်။ ပုံမှန်အားဖြင့် ဓိပေးမေးများကို လေးအုပ်ဆွေးများနှင့်ဆက်စပ်လျက် ဆောင်ရွက်ခဲ့ပါသည်။

လူတွေ့မေးမြန်းမှုတခုလျှင် ကောက်ယူနိုင်သည့် သတင်းအချက်အလက်ပမာဏကို အများဆုံးဖြစ်စေရန် တက်ရောက်သူ များကို ရွေးချယ်ပါသည်။ သတင်းအချက်အလက်ပေးသူများသည် ပုံမှန်အားဖြင့် လူငယ်ဘဝ၏ နယ်ပယ်တခုစီတိုင်းတွင် ထိုးထွင်းအမြင်ရှိသည့် လူငယ်များဖြစ်ပါသည်။ တချို့ဖြစ်ရပ်များတွင် လေးအုပ်ဆွေးများအတွင်း တက်ရောက်သူတဦးစီက အချက်အလက် စုံစုံများများ ပေးနိုင်သူများအဖြစ်  တွေ့မြင်ရပါသည်။ လေးအုပ်ဆွေး တက်ရောက်သူများကဲ့သို့ ပင်၊ ဓိပေးမေးများတွင် ကျား-မ၊ အသက်၊ ဘာသာရေး နောက်ခံစသည့်အချက်များ ကျယ်ကျယ်ပြန့်ပြန့် မတူကွဲပြားသူများ မလွဲမသွေ ပါဝင်စေရန် အထူးအလေးထားဆောင်ရွက်ခဲ့ပါသည်။

### အချက်အလက်ကောက်ယူခြင်း (၃) - လူငယ် မူဝါဒ အလုပ်ရုံ ဆွေးနွေးပွဲများ

အရည်အသွေးပိုင်း ကိန်းဂဏန်း အချက်အလက် ကောက်ယူခြင်းနှင့်အတူ လူငယ် မူဝါဒ အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပခဲ့ပါသည်။ ယာယီပူးပေါင်းအဖွဲ့က တရက်တာ မူဝါဒ အလုပ်ရုံ  ဆွေးနွေးပွဲများကို မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခုတွင် ကျင်းပခဲ့ပြီး တပွဲစီတွင် လူငယ်ကိုယ်စားလှယ် ၂၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။ လေ့လာချက်မှ ထွက်ပေါ်လာသော တွေ့ရှိချက်များကို ဆန်းစစ်လေ့လာရာတွင် သုတေသနအဖွဲ့နှင့်အတူ ဝိုင်းဝန်းဆွေးနွေးရန် တက်ရောက်သူများကို ဖိတ်ခေါ်ခဲ့ပါသည်။ မူလက လူငယ် မူဝါဒ အလုပ်ရုံ ဆွေးနွေးပွဲများတွင် အရေအတွက်ပိုင်းအရရော အရည်အသွေးပိုင်းအရပါ  အချက်အလက် ကောက်ယူမှု ကိရိယာတန်ဆာပလာ များကို သုံးရန်ရည်ရွယ်ခဲ့သော်လည်း စီမံကိန်းအကောင်အထည်ဖော်ရာတွင်  နှောင့်နှေးမှုများကြောင့် လူငယ် မူဝါဒ အလုပ်ရုံ ဆွေးနွေးပွဲများ တွင် ဆန်းစစ်လေ့လာခဲ့သော တွေ့ရှိချက်များမှာ အဓိကအားဖြင့် အရေအတွက်ပိုင်းအရ စစ်တမ်းဖြစ်သွားပါသည်။ အစိုးရ၏ အဆင့်အသီးသီးကိုသာမက အခြားဆောင်ရွက်နေသူများ၊ အထူးသဖြင့် လူငယ်များကိုပါ ချိန်ရွယ်သော ခိုင်မာသည့်မူဝါဒ အကြံပြုချက်များ ရှာဖွေဖော်ထုတ် ရေးဆွဲ ရောက်ရှိသွားအောင် သုတေသနအဖွဲ့က လူငယ်ကိုယ်စားလှယ်များကြား ဆွေးနွေးမှုများကို  ဦးဆောင်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲများတွင် မတူကွဲပြားသော လူငယ်ကိုယ်စားလှယ်များ ပါဝင်စေရန် သုတေသနအဖွဲ့က ဆောင်ရွက်ခဲ့ပါသည်။ ကိုယ်စားလှယ်များကို ကွဲပြားသဟအဖွဲ့၏ ပိုမိုကျယ်ပြန့်သော လူငယ်ကွန်ရက်မှ၊ နောက်ခံအမျိုးစုံမှသာမကဘဲ ဗြိတိသျှကောင်စီ၏ Millennium Centres များမှပါ ရွေးချယ်ခဲ့ပါသည်။ မတူကွဲပြားမှုများက မူဝါဒဦးစားပေးအမျိုးမျိုးနှင့် စပ်လျဉ်းသည့် ကြွယ်ဝသော ဆွေးနွေးချက် မလွဲမသွေ ပေါ်ထွက်လာအောင် အလုပ်ရုံဆွေးနွေးပွဲတိုင်းက လုပ်ဆောင်ခဲ့ပါသည်။

မူဝါဒ အလုပ်ရုံ ဆွေးနွေးပွဲများကို နည်းစနစ်ပိုင်း ကျွမ်းကျင်သူလည်းဖြစ်၊ ကွင်းဆင်း မန်နေဂျာလည်းဖြစ်သည့် Constant Courtin ၊ ဒုတိယအဖွဲ့ခေါင်းဆောင် Morten Nygaard Christensen တို့မှ ကွဲပြားသဟအဖွဲ့ ဝန်ထမ်း၏ တပြိုင်နက်ဘာသာပြန်မှုနှင့်အတူ  ပံ့ပိုးကူညီခဲ့ကြပါသည်။


HILLGROVE
SECONDARY SCHOOL
Vito

CMC provides research, monitoring and evaluation, and technical assistance in challenging, conflict-affected and post-conflict areas. We work for international organisations, governments and civil society, deploying multinational and highly specialised teams of experts. Our staff offer in-depth thematic expertise in a number of areas, including on topics like social tension/cohesion, peacebuilding, stabilisation and migration, and have served organisations across the Middle East, Europe, Africa and Asia.

The Center for Diversity and National Harmony (CDNH) is an independent non-governmental organisation established with an overall objective to enhance social harmonisation, peaceful coexistence and mitigation of violence in Myanmar. CDNH builds on the research capacity and the community networks of many of the researchers and field staff who were involved in the investigation, data collection and preparation of reports on communal violence that has occurred in Myanmar.

VSO is an international development agency which believes in the power of volunteering to bring about long-lasting, transformational change. VSO has been working in Myanmar since 2014 and has two programmes: education, and equality and inclusion. Integrated into all of our programmes are the VSO core approaches of social inclusion and gender, social accountability and resilience.

The British Council is the UK's international organisation for cultural relations and educational opportunities. We create friendly knowledge and understanding between the people of the UK and other countries. We do this by making a positive contribution to the UK and the countries we work with – changing lives by creating opportunities, building connections and engendering trust.

The Next Generation series is part of the British Council's commitment to exploring youth voice and choice. It aims to understand youth attitudes and aspirations, amplify youth voice and support better youth policymaking. The reports focus on young people in countries experiencing a period of significant change, to ensure that young people's voices are heard and their interests represented in decisions that will have lasting implications for their lives.

**www.britishcouncil.org/research/next-generation**

Photography: page vi © Mat Wright
All other images © Boothee Thaik Htun

**© British Council 2019/J200**
The British Council is the United Kingdom's international organisation for cultural relations and educational opportunities.